


www.burmeseclassic.com
သင်မြတ်နိုး
ထာဝရအရိပ်
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (မြ-၁၀၀၉၈)
(ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၃လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၀၉၄

၈၉၅-၀၃
သင်မြတ်နိုး
ထာဝရအရိပ်/သင်မြတ်နိုး။ ရန်ကုန်။
ရဲအောင်စာပေ။ ၂၀၁၃။
(၂၅၆)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) ထာဝရအရိပ်


BURMESE CLASSIC .com

အခန်း ( ၁ )

နှင်းတွေ ဝိတ်ဝိတ်မှုန်နေသော နံနက်ခင်း တစ်ခုတွင် သူမအား သူစတင်တွေ့ဆုံခဲ့သည်။

ဆောင်းရဲ့နံနက်ခင်း ...

ကောင်မလေးက အားကစားဝတ်စုံလေးနှင့် ...

သူ ... အားကစား ဝါသနာပါလွန်းတာတော့ မဟုတ်ပေမဲ့ ညီက ဖွတ်အတင်း ခေါ်နေတာနှင့် လမ်းထွက်လျှောက် ဖြစ်သည်။

"ဆောင်းနံနက်ခင်းတွေ ဆိုတာ လမ်းလျှောက်ရတာ အရမ်းကောင်းတယ် ကိုကိုရ"

ညီညီက အားကစား ဝါသနာပါလွန်းနေတာ တွေ့ရသည်။

သူကတော့ အေးအေးဆေးဆေးပါပဲ။ ပညာရေးကလွဲပြီး ဘာကိုမှ စိတ်ဝင်စားတဲ့ကောင်မဟုတ်ဘူး ... ။

အားကစားလည်း မလုပ်နိုင်ပါဘူး။ မနက်ဆို စောစောထဖို့တောင် အတော်လေး ကြိုးစားနေရတယ် ... ။

ညကျတော့ အိပ်ရာဝင် နောက်ကျတယ်လေ ...

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



**စေတတ် —**

**အလုပ်ဘိစွဲတွေ** လုပ်နေရသေးတယ် ...

**ညီကာ —**

ဆယ်တန်းတော့ အောင်ပြီးပြီ ...

နည်းပညာကောလိပ်တက်ဖို့ လျှောက်ထားဆဲ ဖြစ်နေတယ်။

အလုပ်အားနေတော့ ...

သင်တန်းတွေတက် ...

အားကစားလုပ် ...

ဆောင်းရာသီဖြစ်တော့ ညီအတွက် အတော်ပဲ ဖြစ်နေသည်။

"ကိုကို"

"ဟင်"

"ကိုယ်လက် လေ့ကျင့်ခန်းလေး ဘာလေး လုပ်လေ ... တစ်ယောက်တည်းထိုင်ပြီး ... ဘာတွေ စဉ်းစားနေတာလဲ ကိုကို"

သူ တစ်ယောက်တည်းထိုင်ပြီး စဉ်းစားနေတာက စောစောက တွေ့လိုက်ရတဲ့ ကောင်မလေးတစ်ယောက်အကြောင်းဖြစ်သည်။

သူရှေ့မှာ ကိုယ်လက်လေ့ကျင့်ခန်း လာလုပ်နေသော ကောင်မလေးသည် ညီရောက်လာတဲ့အချိန်တွင် မရှိတော့။

မျက်ဝန်းနက်နက်လေး တစ်စုံ ...

ဖြူဝင်းအိစက်နေတဲ့ အသားဝင်းဝင်းလေး ...

အနက်ရောင်ထရက်စု ...

ပြီးတော့ ...





ပန်းနုရောင်ပြေးနေတဲ့ နှုတ်ခမ်း ထူထူအမ်းအမ်းလေး ...

သူ ... ကဗျာဆန်နေတာပါလား ... ထူးဆန်းတယ် ... ။

ဘယ်တော့မှ ကောင်မလေးတွေအကြောင်း စဉ်းစားတွေးတောတတ်သူလည်း မဟုတ်။

အံ့သြစရာပဲ ... ။

သူ ... ဒီကောင်မလေးအကြောင်းတွေကိုပဲ စဉ်းစားနေမိသည်။

"ကိုကို"

"ဟင်"

"ဘာတွေ စဉ်းစားနေတာလဲ ... လုပ်ငန်းအကြောင်းတွေလား ... ဟုတ်ပါတယ် ... ကိုကိုစဉ်းစားနေတာ လုပ်ငန်းအကြောင်းတွေပဲ မဟုတ်လား ... အခုလို အနားယူနေတဲ့အချိန်မှာ အလုပ်တာဝန်တွေကို မစဉ်းစားသင့်ဘူးလို့"

သူက အလုပ်တာဝန်တွေကို အလေးအနက် ထားတတ်တာကို ညီက သိနေသည်။

မဟုတ်ဘူး ညီရေ ...

ကိုကို စဉ်းစားနေတာက ... ကောင်မလေးတစ်ယောက်အကြောင်းလို့ ... မပြောဖြစ်။

ညီညီ့ရှေ့မှာ မလေးစားချင်စရာ အပြုအမူ အနေအထိုင်မျိုးတွေ သူဘယ်တော့မှ မနေခဲ့။ တည်တည်တံ့တံ့ပင် သူ နေထိုင်တတ်ခဲ့သည်။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဒီနေ့ ... ကိုကို ထူးခြားတယ်"

"ဘာမှ မထူးခြားပါဘူး ညီ"

"ကိုကို့ မျက်ဝန်းတွေက ဆွေးမြည့်ကြေကွဲနေသလိုပဲ"

"အဟက်"

"ကိုကို"

"ကိုကို ပျင်းလို့ပါ။ ညီ့လို ကိုကိုက အားကစားဝါသနာ မပါဘူးလေကွာ"

"ဒါကြောင့် ညီက တမင်ခေါ်လာတာလေ ... ကိုကို့ကို ကြည့်လိုက်ရင် အမြဲတမ်း ပင်ပန်းနွမ်းနယ်မှုတွေနဲ့ပဲ ရှိနေတယ်၊ မဖြစ်သင့်ဘူးထင်တယ် ကိုကို"

ညီက သူ့ကို သိပ်ချစ်တယ် ... လေးလည်း လေးစားတယ်။

သူတို့ ညီအစ်ကိုနှစ်ယောက်က သိပ်ချစ်ကြတဲ့ ညီအစ်ကို တွေပါပဲ။

ဖေဖေနဲ့မေမေတို့ရဲ့ စည်းစနစ် ကြီးမားပြီး ခေတ်မီတဲ့ သွန်သင်ဆုံးမ အုပ်ထိန်းမှုအောက်မှာ ကြီးပြင်းလာခဲ့ရသူတွေလေ။

ကိုယ့်တာဝန်နဲ့ကိုယ် ကျေပွန်အောင် ကြိုးစားလုပ်ဆောင် ကြရတယ်။

ပညာသင်မဲ့ အချိန်မှာလည်း ပညာကို ထူးချွန်အောင် သင် ကြရတယ် ... သူရော ညီပါ ဂုဏ်ထူးတွေ တန်းစီထွက်ပြီး အောင်မြင် ကြသည်။

မိန်းကလေးတွေနှင့် ပတ်သက်ပြီးတော့ ကိုယ်ပိုင် ဆုံးဖြတ်





ချက်တွေ ဘာတွေ လုံးဝမရှိ။ မိဘသဘောကျ ရွေးချယ်ပေးသော မိန်းကလေးတစ်ယောက်ကိုသာ လက်ထပ်ရမည်တဲ့။

ရွေးချယ်ပိုင်ခွင့် မရှိ ... ။

ထို့ကြောင့်ပင် ...

သူ ... ဘယ်တော့မှ မိန်းကလေးတစ်ယောက်ကို စိတ်ဝင် စားဖို့ မစဉ်းစားခဲ့ပေ။

ဖေဖေက မရ ... မိသားစုအပေါ်တွင် သြဇာညောင်းသည်။

စည်းစနစ်ကြီး၏။ တာဝန်ကျေသည်။

သားတွေအပေါ်လည်း လိုအပ်တာထက်ပိုပြီး အလိုလိုက် တာမျိုးတွေ မလုပ်ခဲ့ ... တည်တည်ကြည်ကြည်ပဲ ဆက်ဆံခဲ့သည်။

အထူးသဖြင့် ... မေမေ့ကိုပဲ။

ဇနီးမယားအပေါ် အလွန်အမင်း ထိန်းချုပ်ထားနိုင်လွန်း သည်ဟု သူ ထင်ခဲ့သည်။

မေမေက အကြင်နာတရား ကြီးမားသူ ... သံယောဇဉ် တွယ်တာတတ်သူ ... နူးညံ့သိမ်မွေ့သူ ... ဖေဖေ့ထက်လည်း နွမ်းပါးသူတဲ့။

မေမေ့အပေါ် ဖေဖေသည် သြဇာညောင်းလွန်းသူ ဖြစ်နေ သည်။ သူတို့ညီအစ်ကိုနှစ်ယောက်လုံး မေမေ့အပေါ် ပို၍ သံယော ဇဉ် တွယ်တာကြ၏။ ချစ်ခင်ကြသည်။ သနားမိကြ၏။

မေမေ့ စိတ်ချမ်းသာမှုတွေကို ငယ်စဉ်ကပင် ပေးစွမ်းနိုင် ဖို့ ကြိုးစားခဲ့ကြသည်။

ညီအစ်ကိုချင်း ပြဿနာဖြစ်တာကို မလိုလားတတ်သော ဖေဖေ့စိတ်တွေ ကျေနပ်အောင် နေထိုင်ပြုမူတတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အဓိက ... မေမေ စိတ်ချမ်းသာဖို့ပဲ။

"မင်းသားတွေကို ဆုံးမသွန်သင်ဖို့ မင်း တာဝန်ပဲ ... မင်း မိခင်ကောင်းတစ်ယောက် ပီသပြရလိမ့်မယ် မနှင်းစက်"

ဘာမဆို သူတို့ညီအစ်ကိုနှစ်ယောက်နှင့် ပတ်သက်တဲ့ ကိစ္စ အဝဝ မေမေ့ခေါင်းပေါ် မှာပဲ ရှိနေတတ်ခဲ့သည်။

မေမေ အပြစ်တစ်စုံတစ်ရာ ပျက်ကွက် ကျူးလွန်မိသွား လျှင် ဖေဖေ မညှာမတာ ဆူပူအပြစ်တင်တတ်လေ့ရှိ၏။

သူတို့လည်း ဒီလိုပါပဲ ... ဖေဖေက ကိုယ့်တာဝန် ကိုယ်ကျေ တာမျိုး သဘောကျ နှစ်သက်တတ်သည်။

ထူးချွန်ထက်မြက်တာ လိုလား၏။ တော်စေချင်သည်။

အရာရာ ... တတ်မြောက်စေချင်သည်။ ဖေဖေက ငွေရှာ၏။

မိသားစုဝင်တွေအားလုံး မကြောင့်မကြ မတောင့်မတ နေနိုင်ရန် ကြိုးစားသည်။ စည်းစနစ်ကြီးတာကလွဲပြီး မိသားစုဝင်တွေ အားလုံးကိုတော့ ကိုယ်ပိုင်လွတ်လပ်ခွင့် အနည်းငယ်တော့ ပေး တတ်၏။

ဥပမာ ... ညီက ဆေးတက္ကသိုလ်အမှတ် မီပါလျက်နှင့် နည်း ပညာကောလိပ် တက်တာမျိုး ... ဘာမှ အတင်းအကျပ် မလုပ်။ ထူးချွန်ထက်မြက်ဖို့ပဲ အဓိကထားသည်။

အားကစား ဝါသနာပါသော ညီအား အမြဲတမ်းအားပေး ခဲ့၏။ ကိုယ်ဝါသနာပါတာက ဖေဖေတို့ စည်းကမ်းဘောင်ထဲမှာ ရှိ နေလျှင် ခွင့်လွှတ်တတ်သည်။

"မင်းတို့ညီအစ်ကိုရဲ့ အနာဂတ်ကို ဖေဖေ အသက်ရှင်နေ သရွေ့ ချုပ်ကိုင်ထားရမှာပဲသား ... နောက်ဆုံးကွာ အိမ်ထောင်





ဘက်ကိုတောင် ဖေဖေတို့ သဘောကျ နှစ်သက်တဲ့ မိန်းကလေး တစ်ယောက်နဲ့ပဲ လက်ထပ်ရမယ် ... မင်းတို့ကို စောစောထဲက ကြိုတင်ပြောထားမယ်နော် ... သားကိုရော သားညီရော မိန်း ကလေးတွေနဲ့ ပတ်သက်ပြီး အကင်းရှင်းဆုံးနေကြပါ"

ဖေဖေ အမိန့် ... သူရော ညီပါ လိုက်နာဆောင်ရွက်ကြသည်။

အဓိက ... မေမေ စိတ်ချမ်းသာဖို့ပဲ။

သားဆိုးသားမိုက်တွေရဲ့ မိခင်တစ်ယောက်ဘဝ မရောက် စေလိုပေ။

စီးပွားရှာခြင်းအလုပ် လုံးဝမလုပ်စေရဘဲ ဖေဖေက မေမေ့ ကို ကြီးလေးတဲ့ တာဝန်တစ်ခုပေးထားတာက သားတွေ အနာဂတ် ရှုပ်ကောင်းမွန်ဖို့ ဆုံးမသွန်သင်ရမည့် တာဝန်ပင်ဖြစ်သည်။

မေမေက ရိုးအတယ် ... အေးချမ်းတယ် ... သားတွေကို အရမ်းချစ်ပြီး အလိုလိုက်ချင်တယ် ... ဖေဖေ့ကိုလည်း ကြောက်ရွံ့ နေထိုင်စားရတော့ သားတွေအပေါ် ပြောသင့်သလောက် ပြောဆို ဆုံးမတတ်တာမျိုးပဲ ရှိသည်။

သူတို့ကလည်း အလိုက်သိတတ်ပါတယ် ... မေမေ စိတ် ချမ်းသာအောင် နေကြတယ် ... ဖေဖေ့ပုံစံခွက်ထဲဝင်အောင် နေထိုင်တတ်ကြပါတယ်။ သားလိမ္မာတွေပဲ ဖြစ်စေခဲ့ကြတယ်။

ဖေဖေက မေမေ့အပေါ် ပြစ်တင်ဆူပူကြိမ်းမောင်းမှာ အကြောက်ဆုံးပဲ ... မေမေက အပြစ်မဲ့သူပါ။

မိသားစုတွေထဲမှာ မေမေက အနိုမိခံ မိန်းမတစ်ယောက် ဖြစ်နေခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက လုံးဝအထင်မကြီးဘူး။ အထင်သေးနေတတ်တယ်။ အိမ်မှုကိစ္စတစ်ခုပဲ ထိန်းသိမ်းဖို့ အသုံးကျတဲ့ မိန်းမတစ်ယောက်တဲ့။

အဘြစ်လို့လဲ ... သူတို့ ခုထိမသိကြ။

မေမေက ရင်ထဲမှာရှိတာတွေ ဘယ်တော့မှ သားတွေကို ထုတ်ဖော်မပြောတတ်။

လင်ယောကျာ်း တစ်ယောက်အပေါ်လည်း ဘယ်တော့မှ အပြစ်မတင်တတ်။

သူတို့ စိတ်ထဲမှာတော့ မေမေသည် ကြီးကျယ်မြင့်မြတ်သော မိန်းမတစ်ယောက်ပင်။ ညီက အားကစား လေ့ကျင့်ခန်းလုပ်ရင်း သူ့မြင်ကွင်းမှ ပျောက်သွားသည်။

အပြေးလေ့ကျင့်တာ ညီ့ဝါသနာပဲ ...

အမြဲတမ်း ... လျှင်မြန်ဖျတ်လတ်မှု ရှိနေတတ်သော ညီသည် အပြေးလေ့ကျင့်မှုတွေကို ငယ်စဉ်လေးတည်းကပင် ဝါသနာထုံတတ်သည်။

သူက အတွေးသမား။ အားကစားထက် သူ့ကိုယ်လက်လှုပ်ရှားမှုအလုပ်က လုပ်ငန်းတာဝန်တွေပင် ...

ဖေဖေ့ ကုမ္ပဏီက ဒါရိုက်တာတစ်ယောက် ...

အလုပ်သင်ကာစ ... ဖေဖေက အရမ်းမောင်းတယ်။

သားတွေကို လွှဲအပ်ချင်ပြီတဲ့။ သူက သားကြီး ...

"မင်းမှာ တာဝန်ပိုရှိတယ်"

ဖေဖေ့စကားကို ဆန့်ကျင်ရန် သူတို့ ဘယ်တော့မှ မစဉ်းစား





ခဲ့ပေ။

နာခံတတ်လေ့ ရှိသည်။ အလေ့အကျင့်ပဲ ...

ဖေဖေ သေဆိုသေ ... ရှင်ဆိုရှင်။

မိသားစုဝင်တွေအားလုံး ထားရာနေ စေရာသွားကြရသည်။

"ကိုကို တစ်နေ့ တစ်နေ့ လုပ်ငန်းတာဝန်တွေ များပြားနေတာ ကိုယ်လက်လှုပ်ရှားမှု ဘာမှ မရှိဘူး ... ဒီမနက်တော့ ညီနဲ့ လိုက်ခဲ့နော်"

ညီက အတင်းခေါ်သည်။ သူ ... လိုက်ခဲ့မိသည်။

အစုကြည့် ... အားကစားလေ့ကျင့်ခန်းတွေကို လိုက်လုပ်ဖို့ အထိ စိတ်မဝင်စား။ နည်းနည်းပါးပါးလုပ်ပြီး ပင်ပန်းသလို ဖြစ်လာသဖြင့် ထိုင်နေမိသည်။

ကောင်မလေးတစ်ယောက် ... တော်တော် စိတ်ဝင်စားရကောင်းတဲ့ အလှအပတွေကို ပိုင်ဆိုင်ထားတာပဲ။

ဘယ်ရောက်သွားလဲ ... ညီလိုပဲ အပြေးလေ့ကျင့်နေပုံ ရသည်ဟု ထင်မှတ်မိလာရသည်။

"ကိုကို"

"ဟင်"

ညီ ... သူ့အနား ပြန်ရောက်လာသည်။

ညီကို မော့ကြည့်မိလိုက်တဲ့ သူ့မျက်ဝန်းတွေ ပြူးကျယ်ဝိုင်းစက်သွားရ၏။

ကောင်မလေး ... ညီနဲ့အတူ တွဲရပ်လို့။

"သူက ညီ့သူငယ်ချင်းလေ ... မဟေသီတဲ့"

"မဟေသီ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စိတ်ဝင်စားနေတဲ့ ကောင်မလေးက မဟေသီတဲ့။ ထူးဆန်းအံ့သြစရာကောင်းတာက ညီနဲ့အတန်းဖော် သူငယ်ချင်းတဲ့။

"သန်လျင် နည်းပညာကောလိပ်ကပဲလေ ကိုကို"

"ဩော် ... တွေ့ရတာ ဝမ်းသာပါတယ် မဟေသီ"

သူမ မျက်ဝန်းတောက်တောက်လေးတွေနှင့် ဖျတ်ခနဲ ရင်ဆိုင်မိသည်။

နှုတ်ခမ်းဖူးဖူးအိအိလေးတွေက ပြုံးရောင်သမ်းသွား၏။

"မဟေသီ ... ဒါ တို့ကိုကို ရောင်နီတဲ့၊ ရောင်စဉ်လှိုင်း ကုမ္ပဏီရဲ့ ဒါရိုက်တာပေါ့။ စက်မှုတက္ကသိုလ်က ဘီအီးဘွဲ့ ရပြီးသား"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

"ကိုကို ... မဟေသီက ညီတို့ မေဂျာမှာတော့ Queen လေ"

"Queen လား ... ဟုတ်လား"

"ရောင်စဉ်ကလည်း"

ညီ့ကို လှမ်းရိုက်လိုက်သည်။

"မဟုတ်လို့လား"

"ကိုကို မယုံနဲ့နော် ... ကျွန်မက အဲ့ဒီလောက် မလှပါဘူး မေဂျာမှာ ကျွန်မထက် ချောမောလှပတဲ့ မိန်းကလေးတွေ အများကြီးပါ"

ကိုကိုတဲ့ ... သူ ... ရင်ခုန်သွားသည်။

ဘာဖြစ်တာလဲ ...

မိန်းကလေးတစ်ယောက်အတွက် အဲ့ဒီလောက်ကြီး မတော်လှုပ်သင့်ဘူး ...

သူက မိန်းကလေးတွေနှင့် အနေဝေးတာလည်း ဖြစ်နိုး





သည်။ ဖေဖေ့ရဲ့ အမိန့်အာဏာဆန်သော စကားတွေကို နာခံခြင်းသာဖြစ်၏။

ညီကရော ... ဒီကောင်မလေးက ...

သူ ... ရင်ခုန်မိတာတော့ အမှန်ပဲ ဖြစ်သည်။

ကောင်မလေးနှင့် ညီ ... ဘယ်လို ပတ်သက်နေလဲ။

"သွားမယ်နော်"

နှုတ်ဆက်သည်။

ကားလေးတစ်စီးပေါ် ကောင်မလေး တက်သွားတော့၏။

"ညီ"

"ကိုကို"

"ဘာလဲကွ"

"အဟက်"

"ညီနဲ့"

"ရိုးရိုးပါ"

"နဖေလေက"

"ညီ သိပါတယ် ... မဟေသီက လူသိများတယ်၊ Quee လေ၊ အားလုံးစိတ်ဝင်စားကြတယ်၊ ညီနဲ့က အတန်းသားချင်းတွေဆိုတော့ ဒီလိုပဲ ခင်မင်နေတာပါ"

"ညီ"

"ပြောလေ ကိုကို"

"မင်း ဒီကောင်မလေးအပေါ် သာမန်ထက်ပိုပြီး စိတ်ဝင်စားမိသွားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

ညီက ချက်ချင်း အဖြေပေးသည်။

"ညီကတော့ ဖေဖေ့စကားတွေကိုပဲ အလေးအနက် ထားရမယ်လေ၊ အဓိက မေမေ စိတ်ချမ်းသာဖို့ပဲ၊ ညီရော ကိုကိုပါ ဖေဖေ ရွေးချယ်မဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်ရမှာလေ"

"ဟုတ်တယ်"

သူ ... သဘောပေါက်သင့်တယ်။

ဒီကောင်မလေးဟာ ဖေဖေ နှစ်သက်သဘောကျတဲ့ မိန်းကလေးတစ်ယောက်တော့ လုံးဝမဖြစ်နိုင်ဘူး။

"ယောကျ်ားတစ်ယောက် လက်ထပ်သင့်တာက မင်းအမေလို ရိုးအထုံထိုင်းတဲ့ မိန်းမမျိုးကိုပဲ သားကြီး"

မေမေ့ကို ဖေဖေက စည်းစနစ်ကြီးစွာဖြင့် နေထိုင်ပြောဆိုစေသည်။ အိမ်ထောင်ရေးကို ထိန်းသိမ်းနိုင်တဲ့ မိန်းမတစ်ယောက်အဖြစ်ပဲ ဆက်ဆံပေါင်းသင်းသည်။

တတွဲတွဲ သွားလာလှုပ်ရှားတာမျိုးလည်း မရှိ။

ဖေဖေ့ဆန္ဒအတိုင်း နေသူ။ အေးစက်လွန်းတဲ့ မိန်းမ ... ရောင့်ရဲတတ်လွန်းတဲ့ မိန်းမ။

သူတို့ကတော့ အထင်ကြီးသည်။ လေးစား၏။

အပြန်မှာတော့ သူ့စိတ်တွေ လေးလေးလံလံကြီး ဖြစ်နေရသည်။

---

အခန်း ( ၂ )

သူသည် ... ဣန္ဒြေသိက္ခာ ကြီးမားစွာ နေတတ်သော ယောကျ်ား ဖြစ်သည်။

ထိုနေရာတွင် ... ဖေဖေနှင့် တူသည်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးအောင်တော့ သူ နေထိုင်တတ်လေ့ရှိ၏။

ဖေဖေသည် အမြဲတမ်း တည်ငြိမ်ခန့်ညားစွာဖြင့် နေတတ်လေ့ ရှိသည်။

ဒါပေမဲ့ ...

စိတ်ဝေဒနာတွေ တစ်ခုခု ခံစားနေရသလို ရှိသည်။

မေမေကလည်း ရိုးသားအေးချမ်းစွာ နေတတ်တော့ ဖေဖေနှင့် ကင်းကွာနေသလို ဖြစ်နေရသည်။

သူတို့မိသားစုဝင်တွေရော မေမေပါ ဖေဖေ့ကိုတော့ ရိုသေလေးစားကြရ၏။ အေးစက်တင်းမာသော ဖေဖေ့ မျက်ဝန်းမျိုးတော့ သူ့မှာ ရှိမနေပေ။ ကောင်မလေးကို သူ သတိရနေမိသည်။

မဟေသီတဲ့ ...

ကိုယ့်ထက် ငယ်ရွယ်ပြီး ညီရဲ့သူငယ်ချင်းမလေးအပေါ် သူ

ဖိုးလပြည့်တာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်အထိ မစွဲလမ်း မနှစ်သက်သင့်ဟု ထင်မိသည်။

စိတ်တွေကို ထိန်းချုပ်မှ … မဖြစ်သေးပါဘူး …

သူ … စောင့်စည်းအပ်တဲ့ ဝတ္တရားတွေ ရှိတယ် …

မဖြစ်နိုင်တဲ့ အရာတစ်ခုကို မလုပ်တာ အကောင်းဆုံးပဲ မဟုတ်လား … အားလုံး စိတ်ဆင်းရဲ သောကရောက်မှုတွေ မဖြစ်ပေါ်တော့ဘူး။

"ရောင်နီ"

"ဗျာ … ဖေဖေ"

"သားက ဖေဖေ့သားတွေထဲမှာ အကြီးနော်၊ သားကို ဖေဖေက စံပြဖြစ်အောင် သွန်သင်ဆုံးမနိုင်မှ အငယ်ကောင်ရဲ့ အနာဂတ်က လှပနိုင်မယ်သား"

သူကို ဖေဖေက ချုပ်ကိုင်ထားသည်။

လုပ်ငန်းကိုင်ငန်းတွေကအစ လွှဲအပ်ထားခဲ့၏။

"မင်း စံပြနေရမယ်"

ဖေဖေ့ အမိန့်ပဲ … စံပြနေရမယ်တဲ့ …

"ဖေဖေ့ သဘောဆန္ဒ ဘာမှမပါဘဲ မင်းလုပ်ပိုင်ခွင့်တစ်ခုမှ မရှိဘူးနော်"

သူ … စိတ်တွေ လေးလံနေမိသည်။

ရင်ထဲမှာ … မွန်းကျပ်နေမိသည်။

ကောင်မလေး … မင်းကို သတိရနေတယ် …

ဘာမဟုတ်တဲ့ ကောင်မလေး တစ်ယောက်ကိုမှ သူ စိတ်ဝင်စားနေတာ အဓိပ္ပာယ်မဲ့လွန်းသည်။

မတတ်နိုင်ဘူး … ကောင်မလေးကို သတိရနေမိသည်။





သူ …

လိုက်သွားရင် ကောင်းမလား … မဖြစ်သေးပါဘူး …

သူက ကောင်မလေးနှင့် သက်တူရွယ်တူတွေမှ မဟုတ်တာဘဲ … ပြီးတော့ … လုပ်ငန်းရှင်တစ်ယောက်။

စီးပွားရေးလုပ်ငန်းတွေကို ဦးဆောင်နေသူတစ်ယောက်ဖြစ်တဲ့အပြင် … တည်ကြည်ခန့်ညားစွာ နေထိုင်ခဲ့သူတစ်ယောက်ဖြစ်သည်။

"သားကို ဖေဖေ အားကိုးတယ်"

ဖေဖေ့ စကားတွေက သူ့ကို ချုပ်ကိုင်လိုက်သလို ဖြစ်နေခဲ့သည်။

"မင်းက အကြီး … အငယ်ကောင်ရဲ့ ရှေ့ဆောင်လမ်းပြပဲ ဖြစ်သင့်တယ်နော်"

ဖေဖေသည် သူ ပြောထားတဲ့ စကားတွေကို နာခံကျင့်သုံးမှ သဘောကျတတ်သူတစ်ယောက် ဖြစ်နေသည်။

"သားအတွက် ဖေဖေ ရွေးချယ်ထားပြီးသားနော်"

ဖေဖေက ပြောခဲ့သည်။

သူ့အတွက် လက်ထပ်သင့်တဲ့ မိန်းကလေးတစ်ယောက်ကို ဖေဖေက ရွေးချယ်ထားပြီးသားဟု ပြောခဲ့၏။

အချစ်ဆိုတာ ဘယ်မှာလဲ …

တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေဆိုတာ ဘာမှမရှိ …

ဖေဖေနှင့်မေမေ့ အိမ်ထောင်ရေးသည်လည်း အေးစက်လှ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

အချစ်မရှိ ... ။ အကြွင်းနာ အယုယတွ မရှိ ...

ပတ်သက် ဆက်ဆံမှုတွေကလည်း မလွှဲမရှောင်သာ၍ အလုပ်သဘောမျှသာ ...

မေမေက ထားရာနေ စေရာသွား ...

ဘာကြောင့်လဲ ... သူတို့မသိ။

မေမေသည် ဖခင်မကောင်းကြောင်းကို ဘယ်တော့မှ သားတွေကို ပြောပြလေ့မရှိ ...

ရောင့်ရဲတင်းတိမ်လွန်းသော မိခင်ပင် ...

"ကိုကို"

"ဟင်"

"ညီ ကျောင်းသွားတော့မယ်"

ကိုကိုလည်း လိုက်မယ်ဆိုတဲ့ စကားကိုပြောဖို့ သူ ဝန်လေးနေမိသည်။

ကောင်မလေးကို တွေ့ချင်တယ် ...

မင်းနှုတ်ခမ်း အိအိစက်စက်လေးတွေ၊ မင်းမျက်ဝန်းလေးတွေ၊ မင်းနှာခေါင်းစင်းစင်းလေးတွေကို ကိုယ်အမှတ်ရနေမိ၏။

ရင်ထဲမှာ လေးလံနေသလိုပဲ။

"ကိုကို အလုပ်မသွားသေးဘူးလား"

"သွားတော့မယ်"

"ညီ သွားမယ်နော်"

ညီက နှုတ်ဆက်ပြီး ကားကို ကိုယ်တိုင်မောင်းပြီး ထွက်





သွားသည်။ သားနှစ်ယောက်လုံးမှာ ကားတစ်စီးစီ ဖေဖေက ဝယ်ပေးထား၏။

စည်းစနစ်ကြီးသော ဖေဖေသည် သားနှစ်ယောက်ရဲ့ လိုအပ်ချက်တွေကိုတော့ အတတ်နိုင်ဆုံး ဖြည့်စွမ်းပေးတတ်သည်။

မျက်နှာမငယ်စေရ ... သူများတွေထက် သာလွန်အောင် ဖေဖေက ထားတတ်သည်။

သူ ... ဒီနေ့မှ ထူးခြားစွာဖြင့် ယောင်ချာချာ ဖြစ်နေသည်။

"သား"

"မေမေ"

မေမေ အနားရောက်လာသည်။

ဝင်းလက်တောက်ပနေသော မေမေ့အပြုံးတွေကို တွေ့လိုက်ရ၏။

အိမ်မှုကိစ္စတွေနှင့် ရှုပ်ထွေးနေတတ်သော မေမေသည် သားတွေကိုတွေ့လျှင် အစဉ်အမြဲ ပြုံးချိုနေတတ်သည်။

မေမေ အလှပြင်ဆင်တာ၊ အဝတ်သစ်တွေ ဝတ်တာ၊ စိန်ရွှေလက်ဝတ်ရတနာတွေ ဝတ်စားပြင်ဆင်တာ ဘယ်တော့မှ မတွေ့ရ။ မီးသားစုတာဝန်ကိုပဲ ကျေပွန်စွာ ထမ်းဆောင်၏။

မိသားစု စားသောက်ရေးကို မေမေက ကိုယ်တိုင် တာဝန်ယူ ချက်ပြုတ်နေရသည်။

ဖေဖေက ချမ်းသာ၏။ ငွေကြေးပြည့်စုံသည်။

စည်းစိမ်ဥစ္စာတွေ ပေါများသော ဖေဖေ့ဇနီးမယား တစ်သောက်ဘဝနှင့် တင့်တယ်စွာ မေမေ ဘာကြောင့်မနေရတာလဲ။

"မေမေက အပျော်အပါးတွေ အလှပြင်တာတွေပါ ပါသနား



www.burmeseclassic.com

www.burmeseclassic.com



မှမပါတာပဲ”

ထိုဘဝမှာပင် မေမေသည် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်တတ်သူဖြစ်သည်။

သူ တစ်ခုပဲ သိထားသည်မှာ သားနှစ်ယောက် သံယောဇဉ်ဖြင့် မေမေ နေထိုင်ခြင်းဖြစ်ကြောင်းပင်။

“မေမေ”

“သားကြီး”

“ဟင်း”

“မင်း ဒီနေ့ ဘာဖြစ်နေတာလဲ သားကြီး”

“ဗျာ”

မေမေ့ အကြည့်တွေက သူ့မျက်ဝန်းတွေထဲ ထိုးဖောက်ဝင်တော့မတတ်ပင်။

သူ အထင်ကြီး လေးစားရတာက မေမေရဲ့ စူးရှထက်မြက်ပြီး အကြင်နာတရား ကြီးမားတဲ့ မေမေ့ မျက်ဝန်းတွေပါပဲ။

“သား မျက်ဝန်းတွေကက တစ်ခုခုအတွက် ကြေကွဲဆွေးမြည့်နေတဲ့ မျက်ဝန်းရိပ်တွေ ခိုနေတယ်”

သားကြီး ...

မင်း တစ်ခုခု ခံစားနေရတယ်လို့ မေမေ ထင်တယ် ...

မေမေ့ဘက်ကနေ သားတွေအတွက် ဘာတစ်ခုမှ ဖြည့်ဆည်းမပေးနိုင်ပေမဲ့ မင်းတို့စိတ်တွေ ဖြေရာအတွက် မေမေ တစ်ခုခုတော့ ပေးချင်တယ်။

“မေမေ”

“ဟင်”





“မေမေနဲ့ ဖေဖေ လက်ထပ်တာ လူကြီးတွေ သဘောတူစီစဉ်တာလားဟင်”

“ဘုရားရေ”

သားကြီး တစ်နေ့ ဒီလိုမေးခွန်းမျိုး မေးလာမယ်ဆိုတာ မိမိတွေးပြီးသားပဲ ...

“မင်းက မမေးစဖူး ထူးထူးခြားခြားပါလား သားကြီး”

“သား စိတ်ဝင်စားနေတာ ကြာပါပြီ မေမေ ... မေးဖို့အကြောင်း မတိုက်ဆိုင်သေးလို့ပါ”

“အခု တိုက်ဆိုင်နေပြီလား သား”

မိမိ ... ထင်သားပဲ ...

သားကြီး ... မင်းမှာ နှလုံးသား ခံစားချက်တွေ ရှိလာနေပြီ မဟုတ်လား။

“မင်း ... မင်း”

“ဘာမှစိတ်မပူပါနဲ့ မေမေ ... သားက ဖေဖေ ရွေးချယ်ပေးမဲ့ မိန်းမတစ်ယောက်ကိုပဲ လက်ထပ်မှာပါ”

သားရယ် ... ဒီအချက်ကို မေမေ ဝမ်းအနည်းဆုံးပဲ။

မင်းတို့ဖေဖေက မေမေ့ကိုတင် မတရားသဖြင့် အနိုင်ကျင့်ဒိုင်ကျတတ်တာ မဟုတ်ဘဲ သားတွေအပေါ်ပါ သူ ဖြစ်ချင်တာတွေ၊ သူ့စိတ်ထဲ ထင်တာတွေကို စည်းကမ်းချက်တွေနှင့် ဘောင်ခတ်ပြီး ကြိုးကိုင်ချင်တဲ့လူ။

ကိုအဂ္ဂ အတ္တကြီးတယ် ... ကြင်နာတတ်တဲ့လူ မဟုတ်ဘူး။

တစ်ယူသန်သမားတစ်ယောက် ...



www.burmeseclassic.com

www.burmeseclassic.com



မိမိ သိပါတယ် ... ဒေါ်နှင်းစက် ခံစားခဲ့ရတာပဲ ...

ကိုအဂ္ဂက မိမိအား ဘာကြောင့် လက်ထပ်ယူခဲ့ရတာလဲ ဆိုတော့ ... စိတ်ဝေဒနာ တစ်ခုကြောင့် ...

မဆီမဆိုင် ... အပြစ်ရှိတဲ့ မိန်းမတစ်ယောက်နဲ့ ဘာမှ မဆိုင်တဲ့ အပြစ်ကင်းမဲ့သော မိမိကို လက်စားချေချင်တာနဲ့ မိမိကို ယူတာ။ မိမိက ဆင်းရဲသည်။ နွမ်းပါး၏။

ရုပ်ရည်က ချောမောသဖြင့် လက်ထပ်ယူချင်တဲ့ ယောကျ်ား တွေ ဝိုင်းနေခဲ့သည်။ မိမိဖခင်ထံတွင် ယောကျ်ားတွေ အတော်များ များသည် မိမိအား လက်ထပ်ရန် တောင်းခဲ့ကြသေး၏။

အဖေက မောင်အဂ္ဂကို သဘောကျတယ်တဲ့ ...

"ရုရှင်တက်ကြွပြီး စီးပွားအရှာကောင်းတယ်၊ သမီး ချမ်းချမ်း သာသာနေရဖို့ပဲ အဖေ အဓိက စဉ်းစားရမယ်လေ"

နှင်းစက်တွင် အမေမရှိ ... ငယ်စဉ်ကလေးတည်းက အမေ ကွယ်လွန်သွား၍ အဖေနှင့် နေရသည်။

ပညာလည်း ဆယ်တန်းရောက်အောင် သင်ရတာပင် အနိုင် နိုင် ... အဖေ့လစာလေးနှင့် ဘဝကို ရုန်းကုန်နေခဲ့ရသည့်ဘဝ။

မိမိကတော့ ... ကိုအဂ္ဂကို သဘောမကျမိ။

မျက်ဝန်းတွေ ...

မိမိ အဓိက ကြည့်ရှုလေ့လာတတ်ခဲ့တာက လူတစ်ယောက် ရဲ့ မျက်ဝန်းတွေပဲ ... ကိုအဂ္ဂမရိုးသားဘူး။

မျက်ဝန်းတွေက တင်းမာခက်ထန်တယ် ...

အဖေ့ရှေ့မှာ 'ဟန်ဆောင်လက်ထပ်ခဲ့တယ်ဆိုတာ ထင်ရှား





တာပဲ ... လူပုံကချောချော ... တည်ကြည်ခန့်ညားတဲ့လူ။ ငွေကြေး တတ်နိုင်သည်။

မိမိအား ကိုအဂ္ဂ ရွေးချယ်ခြင်းသည် မရိုးသားကြောင်း အစောကြီးကတည်းက သိခဲ့၏။

"အဖေ သဘောတူတယ် ... သမီးရှေ့ရေး ကောင်းစားမှာ၊ အဖေ့ကို ဘာမှ မငဲ့ကွက်နဲ့ ... သမီးအိမ်ထောင်နဲ့ အတည်တကျ ဖြစ်သွားရင် အဖေ သာသနာ့ဘောင်ကို ဝင်တော့မယ်"

အဖေက ဖွတ်အတင်းကြီးပင် ကိုအဂ္ဂနှင့် လက်ထပ်ရန် သဘောတူသည်။ လက်ထပ်ပေးခဲ့၏။

ငြင်းပိုင်ခွင့် မရှိ ... ။ မိမိကိုချစ်ခင်မြတ်နိုးစွာ လက်ထပ်ရန် ဆန္ဒပြင်းပြကြသောသူများသည် ကိုအဂ္ဂလောက် မချမ်းသာကြ။

"မေမေ"

"ဟင်"

"ဘာတွေ စဉ်းစားနေတာလဲ"

"မင်းအဖေအကြောင်း"

"ဖေဖေက ... "

"ဟာပဲဖြစ်ဖြစ် ဖေဖေ့ဆန္ဒကို လိုက်လျောလိုက်တာက သားကြီး အလုပ်သင့်ဆုံး အလုပ်ပဲလေ"

မိမိကတော့ ကိုအဂ္ဂ ဘက်ကပဲ လိုက်၍ပြောဆိုတတ်သည်။

သားတွေကို ဖခင်ကပဲ ဆုံးမသွန်သင် အုပ်ချုပ်နိုင်စွမ်းရှိမှာ မဟုတ်လား ... ဖခင်ကိုပဲ ကြောက်မှာ။

ထို့ကြောင့်ပင် ဖခင်ကို အမြဲတမ်း ကြောက်ရွံ့ရိုသေနေရတဲ့ ဖခင်မကောင်းကြောင်း မိမိ ဘယ်တော့မှ မပြောခဲ့။

www.burmeseclassic.com



"ဖေဖေက မေမေ့ကို မကြင်နာသလိုပဲနော်၊ ဘာကြောင့်လဲ၊ လူကြီးတွေ လက်ထပ်ပေးထားတော့ အချစ်မပါတဲ့ အိမ်ထောင်ရေး ကြောင့်လား"

သား မျက်ဝန်းတွေကို ဖျတ်ခနဲ မော့ကြည့်ဖြစ်သွားသည်။

အချစ်မပါတဲ့ အိမ်ထောင်ရေး ... ဖြစ်နိုင်တာပဲ။

ဟုတ်တယ် ... မိန်းမတစ်ယောက်ကြောင့် မိန်းမတွေကို အားလုံး သိမ်းကျုံးပြီး မုန်းတီးခဲ့တာတဲ့။

ကိုအဂ္ဂရဲ့ ... ပုံစံခွက်ထဲ ဝင်မဲ့မိန်းမ ... ထားရာနေ စေရာ သွားမဲ့ မိန်းမ။

ကိုအဂ္ဂ နှလုံးသားတွေထဲက မုန်းတီးခါးသီးမှုတွေအတွက် လက်စားချေဖို့ အသင့်တော်ဆုံး မိန်းမတစ်ယောက်ပဲ။

"သား"

"ဗျာ"

"သားမှာ ချစ်သူရှိလား"

"မရှိသေးပါဘူး မေမေ"

"ကောင်းတယ်၊ မင်းဖေဖေ ရွေးချယ်ပေးမဲ့ မိန်းကလေးကိုပဲ နှစ်သက်မြတ်နိုးလိုက်ပါ သားရယ်နော် ..."

ဒါ ... အဖြစ်သင့်ဆုံးပဲ။

မင်းဖေဖေ ရွေးချယ်တဲ့ မိန်းကလေးကို မင်းမနှစ်သက် တာမျိုး မဖြစ်စေချင်ဘူး ... မေမေ့လို မခံစားစေချင်လို့။

"မေမေထင်တယ် ... မင်းဖေဖေက မင်းနဲ့လက်ထပ်သင့်မဲ့ မိန်းကလေးကို ရွေးချယ်ဖို့ ပုသိမ်ကို သွားလိမ့်မယ်"

"ပုသိမ်ကလား"





"ထင်တာပဲ"

"ဖေဖေနဲ့ ပတ်သက်တာတွေကို မေမေ ဘာတစ်ခုမှ မသိ ဘူးလားဟင်"

"ဟင့်အင်း"

"အဲဒါ ဘာကြောင့်လဲ"

"သူက အိမ်ထောင်ဦးစီးပဲ သားရယ်၊ သူ ဆုံးဖြတ်ရင် ပြီးတာ ပါပဲ၊ မေမေက မိသားစု စားသောက်ရေးအတွက်ပဲ တာဝန်ယူသင့် တယ်"

"မဟုတ်သေးဘူး မေမေ"

"ဘာဖြစ်လို့လဲ"

"တခြားမိန်းမတွေက မေမေ့လို မဟုတ်ဘူး ထင်တယ် ... လင်ယောကျ်ားတွေရဲ့ အရေးပေးခြင်းကို ခံရတယ်"

"မေမေက ပညာမတတ် ဘာမတတ်ကွယ် ... ဘာဆုံးဖြတ် တတ်မှာလဲ၊ သားတို့ဖေဖေကြောင့် စားဝတ်နေရေး မပူပင်ရဘဲ အေးအေးချမ်းချမ်း နေရတာပဲ ကျေးဇူးတင်လှပါပြီ"

မေမေဟာ ဖေဖေ့ မကောင်းကြောင်းတွေ ဘယ်တော့မှ မပြောဘူး ... သည်းခံနေတတ်တယ်။

သားတွေအပေါ် ဂရုတစိုက် ရှိလွန်းပြီး အနွံအတာခံလွန်း တတ်သည်။

"ရောင်နီ"

"ဗျာ ... မေမေ"

"သားက ရှေ့မှာ-စံပြအဖြစ် နေပြမှ သားငယ် ရောင်စဉ်



www.burmeseclassic.com

www.burmeseclassic.com



က မိဘစကားတွေကို နာခံမှာပေါ့"

"မေမေ"

"ပြော"

"ဖေဖေ့ကို ဆန့်ကျင်ရင် ဘာဖြစ်သွားနိုင်လဲ"

"သားကြီးရယ် ... မင်းတို့အဖေအကြောင်း မင်းတို့အသိ ဆုံးပဲဟာ၊ သူ့စကားကို ဆန့်ကျင်ရင် သားတို့ ဒုက္ခရောက်လိမ့်မယ်၊ မင်းဖေဖေစကားကို ဘယ်တော့မှ ဆန့်ကျင်ဖို့ မကြိုးစားနဲ့နော် သားကြီး"

ဒေါ်နှင်းစက် ထိတ်ထိတ်ပျာပျာနှင့် သားကို ဖျောင်းဖျ ပြောဆိုရသည်။

သားမှာ ချစ်သူရှိနေလား ...

သားကြီးရောင်နီက သားယေ် ရောင်စဉ်ထက် ပိုပြီး လိမ္မာ ရေးခြားရှိသည်။ ဖခင်စကားကို နားထောင်၏။ ကျိုးနွံသည်။

ပြီးတော့ ... မိခင်ကိုလည်း ချစ်သည်။

"သားတို့ ဆိုးသွမ်းနေရင် ဖေဖေက မေမေ့ကို ပိုပြီး နှိပ်စက် မှာပဲ"

အမြဲတမ်း ... ပြောတတ်သည်။

အိမ်ထောင်ရေးအကြောင်းတွေ သားကြီး စတင်ပြောလာပြီ ဆိုတော့ တစ်ခုခုတော့ ထူးခြားလာပြီဆိုတာ မိမိသိနေ၏။

ရင်ပူသွားမိသည်။

"သားကြီးကို မေမေ အမိက ပြောချင်တာကတော့ မင်း သဘောဆန္ဒအရ မိန်းကလေးတစ်ယောက်ကို မရွေးချယ်ဖို့ပဲ"





"မေမေတို့ အိမ်ထောင်ရေးလို ... "

"ဘာမှမဆိုင်ဘူး သားကြီး ... မေမေတို့က တစ်ကဏ္ဍပါ ကွယ်၊ သားဖေဖေ စိတ်တိုအောင် မလုပ်သင့်ဘူး"

သားကြီးက ရုံးသွားတော့မယ်ဆိုပြီး ကားနှင့်ထွက်သွား သည်။ မိမိ ထိတ်ထိတ်ပျာပျာနှင့် စိတ်သောကတွေ ရင်မှာပိုက်ပြီး ကျန်ခဲ့၏။

ကိုအဌ စိတ်ဆိုးရင် မလွယ်ဘူး ...

သားတွေ ဒုက္ခရောက်မှာ မိမိ အစိုးရိမ်ဆုံး ဖြစ်နေရသည်။

အိမ်မှာ မိမိ တစ်ယောက်တည်း ကျန်ခဲ့၏။

အလုပ်တွေကို ခဏထားပြီး ဆိုဖာတစ်လုံးပေါ်မှာ ဝင်ထိုင် လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၃ )

နှင်းစက်က ဆင်းရဲနွမ်းပါးတယ် ...

ဒါပေမဲ့ ... ငယ်ရွယ်ချောမောတဲ့ မိန်းကလေးတစ်ယောက်။

လက်ထပ်ချင်တဲ့ ယောကျာ်းတွေက တစ်ပုံတစ်ပင်ကြီး ဖြစ်နေသည်။ အဖေက ကိုအဂ္ဂကို ရွေးချယ်ခဲ့၏။

"ချမ်းသာလို့"

တစ်ခွန်းပဲ ပြောသည်။

"သမီးမှာ ချစ်သူမှ မရှိတာပဲ"

နှင်းစက်မှာ ချစ်သူလည်း မရှိ ... ချစ်သူထားဖို့လည်း နှင်းစက်မှာ သတ္တိနည်းနည်းမှ မရှိပေ။ ကြောက်တတ်သည်။

မိုင်းကောင်းကျောက်ဖိ နေတတ်၏။ အပြင်ပင် မထွက် ...

ဆယ်တန်းလောက်အထိ ကျောင်းနေပြီး အဖေဆက်မထားနိုင်တော့၍ ကျောင်းက ထွက်ရသည်။

အဖေက စည်းစနစ်ကြီးသည်။ အိမ်ထဲမှာပဲ နေရသည်။

မိန်းကလေးပီသအောင် အိမ်မှုကိစ္စတွေနှင့်သာ အချိန်ကုန်စေ၏။





"သမီး"

"ရှင် အဖေ"

"မောင်အဂ္ဂနဲ့ တွေ့ရမယ်"

"ရှင်"

ကိုအဂ္ဂတဲ့ ... အဖေက သူမအား ပြောထားပြီးသား။

လက်ထပ်မဲ့ ယောကျာ်းကို အဖေ လက်ခံသဘောတူမှ သမီး ရွေးချယ်ရမယ်တဲ့ ...

အဖေ့စကားကို သူမ မြေဝယ်မကျ နားထောင်ချင်မိသည်။

ဆန့်ကျင်လိုခြင်း မရှိ ... ကိုအဂ္ဂနှင့် တွေ့ရသည်။

ရုပ်ရည်ခန့်ညားချောမောတဲ့ ယောကျာ်းတစ်ယောက်ပါပဲ။

ဒါပေမဲ့ ... သူ့မျက်ဝန်းတွေပဲ ...

အေးစက်မာကျောတဲ့ သူ့မျက်ဝန်း အကြည့်တွေကို သူမ နှစ်သက်သဘောကျခြင်း မရှိခဲ့တာတော့ အမှန်ပဲဖြစ်သည်။

ကြောက်ရွံ့စိတ်တွေ ဝင်လာရသည်။

အဖေ သဘောကျနေ၏။ ချမ်းသာလို့တဲ့ ...

"သမီးဘဝရှေ့ရေးအတွက် မပူပင်ရတော့ဘူးပေါ့ နှင်းစက်၊ သမီးက မိန်းကလေးပီသပြီး မိုင်းကောင်းကျောက်ဖိဆိုတော့ အဖေ စိတ်ချတယ်"

အဖေက မိမိအား စိတ်ချသည်။

အိမ်မှုကိစ္စတွေကို မိမိ နိုင်နင်းကြောင်း အဖေက သိနေ၏။

"မောင်အဂ္ဂက သမီးကို ရွေးချယ်တာဟာ ခြေသိက္ခာကြီးမားပြီး အိမ်မှုကိစ္စတွေကို နိုင်နင်းမဲ့ မိန်းကလေးဖြစ်မယ် ထင်လို့တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အဖေကတော့ ရဲရဲကြီး အာမခံလိုက်တယ်၊ သမီးကို အဖေ ယုံတယ်"

သူမအား လက်ထပ်ခဲ့သည်။ တရားရုံးမှာ လက်ထပ်ပြီး အကျွေးအမွေး အနည်းငယ်နှင့် ဧည့်ခံ၏။

သူ ... အရမ်းချမ်းသာသူ ... သူနှင့် သူမ လက်ထပ်ပွဲအတွက် ဘာတစ်ခုမှ ခမ်းခမ်းနားနားမရှိ ...

အဖေ့ကို ငွေသားတစ်သိန်း ကန်တော့သည်။

သမီးချမ်းသာဖို့ပဲ အဓိကထားသော အဖေသည် ဘာမှ စောဒကတက်ခြင်းမရှိခဲ့။ သူမကို ခေါ်လာခဲ့သည်။

"ငါ ဘာဖြစ်လို့ မင်းကို လက်ထက်တာလဲသိလား နှင်းစက်"

"ရှင်"

"ငါ့ဩဇာ အာဏာကို နာခံမဲ့ မိန်းမတစ်ယောက် ဖြစ်မယ် ထင်လို့ပဲ"

"ရှင်"

"ငါ မိန်းမတွေကို အရမ်းမုန်းတယ်"

ဘုရားရေ ... မိန်းမတွေကို အရမ်းမုန်းသည်တဲ့။

ဘာကြောင့် သူမကို လက်ထပ်ရတာလဲ ...

"နှင်းစက်"

"ရှင်"

"မင်းကို ငါရွေးချယ်လိုက်တာ ငါ့ရင်ထဲက မွန်းကျပ်နေတဲ့ အရာတွေကို ထွက်ပေါက်အဖြစ် အသုံးချဖို့ပဲ"

သူ့အကြည့်တွေက စိမ်းနေသည်။ ကျွန်မက အပြစ်မဲ့သူ ...

"ငါ တစ်ချိန်က မိန်းမတစ်ယောက်ကို အရူးအမူး ချစ်ခဲ့





တယ် နှင်းစက် ... အဲဒီမိန်းမက အရမ်းလှပတယ်၊ အရမ်းလည်း ခေတ်မီတယ်၊ သွက်လက်ထက်မြက်တဲ့ မိန်းမတစ်ယောက်ပဲ"

ထိုမိန်းမ အကြောင်းကို သူက သူမအား ပြောပြနေတတ်သည်။

"ခင်ခင်ခက်တဲ့၊ ငါ့ဘက်က ချစ်ခင်မြတ်နိုးမှုတွေ အပြည့်အဝ ပေးခဲ့သလောက် ဒီမိန်းမက ရက်စက်တယ်၊ သစ္စာမဲ့တယ်၊ ယုတ်မာကောက်ကျစ်ခဲ့တယ်"

ခင်ခက်ခက်ဆိုသော မိန်းမတစ်ယောက်ကို သူ ဘယ်လောက်အထိ မုန်းတီးနာကြည်းနေကြောင်း ပြောနေတတ်သည်။

ဘာဆိုင်လဲ ... နှင်းစက်က အပြစ်မဲ့သူ ... ဘာမှမသိ။

အဖေသဘောတူသော ယောကျ်ားတစ်ယောက်ကို လက်ထပ် ခဲ့ရသည်။

"မိန်းမတွေကို ငါမုန်းတယ်၊ နာကြည်းတယ်၊ မိန်းမတွေဟာ အချစ်နဲ့မတန်ဘူး ... ရက်စက်မှုတွေနဲ့ပဲ တန်တယ်"

နောက်ဆုံး ကိုအဂ္ဂဟာ စိတ်မမှန်သော လူတစ်ယောက်ပဲ ဖြစ်သွားမိနေသည်။

သူ ... မိန်းမတွေကို မုန်းတာနဲ့ ကျွန်မကို မုန်းတာ ...

ဘာဆိုင်လဲ ...

သူမက ဘာအပြစ်မှ ကျူးလွန်ထားသည့် မိန်းကလေး မဟုတ် ... အေးချမ်းသည်။

အိမ်ရှင်မ ဝီသစ္စာဖြင့် ကိုအဂ္ဂအပေါ် တာဝန်ကျေအောင် နေခဲ့မိ၏။ အပြစ်ကင်းစင်သည်။

အဖေ စိတ်ဆင်းရဲအောင် ဘာတစ်ခုမှ မလုပ်ချင်။



www.burmeseclassic.com

www.burmeseclassic.com



သူမကို ယုံကြည်တဲ့အဖေ ...

သမီး ချမ်းချမ်းသာသာ နေရရေးကိုသာ အာရုံစိုက်ခဲ့သော အဖေသည် သမီးလက်ထပ်ပြီးသည်နှင့် သာသနာ့ဘောင်ဝင်ခဲ့သည်။

အဖေ့ကို စိတ်ချမ်းသာစေချင်တယ် ...

စိတ်အနှောင့်အယှက် မဖြစ်စေလိုပေ။

ခံစားရတော့မှာပဲ ...

ကျွန်မ ... သူ့ကို လက်ထပ်ပြီးပြီ ... မတတ်နိုင်တော့ဘူး။

သားကြီးကို မွေးပြီးတော့ သူမဘဝသည် အစွန်းဆုံးသော နိမ့်ကျမှုတွေနှင့် ရင်ဆိုင်ခဲ့ရသည်။

ကိုအဂ္ဂထားရာနေ စေရာသွားတဲ့ ဘဝကို အလုံးစုံကျ ရောက်ခဲ့ရ၏။

အခွင့်အရေး မှန်သမျှ လက်လွှတ်ဆုံးရှုံးသွားရသည်။

ဘာတစ်ခုမှ မတောင်းဆိုတော့ ... ပေးမှာလည်း မဟုတ်

ကိုအဂ္ဂက သူမအား သူ့ရင်ထဲမှာ နာကြည်းမုန်းတီးမှုတွေရဲ့ ဖြေဖျောက်ရာ ဖြစ်နေသည်။

မိမိကလေး အေးစက်ထုံထိုင်းစွာ နေတတ်သည်။

ယောကျ်ားကို ဆန့်ကျင်မှုတွေ မလုပ်ခဲ့။

"ငါ မိန်းမတစ်ယောက်ကို လက်မထပ်သင့်ဘူး"

ကိုအဂ္ဂက ပြောတတ်သည်။

သူမ ငြိမ်သက်နေမိ၏။ တုံ့ပြန်ခြင်း မရှိ ... အေးစက်သည်

သားတွေ သံယောဇဉ်ကြောင့် ကိုအဂ္ဂ ထားရာနေ စေရာ သွားခဲ့၏။

မထူးတော့ ...





ကိုအဂ္ဂက သားတွေကို ထိန်းချုပ်ထားခဲ့သည်။

ပုံစံသွင်းနေ၏။ သူမက စားဝတ်နေရေးအတွက် အဆင်ပြေအောင်ပဲ စီစဉ်ပေးရသည်။ ပင်ပန်းသည်ဟု မထင်မိ။

သားတွေအတွက် မိမိသည် တာဝန်ကျေလွန်းသော၊ ချစ်ခင်ခြတ်နိုးစွာ ဆက်ဆံတတ်သော၊ သားတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်သော မိခင်တစ်ယောက်သာ ဖြစ်စေချင်မိသည်။

အိမ်ထောင်ရှင်မိန်းမ ပီသအောင်လည်း နေပြချင်ခဲ့သည်။

ဘဝတွင် ပေးဆပ်သူအဖြစ်ပဲ မိမိအိမ်ထောင်စုအတွက် ရပ်တည်ပေးချင်သည့် ဆန္ဒပဲရှိသည်။

ကိုအဂ္ဂ ဘယ်လိုပဲ ပြုမူဆက်ဆံပါစေ မိမိက ဇနီးကောင်း ယားကောင်း၊ မိခင်ကောင်း ပီသပြနေခဲ့၏။

တစ်ခါတစ်ရံတော့ ... ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ ... အော် ချင်သည်။ ရင်ထဲမှာ ... နာကျင်နေမိသည်။

ကိုအဂ္ဂထံမှ အချစ်တွေကို မမျှော်လင့်မိတော့။

အဖေဆုံးတော့ သူမမှာ သားနှစ်ယောက် မွေးပြီးပြီ။ ငဲ့ညှာ ထောက်ထားစရာ အဖေ မရှိတော့ဘဲ သားနှစ်ယောက်က ရှိနေ သည်။

သူမမှာ ဘာတစ်ခုမှ လုပ်ပိုင်ခွင့်မရှိ ... သားတွေရဲ့ စား သောက်ရေးတစ်ခုပဲ လုပ်ပိုင်ခွင့် ရှိနေသည်။

တခြား ဘာမှ လုပ်ခွင့်မရခဲ့ ...

သွန်သင်ဆုံးမဖို့လည်း ပညာမတတ်တဲ့ မိန်းမတစ်ယောက် ဆုံးမနိုင်တဲ့ အစွမ်းအစ မရှိဘူးတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကတော်တဲ့ ... သူမတွင် ရွှေမရှိ ... ငွေမရှိ ... အသုံးအဆောင်မှ မရှိ။ ကိုအဂ္ဂဝယ်ပေးသော အသုံးအဆောင် အနည်းငယ် ရှိနေခဲ့သည်။

ကိုအဂ္ဂနှင့် ပတ်သက်တဲ့ မိတ်ဆွေ သူငယ်ချင်း ရောက်လာလျှင် သူမက အိမ်ထဲမှာပဲ နေရ၏။

ထွက်ပြီး ဧည့်ခံမရ ... အိမ်ထဲပဲနေ ...

ဘာအခွင့်အရေးမှ မရှိ ...

ကိုအဂ္ဂရဲ့ စိတ်ဝေဒနာတွေရဲ့ ဖြေဖျောက်ရာက မိမိပဲ ...

သူမကဲ့သို့ အစွမ်းအစ မရှိတဲ့ မိန်းမကို လက်ထပ်ယူပြီး လက်တားချေနေတာတဲ့ ...

ဘာဆိုင်လဲ ... အပြစ်ရှိသူက ခင်ခင်ခက် ...

သူမ ... ပြောချင်မိသည်။ မတုံ့ပြန်လိုတော့ ...

သားနှစ်ယောက်အတွက် ကျွန်မ ခန္ဓာကိုယ်ကိုပဲ လော[illegible] မြိုက်ခံတော့မည်။

ကြည့်လေ ...

ချမ်းသာကြွယ်ဝသော သူဌေးကတော်ဘဝတွင် အိမ်မှုကိ[illegible] တွေကို အိမ်ဖော်မရှိဘဲ သူမတစ်ယောက်တည်း ဒိုင်ခံလုပ်ခဲ့ရသည်[illegible]

ကိုအဂ္ဂသည် သူမအား လုံးဝညှာတာ ထောက်ထားခြ[illegible] မရှိပေ။ အကြင်နာလည်း မရှိ ... ဂရုလည်း မစိုက်။

မိန်းမဝတ္တရားကို သူမဘက်မှ ကျေပွန်အောင် ထမ်းဆော[illegible] ရသည်။

မိမိကိုယ်တိုင်လည်း အိမ်မှုကိစ္စတွေကို ဝါသနာပါ၍ [illegible]





ဆောင်ခြင်း ဖြစ်သည်။ ကိုအဂ္ဂကလည်း မိန်းမတစ်ယောက်ကြောင့် မိန်းမတွေကို မုန်းနေသူ။ တင်းမာခက်ထန်သော ယောကျ်ားကို ကြောက်ရွံ့ပြားဝပ်စွာ ဆက်ဆံခဲ့ရ၏။

အခုတလော ... မိမိ နေမကောင်းချင်။ ကျန်းမာရေးချို့တဲ့လာလျှင် မိမိတာဝန်တွေ မကျေပွန်မှာလည်း စိုးမိသည်။

သားကြီး ... ဒီနေ့မှ ထူးဆန်းတဲ့စကားတွေကို ပြောနေသည်။ အချစ်မရှိတဲ့ အိမ်ထောင်ရေးကို မထူထောင်ချင်ဘူးတဲ့ ...

မိဘတွေရဲ့အိမ်ထောင်ရေးကို စိတ်ပျက်တာလား။

အချစ်မရှိ။ တကယ်မရှိတာ ... အမုန်းတွေပဲ ရှိတယ်။

မိန်းမတွေကို မုန်းတီးနေသော ကိုအဂ္ဂသည် သူမအား မိန်းမဖြစ်၍ မုန်းတာတဲ့ ... သူမ ကံပဲ။

အတိတ်ဘဝ ဝဋ်ကြွေးတွေဟုပဲ သတ်မှတ်ရတော့မည်ဖြစ်သည်။ မောလိုက်တာ ...

သူမ ... ထသည်။ နားနေလို့ မဖြစ်သေးဘူး ...

မိသားစုတာဝန်တွေကို ထမ်းဆောင်ရန် ရှိသေးသည်။

ကိုအဂ္ဂက စည်းစနစ်ကြီးလွန်းသော ယောကျ်ား တစ်ယောက်ဖြစ်၏။ မိသားစုဝင်တွေအာလုံး သူ့ပုံစံခွက်ထဲက ဖယောင်းရုပ်တွေ ဖြစ်နေရသည်။

အိမ်မှုကိစ္စတွေအတွက် မိမိ နေ့စဉ် အင်အားတွေ ပြည့်ဝနေဖို့ လိုအပ်သည်။

သားကြီး ... မိမိစိတ်ပူနေမိသည်။

ဖခင် သဘောဆန္ဒတွေအတိုင်း အမြဲတမ်း လိုက်နာဆောင်ရွက်တတ်၏။ အမေ စိတ်ပူလိုက်တာ ...



www.burmeseclassic.com

www.burmeseclassic.com



သားကြီးစကားတွေ ထူးဆန်းနေ၍ အမေ စိတ်ပူတယ်ဟု ရင်ထဲမှာ တတွတ်တွတ် ပြောနေမိသည်။

ဖုန်းသံမြည်လာ၍ သူမ ကောက်ယူပြီး နားထောင်လိုက်သည်။

"ဟဲလို"

"နှင်းစက်"

"ရှင်"

ကိုအဂ္ဂ အသံကြီးက တင်းမာခက်ထန်စွာ တိုးဝင်လာသည်။

သူမအား စကားပြော ဆက်ဆံတိုင်း ချိုချိုသာသာမရှိနဲ့ ...

"ငါ့စာရွက်စာတမ်းတွေ စားပွဲပေါ်မှာ ကျန်ခဲ့လား ... ပေးစမ်း"

"ဟုတ်ကဲ့၊ ခဏလေးနော်"

"အေး ... မင်းအမြန်လုပ်၊ ငါစောင့်နေမယ်၊ ဒီမှာအရေးတကြီးဖြစ်နေလို့"

သူ့စာရွက်စာတမ်း မေ့ကျန်ခဲ့ပုံရသည်။

သူမ အိပ်ခန်းထဲ ဝင်လာခဲ့၏။

အိမ်ထောင်ဦးက သူနှင့်သူမတို့ မင်္ဂလာအိပ်ခန်းကြီးထဲသို့ မဝင်မိတာ နှစ်ပေါင်းအတော်ကြာနေပြီဖြစ်သည်။

သားတွေ မွေးပြီးတော့ သူမနှင့် ကိုအဂ္ဂ မိတ်ဆွေသူငယ်ချင်းတွေအဖြစ်ပဲ နေခဲ့ကြ၏။

သူ့အိပ်ခန်းကို သူ့ဘာသာ သန့်ရှင်းရေးတွေ လုပ်တတ်သည်။

သူမအား ဇနီးမယားတစ်ယောက်အဖြစ် အသိအမှတ် မပြုတာ ကြာပြီ။





အိပ်ခန်းကြီးထဲဝင်ပြီး ကိုအဂ္ဂရဲ့ စာရွက်စာတမ်းတွေရှာသည်။ စားပွဲပေါ်မှာ တွေ့၏။ စာရွက်စာတမ်းတွေယူပြီး သူမ အပျာကရာ ထွက်လာခဲ့သည်။ ဖုန်းဆီ ပြန်ရောက်လာ၏။

"တွေ့ပါတယ် ကိုအဂ္ဂ"

လှမ်းပြောလိုက်သည်။

"ကြာလိုက်တာကွာ ... မင်း အတော်နှေးကွေးလေးလံတဲ့ မိန်းမတစ်ယောက်ပဲ"

အပြစ်တင်နေသေးသည်။ သူမ အမြန်ဆုံး လုပ်တာပဲ။

"ငါ့တပည့်မလေး တစ်ယောက်ကို လာအယူခိုင်းမယ် နှင်းဆီ ... မင်း အဆင်သင့်လုပ်ထားပါ"

"ကျွန်မ သိပါတယ်"

"ဒါပဲ"

ဖုန်းချသွားသည်။ သူမ ... စာရွက်စာတမ်းတွေပေးဖို့ အဆင်သင့် ပြင်ဆင်နေမိသည်။ မောလိုက်တာ ... အရင်ကနှင့် မတူဘူး။

ကိုအဂ္ဂ အနားမှာ မနေချင်တော့တဲ့ ဆန္ဒတွေ ပြင်းပြစွာ ပေါ်လာမိသည်။ ကျန်းမာရေးက အရင်ကထက် ဖောက်ပြန်လာသည်ဟု ထင်သည်။ ခေါင်းထဲမှာ မူးနောက်ရီဝေနေခဲ့၏။

အေးချမ်းတဲ့ နေရာလေးတစ်ခုမှာ သွားနေချင်သည်။

မဖြစ်သေးပါဘူး ... သားတွေ ရှိသေးတယ် ... စိတ်မချဘူး။

သားငယ် ရောင်စဉ်က ကျောင်းနေတဲ့ အရွယ်ပဲရှိသေးသည်။ မိန်းကလေးတွေ ... မိမိလို မဖြစ်စေချင်ဘူး ...

သားတွေရဲ့အိမ်ထောင်ဖက်ကို ဖခင်ရွေးချယ်မှု ပါရှိရမည်ဟု။



www.burmeseclassic.com

www.burmeseclassic.com



ရှင်က မိန်းမတွေကို ထပ်ပြီး နှိပ်စက်ချင်တာလား ...

ကိုအဂ္ဂရုံးမှ မိန်းကလေးတစ်ယောက် ရောက်လာသည်။

ပုသိမ်သွားခါနီး စာရွက်စာတမ်းတွေ ကျန်ခဲ့တာပဲဖြစ်မည်။

လုပ်ငန်းကိစ္စရော သားတွေရဲ့ အိမ်ထောင်ဖက်ရှာဖို့ရောပဲ။

ပုသိမ်မှာသွားပြီး သားကြီး အိမ်ထောင်ဖက်ကို ရွေးချယ်တာ မတာရားဘူး ... မရိုးသားဘူး ... အကြောင်းရှိရမယ်။

"ဆရာကတော်ရောရှင်"

ကောင်မလေးက ဆရာကတော်ရောဟု မေးနေသည်။

ကိုအဂ္ဂက ဖြေစရာမလိုဘူးတဲ့ ...

"မရှိဘူး"

"ကြီးကြီးတစ်ယောက်တည်း ရှိတာလား ... ဆရာကတော် ဒီကိုရောက်တုန်း တွေ့ချင်လိုက်တာနော်"

ကောင်မလေးကို ဘာမှမပြောတော့ဘဲ တိုက်ကြီးထဲ ပြ ဝင်လာခဲ့သည်။

ရင်ထဲမှာ ကြေကွဲနေမိသလိုပဲ ... ငိုချင်တယ် ... စိတ်တွေ ထိန်းချုပ်ပစ်လိုက်မိသည်။

သူမက အလောင်မြိုက်ခံရမဲ့ မီးဖိုတစ်ချောင်းလိုပါပဲလေ ပေးဆပ်မှုတွေပဲ ရှိမည်။

ကောင်မလေးက ကြောင်တောင်တောင် ကြည့်ပြီး ပြ ထွက်သွားတော့သည်။

အခန်း ( ၄ )

ရောင်နီ ဆန္ဒတွေ ပြည့်ဝသွားပြီဟုပင် ပြောရမလား မသိပေ။

ဖေဖေ ပုသိမ်သွားနေသည်။

သူ့အတွက် မိန်းမရှာဖို့ သွားတာတဲ့ ...

ဖေဖေက ခေတ်ဆန်ပြီး သွက်လက်ချက်ချာတဲ့ မိန်းမတွေကို မုန်းတီးသည်တဲ့ ... အကြောင်းတော့ မသိ ...

မေမေ့လို ရိုးရိုးအအ မိန်းမတစ်ယောက်ကိုပင် ဖေဖေ မချစ်နိုင် သူ့ အလုပ်တွေ များနေသည်။ ထိုကြားထဲမှပင် ...

ကောင်မလေးအား သတိတရ ရှိနေပြီး တွေ့မြင်ချင်တဲ့ ဆန္ဒတွေ ပြင်းပြနေမိသည်။ အံ့သြစရာတော့ ကောင်း၏။

ချောင်ကျတဲ့ အအေးဆိုင်လေးတစ်ခုအနား သူ့ကားအဖြတ် ချွင် ကောင်မလေးနှင့် သူမ သူငယ်ချင်းတစ်ယောက် ထိုင်နေကြသည်။

သူ ... ကားကိုရပ်လိုက်သည်။ အအေးဆိုင်လေးထဲ ဝင်ခဲ့၏။ သူ့ကိုတွေ့တော့ ကောင်မလေး မျက်ဝန်းလေးတွေက ဝင်း



www.burmeseclassic.com

www.burmeseclassic.com



လက်တောက်ပသွားသည်။

နှုတ်ခမ်း လှလှအိအိလေးတွေက ပြုံးယောင်သန်းသွား၏။

မျက်နှာချောချောလေးက သွဘက် လှည့်လာသည်။

မှတ်မိနေပုံပင် ...

"မဟေသီ"

"ကိုရောင်နီ ထိုင်လေ ... မဟေသီတို့ ထိုင်နေတာတွေ့လို့ ဝင်လာတာလား"

"ဟုတ်တယ် မဟေသီ ... ကိုယ် ဒီဘက်ရောက်လာတာနဲ့ မဟေသီတို့ကိုတွေ့လို့ ဝင်လာတာလေ"

"မှတ်မိသားပဲ"

ကိုယ် ဘယ်တော့မှ မမေ့တာဟု ပြောလိုက်ချင်မိသည်။

ညီနှင့် မဟေသီတို့ ဘယ်လိုပတ်သက် ဆက်ဆံကြသလဲ ဆိုတာ သိချင်နေ၏။ ကိုယ် စောင့်ထိန်းရမယ် ...

ဂုဏ်သိက္ခာ ကြီးမားစွာဖြင့် လုပ်ငန်းရှင်ကြီးတစ်ယောက် မဟုတ်လား ...

"ရောင်စဉ်ရော"

"ကျောင်းမှာလေ ကိုကို"

"မဟေသီကရော ကျောင်းမတက်ဘူးလား"

"ပြန်လာတာ ... ဒီမှာ သူငယ်ချင်းနဲ့ တွေ့နေလို့"

မဟေသီ သူငယ်ချင်းက အိမ်ပြန်တော့မည်ဟု ပြောပြီး နှုတ်ဆက်သည်။ နှစ်ယောက်တည်း ကျန်ခဲ့၏။

သူ့အကြိုက်ဖြစ်သွားရသည်။

"သူငယ်ချင်းက ဒီနားမှာ နေတာလေ ... မဟေသီ လိုက်





လည်တာ၊ အခုပြန်တော့မလို့"

မဟေသီက ပြောသည်။

"ကိုယ်တို့ တခြားဆိုင်တစ်ဆိုင် ပြောင်းရအောင်လား မဟေ သီ"

"အင်း"

မဟေသီကို ခေါ်ခဲ့သည်။

ဟောင်းနွမ်းနုံချာတဲ့ ဆိုင်လေးတစ်ဆိုင်မှာ မထိုင်ရဲပေ ... ကိုယ့်ဂုဏ်သိက္ခာက ရှိသေးသည်။

ခမ်းနားထည်ဝါတဲ့ စားသောက်ဆိုင်ကြီးဆီ ခေါ်လာ၏။

သူမကလည်း ကြောက်ရွံ့တုန်လှုပ်နေဟန်မရှိ။

သွားလာနေထိုင် စားသောက်နေကျသော မိန်းကလေး ...သည်။ ချောင်ကျတဲ့ စားပွဲတစ်ခုမှာ ထိုင်မိကြ၏။

"ဘာစားမလဲ မဟေသီ"

"ကိုကိုမှာပါ ... မဟေသီကတော့ အအေးသောက်လာလို့ ...ဘူး၊ ကိုကိုမှာတာ နည်းနည်းပါးပါး လိုက်စားပေးမယ်လေ"

သူ ...

မှာသည်။ ကိုယ်မစားချင်ပေမဲ့ မဟေသီ လိုက်စားရန် ...တွက် အကောင်းဆုံး အစားအစာတွေကို မှာနေမိ၏။

"အများကြီးတော့ မမှာနဲ့နော် ကိုကို ... မဟေသီ သိပ်စား ...ရာ မဟုတ်ဘူး"

မဟေသီသည် ရဲတင်းပွင့်လင်းသော မိန်းကလေး တစ် ...က်ပင် ဖြစ်သည်။ ချောမောလှပ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စားပြင်ဆင်ထားပုံက မဟေသီရဲ့ အဆင့်အတန်းကို လှစ်ဟပြသနေသည်။ ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးမဟုတ် ...

ငွေကြေးအရ ပြည့်စုံကြွယ်ဝမှုရှိတဲ့ အသိုက်အဝန်းက ဖြစ်ကြောင်း သိသာသည်။

ယောကျ်ားလေးတစ်ယောက်နှင့်အတူ ယှဉ်တွဲထိုင်၍လည်း ကြောက်ရွံ့တုန်လှုပ်ဟန် မရှိ။

"မဟေသီ"

"ရှင်"

"မင်း ဘယ်မှာနေလဲ"

"ဝင်ဒါမီယာ"

ကိုယ်ထင်ထားတဲ့အတိုင်းပဲ မင်းဟာ ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းထဲကပဲ ...

ဖြူဝင်းနုဖတ်နေတဲ့ မျက်နှာဖွေးဖွေးလေးပေါ်မှာ ... နီညိုရောင် နှုတ်ခမ်းဆိုးဆေးအရောင်က သူမနှုတ်ခမ်းလေးကိုပို၍ ကြွရွသွားစေသည်။

ဖျပ်ဖျပ်ခါ လက်နေသော စိန်တစ်လုံး လက်စွပ်လေးက သူမ လက်ချောင်း ဖောင်းဖောင်းအိအိ သွယ်သွယ်လေးပေါ်တွင် လိုက်ဖက်စွာ ဝင့်ထည်နေ၏။

"ကိုကို"

"ဟင်"

"စားလေ"

"ဪ ... အင်း"





သူ ... စားဖို့ မေ့နေသည်။

ကောင်မလေးအား ငေးမောကြည့်မိနေရာမှ ကောင်မလေး အသံကြောင့် အထိတ်အလန့် ဖြစ်သွားရသည်။

မျက်နှာတော့ နည်းနည်း ပူသွားရ၏။

မကြီးမငယ်နှင့် ကောင်မလေးအား ငမ်းမိသွား၍ပင် ဖြစ်သည်။ စားစရာတွေကို စားနေမိ၏။

"မဟေသီရော စားလေ ... ကိုကိုက တမင် မဟေသီ အတွက် မှာတာ"

"စားပါတယ်၊ သိပ်မဆာဘူး ကိုကိုရ ... စောစောက အအေး တွေ သောက်ထားလို့လေ"

သူမ စားသောက်နေပုံက ကြည့်၍ပင် ကောင်းနေသည်ဟု စိတ်ထဲမှ ထင်မိနေသည်။ ခေတ်မီ သားနားတဲ့ မိန်းကလေးပဲ ...

ဖေဖေက သူတို့အိမ်ထောင်ဖက်ကို မရွေးချယ်ရဘူးတဲ့ ...

ချမ်းသာပြည့်စုံပြီး ချောမောလှပတဲ့ မိန်းမတွေကို မရွေး ချယ်ရဘူးတဲ့ ...

"ဖေဖေ အရမ်းမုန်းတယ်"

မေမေ့လို ဆင်းရဲနွမ်းပါးတဲ့ မိန်းမကိုကျတော့လည်း တမင် နှိမ်ချဆက်ဆံနေသည်။ ဘာသဘောလဲ ...

မဟေသီကတော့ ဖေဖေ မုန်းတီးတဲ့ အဆင့်အတန်းထဲက မိန်းကလေး ... ဖေဖေက ပြောင်းပြန် ...

ကိုယ်ကတော့ ဘယ်လိုမိန်းကလေးပဲဖြစ်ဖြစ် ကိုယ်နှစ်သက် မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်တော့ ဖြစ်စေချင်တယ် ...

အချစ်မပါတဲ့ အိမ်ထောင်ရေးကို မဖန်တီးချင်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ဖေဖေ့ စကားကိုပဲ နာခံပါ သားကြီး၊ မင်းဖေဖေက စိတ်မှတ်ကြီးတယ်၊ စည်းစနစ်ကြီးတယ်၊ ဒါဆို ဒါပဲ … သားတို့ ဒုက္ခရောက်မှာ မေမေ အကြောက်ဆုံးပါပဲကွယ်"

ဖေဖေက သူ့ဆန္ဒတွေကို ဆန့်ကျင်ရင်တော့ အမြဲဖြတ်မှာပဲ … ပြန်လှည့်ကြည့်မှာ မဟုတ် … သူ … စဉ်းစားနေမိသည်။

ဖေဖေ ဘာကြောင့် ချမ်းသာကြွယ်ဝတဲ့ မိန်းမချောလေးတွေကို မုန်းတီးနေရတာလဲ … စဉ်းစားမရ …

မေမေကလည်း ဘာမှမပြော …

ဖခင်အကြောင်းတွေကို တစွန်းတစ ပြောဖို့ပင် ဝန်လေးနေရသည်။

မဟေသီက ဖေဖေ မုန်းတီးရွံရှာမဲ့ မိန်းကလေးမျိုး …

ဘယ်နည်းနဲ့မဆို ငြင်းဆန်မှာပဲ …

ဖေဖေက ကန့်လန့် … ညီအတိုင်းပဲ …

ရောင်စဉ်ကလည်း ဖေဖေ့ ဩဇာကို သိပ်ပြီး နာခံတတ်လှေမရှိ … တစ်ခါတစ်ရံ … နေချင်သလို နေတတ်သည်။

ကိုယ်ပိုင်လွတ်လပ်စွာ ဆုံးဖြတ်လုပ်ဆောင်ခြင်းကို သဘောကျ၏။ ဖေဖေ့ကိုတော့ ကြောက်ရသည်။

"ညီဖြစ်ချင်တာတွေ မဖြစ်သေးလို့ အသာနေတာ ကိုကို"

မေမေ့ကိုလည်း သနားတယ် … ညီက မေမေ့ကို ချစ်တော့ ဖေဖေ့ကို မဆန့်ကျင်တာလည်း ပါသည်။

"တကယ်တော့ မေမေဟာ သူဌေးကတော်ပဲ ကိုကို … ဘာကြောင့်များ ဒီအခွင့်အရေးတွေ ဆုံးရှုံးနေရတာလဲ"

ညီက မေးတတ်သည်။ အဖြေက မသိ …





မေမေက ဖေဖေနှင့် ပတ်သက်တာတွေ ဘာတစ်ခုမှ မပြောပြခဲ့။

"ကိုကို"

"ဟင်"

"ဘာတွေ စဉ်းစားနေတာလဲ … မဟေသီ့ကို အရမ်းကြည့်မနေပါနဲ့ဦး၊ တကယ်ပဲ စိတ်မလုံတော့ဘူး ကိုကိုရာ … အဟင်းဟင်း"

"မဟေသီ"

"ပြော"

"ကိုကို မင်းကို အရမ်းသတိရနေတယ်၊ ဘာဖြစ်လို့လဲ မသိဘူးကွာ၊ အမြဲတမ်း အမှတ်ရနေမိသလိုပဲ"

"အဟက်"

မဟေသီ ရယ်မိသည်။

ကိုကို … လူရိုး လူအကြီး … ရောင်စဉ်လို မာနမကြီးပေ။

ကျောင်းမှာတောင် ရောင်စဉ်ကို မိန်းကလေးတွေ အတော်များများက စိတ်ဝင်စားကြသည်။ သူမ အပါအဝင်ပေါ့ …

ရောင်စဉ့် ကိုကိုရဲ့ မျက်ဝန်းအကြည့်တွေက သူမအပေါ် ဘယ်လောက်အထိ စွဲလမ်းနှစ်သက်နေကြောင်း သိသာနေသည်။

ဒါပေမဲ့ … သူမ စိတ်ဝင်စားတာက ရောင်စဉ်ပဲ …

ကိုကို့ကိုတော့ ခင်မိသည်။

ခင်မင်စရာ ကောင်းလောက်အောင် ကိုကိုက ဖော်ရွေတတ်သူ ဖြစ်နေ၏။ သဘောကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်အေးချမ်းတဲ့ ကိုကို့အပြုံးတွေကို သူမသဘော အကျ ဆုံးပင်။

"မဟေသီကရော"

"ရှင်"

"ကိုကို့ကို သတိရရဲ့လား"

"ဟုတ်ကဲ့၊ သတိရပါတယ် ကိုကို ... ရောင်စဉ်က မာနကြီး တယ်၊ ကိုကို့လို ခင်မင်ဖို့တောင် မကောင်းပါဘူး"

သူမ ... နှုတ်ခမ်းသားလေးတွေကို စုထော်ပြီး မကျေမနပ် ပြောမိသည်။ ရောင်စဉ် ... ကိုကို့လို မဟေသီ့ကို ခင်မင်ရင် ဘယ် လောက် ကောင်းမလဲ။ အခုတော့ ...

မိတ်ဆွေသူငယ်ချင်း အဆင့်ပင် သူမဘက်ကလိုက်ပြီး ခင်မင်နေရတာ ...

"ကိုကို"

"ဟင်"

"မဟေသီ ပြန်တော့မယ်၊ အရမ်းနောက်ကျနေရင် အိမ်က ကျောင်းမှာ သွားကြိုနေရင် ခက်မယ်"

သူမက သူငယ်ချင်းနောက်သို့ လိုက်လာခဲ့ခြင်းဖြစ်သည်။ အိမ်ကို စောစောပြန်မှ ...

"စားဦးလေ မဟေသီ"

"တော်ပါပြီ၊ ကျေးဇူးအများကြီးတင်ပါတယ်နော် ကိုကို"

သူက ငွေရှင်းသည်။ မဟေသီက ထလိုက်၏။

ကောင်မလေးကို တွေးပွေ့ပြီး လောကကြီးထဲမှာ ရင်ဆိုင်





ဖြတ်သန်းချင်တယ် ...

ကိုယ် ... အမှန်အတိုင်း ဝန်ခံရရင် မဟေသီဆိုတဲ့ မိန်းက လေးကို ချစ်မိနေပြီ ...

"ကိုကို လိုက်ပို့မယ်"

"နေပါစေ ... မဟေသီ အငှားကားနဲ့ ပြန်ပါ့မယ်"

"မဟုတ်တာဘဲ၊ ကိုကို စိတ်မချပါဘူး၊ လိုက်ပို့ပေးမယ်"

"ကိုကို့ကို အားနာလို့ပါ"

"ဘာမှ အားနစရာမှ မလိုတာဘဲ မဟေသီ"

"ကိုကို"

"ပြော"

"မဟေသီတို့အိမ်ကို ဧည့်သည်အဖြစ် ကိုကို့ကို ခေါ်လို့ မဖြစ်သေးဘူးနော်"

"ဘာဖြစ်လို့လဲ မဟေသီ"

မဟေသီ မျက်နှာလေးကို နားမလည်နိုင်စွာ ကြည့်ပြီးမေး သည်။ မင်းလို အသိုင်းအဝိုင်းက မိန်းကလေးမျိုးတွေက ဒီလောက် အထိ အချုပ်အချယ် အတားအဆီးတွေ မရှိနိုင်ပါဘူး။

"ကျွန်မ လက်ထပ်မယ့်ချစ်သူကိုပဲ အိမ်အလည်ခေါ်မယ်လို့ ဆုံးဖြတ်ထားမိလို့ပါ"

"ကိုယ်ရော မဖြစ်နိုင်ဘူးလား မဟေသီ"

"ရှင်"

မဟေသီနှင့် သူ အကြည့်ချင်း ဆုံမိသွားရသည်။

ကိုယ် မထင်မှတ်ဘဲ ပြောမိသွားရခြင်းပဲ ဖြစ်၏။

"မဖြစ်နိုင်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မဟေသီက ပြတ်သားစွာဖြေပြီး ကားပေါ်မှာ ငြိမ်သက်နေ

သည်။ မင်းနှလုံးသားထဲမှာ ရောင်စဉ်ပဲ ရှိနေတာလား မဟေသီ

သူမအိမ်ရောက်တော့ မဟေသီက တကယ့်ဖြည့်သည်အဖြ

မဖိတ်ပေ။

"ကိုကို သွားတော့နော်"

သူ့ရင်ထဲမှာ ဟာတာတာကြီး ဖြစ်ပြီး ကျန်ခဲ့တော့သည်

မင်းက ကိုယ့်ကို မင်းဘဝအတွက် ရွေးချယ်မှုမရှိတာလား

မဟေသီ ... အင်းလေ ... မိန်းကလေးပဲ ...

ယောကျ်ားလေးတစ်ယောက်ကိုတော့ သူမဘဝအတွက်

အလောတကြီး ရွေးချယ်ဆုံးဖြတ်မှုတွေ ဘယ်လုပ်ပါ့မလဲလေး

စဉ်းစားဦးမှာပဲပေ့ါ ... မဟေသီကို သူ အထင်ကြီး လေး

မိသည်။ မာနတော့ ရှိတယ် ...

ကိုယ့်လို သွက်လက်ထက်မြက်တဲ့ လုပ်ငန်းရှင်ကြီး တ

ယောက်ကို တပ်မက်ဟန်မပြ။ မင်းကလည်း ချမ်းသာတာပဲ

သူ ... တစ်ယောက်တည်း ထိုင်နေမိသည်။

စားသောက်ဆိုင်မှာ ညဥ့်နက်အောင်အထိနေပြီး အ

သောက်မိ၏။ အိမ်ပြန်တော့ မေမေ စောင့်နေသည်။

သားတွေအပေါ် မေမေသည် သံယောဇဉ်ကြီးမားစွာ ထား

တာတတ်သူဖြစ်၏။

"သား"

"ဟင် မေမေ"

"မင်း စိတ်ညစ်နေလား"

ဖေဖေ ရှိနေလျှင် မေမေသည် သားတွေကို တယု





တရင်းတနှီး ပြောဆိုဆက်ဆံခွင့် မရှိပေ။

အလုပ်အကျွေးအတွက်သာ မေမေ့မှာ တာဝန်ရှိသလို ဖြစ်နေသည်။ အခု ... ဖေဖေမရှိ ... ပုသိမ် သွားနေသည်။

အလုပ်ကိစ္စ ရှိနေသလို သူနှင့်လက်ထပ်ပေးမည့် မိန်းမကို ရွေးချယ်ဖို့တဲ့ ...

"သားရယ်၊ မင်း ဘာလို့ အရက်တွေ သောက်လာရတာလဲ၊ မေမေ့သားကြီးက သိပ်ပြီး လိမ္မာရေးခြားရှိတာပါ"

မေမေသည် စိတ်ထိခိုက် ကြေကွဲစွာ ပြောနေသည်။

ညှိုးငယ်နွမ်းဖတ်သော မေမေ့ရုပ်သွင်ကို သူ ထူးဆန်းစွာ ကြည့်မိ၏။ မြင်နေကျပါပဲ ...

အရင်က ... အထူးအဆန်း ဖြစ်မနေခဲ့မိ ...

"မေမေ"

"သားရယ်"

"မေမေဟာ သူဌေးကတော် တစ်ယောက်နော်"

"သားစကားတွေက ထူးဆန်းလှချည်လားကွယ်"

"သား မေးတာကို ဖြေပါ မေမေ"

"အဖြေမရှိဘူး"

"ဗျာ"

"မေမေ့ကိုယ်မေမေ ဘာလဲဆိုတာတောင် ဒီနေ့အထိ မသိခဲ့ရသေးပါဘူး သားရယ်"

သူဌေးကတော်တဲ့ ... မိမိက ကိုအဂ္ဂရဲ့ အစေအပါး ကျွန်တစ်ယောက်လောက်ပဲ ရှိနေခဲ့တာပါ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေနဲ့မေမေ့ အိမ်ထောင်ရေးက အေးစက်တာပဲနော်"

"သားမှာ ချစ်သူ ရှိလား"

"ဗျာ"

မေမေက သားတို့ကို မွေးထုတ်ထားတဲ့ မိန်းကလေး တစ်ယောက်ပဲကွယ် ... သိတာပေါ့ ... သားကြီး မရိုးသားတော့ဘူး။

ချစ်သူ ရှိနေပြီ ... မင်းဖေဖေက သူသဘောကျတဲ့ မိန်းကလေးနဲ့ လက်ထပ်ပေးမှာ ကြောက်နေတာ မဟုတ်လား ...

"သားမှာ ချစ်သူရှိနေပြီလား"

"သားဘက်က ချစ်ရတဲ့ မိန်းကလေးပါ မေမေ"

"ဘယ်လို မိန်းကလေးလဲ"

"မဟေသီတဲ့ ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းထဲက မိန်းကလေးတစ်ယောက်ပါပဲ မေမေ"

"အဖြစ်ဘူး"

"ဗျာ"

"သား မချစ်နဲ့တော့ ... မင်း ဖေဖေက ဘယ်နည်းနဲ့မှ သဘောကျ နှစ်သက်မှာ မဟုတ်ဘူး"

ဒေါ်နှင်းစက် အထိတ်အလန့်နှင့် သားဖြစ်သူအား တားမြစ် လိုက်မိသည်။

ကိုအဂ္ဂက ချမ်းသာကြွယ်ဝတဲ့ မိန်းမချောလေးတွေကို မုန်း နေတာ ... အထင်သေးတာပါ။ သား ပြောပုံအရ မဟေသီဆို မိန်းကလေးကို လုံးဝ လက်ခံမှာ မဟုတ်ဘူး ... ပြောရရင်တော့

ကိုအဂ္ဂက မိန်းမတွေအားလုံးကို အထင်သေး မုန်းတီး





တာပါ။ ညှဥ်းပန်းနှိပ်စက်ချင်နေတာပါ။ မေမေ ဘယ်လို ပြောရမလဲ။ ပြောပိုင်ခွင့်မရှိဘူး။ မင်းတို့ဖေဖေက အတ္တကြီးတယ်။ လူတစ်မျိုးကြီး။

"ဖေဖေ့ အကြောင်းတွေ မေမေ ဘယ်လောက်သိထားလဲ၊ သားကို ပြောပြစမ်းပါ၊ သား သိထားသင့်တယ်လို့ ထင်တယ်"

"မသိဘူး၊ မေမေလည်း ခုထိ သေသေချာချာ ဘာတစ်ခုမှ သိသေးဘူး သားရယ်"

ကိုအဂ္ဂနှင့်ပတ်သက်တာတွေကို မိမိ လုံးဝမပြောချင်တဲ့ အရာတွေ ရှိနေပေ။ နှစ်ပေါင်းများစွာ အနစ်နာခံပြီး ပေါင်းသင်းလာခဲ့ပြီးမှပဲဟာ။ သားတွေကို ဒုက္ခမရောက်စေချင်ဘူး ...

ဖခင်က စည်းစနစ်ကြီးပြီး အတ္တကြီးပေမဲ့ သားတွေရဲ့ လိုအပ်ချက်ကိုတော့ အပြည့်စုံဆုံး ဖြည့်ဆည်းပေးနိုင်တဲ့ ဖခင်တစ်ယောက် ဖြစ်နေခဲ့သည် မဟုတ်လား ...

ကိုအဂ္ဂက စီးပွားအရှာကောင်းတဲ့ အစွမ်းအစရှိတယ် ... သားတွေ မျက်နှာမငယ်ရဘူး ...

"သားက သားကြီး၊ သားငယ် အတွက် စံပြဖြစ်သင့်တယ်၊ မေမေ့စကား နားထောင်ပါ"

မေမေကတော့ ပုံစံခွက်ထဲ ကွက်တိဝင်တယ်လို့ ညီက ပြောတာသည်။ သူ ... ဆက်ပြီးမမေးချင်တော့ ...

အိပ်ခန်းထဲ ဝင်လာတဲ့ အချိန်တွင် တစ်ဖက်ခန်းမှ ညီ စာကျက်သံတွေကို ခပ်သဲ့သဲ့ ကြားလိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၅ )

“ကိုကို”

ညီ့အသံ ...

သူနှင့်ညီသည် ချစ်ခင်ကြင်နာကြသော ညီအစ်ကိုတွေပဲ ဖြစ်သည်။

ဖေဖေက ညီအစ်ကိုချင်း သင့်မြတ်တာမျိုးပဲ သဘောကျ၏။

ပြဿနာဖြစ်တာမျိုး လက်မခံ ...

ကြီးလေးတဲ့ အပြစ်ဒဏ်မျိုးတွေ ပေးတတ်လေ့ရှိသည်။

ညီ တံခါးဖွင့်ပြီး သူ့အိပ်ခန်းထဲ ဝင်လာတော့၏။

“ကိုကို ပြန်တာ ညဥ့်နက်လို့”

စားပွဲမှာ ဝင်ထိုင်သည်။

“ကိုကို”

“ဟင်”

“အရက်တွေ သောက်လာတာလား၊ ကိုကို ဘာတွေဖြစ်နေလဲ ညီ့ကို ပြောစမ်းပါ”





“ညီ”

“ကိုကို”

“မဟေသီနဲ့ ညီ”

“နိုး ... နိုး ... ဘာမှ မပတ်သက်ပါဘူး ကိုကို၊ မဟေသီက ကျောင်းမှာတော့ နာမည်ကြီးတယ်၊ ယောကျာ်းလေးတွေက ပိုပြီး စိတ်ဝင်စားကြတယ်လေ၊ ကိုကိုကရော”

“ဒီနေ့ တွေ့တယ်”

“ဟင်”

ကိုကိုကတော့ မဟေသီကို စွဲလမ်းနှစ်သက်နေပုံပင်။

မဟေသီကလည်း ချောမောတာကိုး ...

“ရိုးရိုးမိတ်ဆွေတွေ အဖြစ်နဲ့ပါ၊ မဟေသီဘက်ကတော့ ညီ့ကို လုံးဝစိတ်ဝင်စားမှု မရှိဘူး”

ရင်ထဲမှာ ပေါ့သွားအောင် ညီ့ကို ရင်ဖွင့်ပစ်လိုက်မိသည်။

“ကိုကို ... ဖေဖေ ဘာကြောင့် ပုသိမ်ကိုသွားလဲ ဆိုတာ [illegible]တယ်နော်”

“အင်း”

“မဖြစ်သင့်ဘူး”

“ညီ”

“ပြော”

“မင်းရော”

“ဖေဖေ့ဆန္ဒတွေအတိုင်းပဲ နေထိုင်ပြုမူတာ အကောင်းဆုံး [illegible]မ်းပဲ ကိုကို”



www.burmeseclassic.com

www.burmeseclassic.com



သူ … အင်အားတွေ လျော့သွားသလို ခံစားလိုက်ရတော့သည်။ ညီက အငယ် … စိတ်ခတ် ပြတ်သားပြီး ဆုံးဖြတ်ချက်ခိုင်မာနေသည်။ တစ်ခွန်းပဲ ပြောခဲ့၏။

ဖေဖေ့ဆန္ဒပဲတဲ့ …

သူက ညီ့ထက် မိဘစကားတွေကို နားထောင်သင့်သည်ဟု ထင်မိသည်။

"မဟေသီက ဖေဖေ လက်ခံမဲ့ ချွေးမတစ်ယောက် မဖြစ်နိုင်ဘူး"

"ဖေဖေ လုပ်နေတာတွေဟာ နည်းလည်းမကျဘူးလို့ ကိုကို ထင်တယ်"

"ညီက ဖေဖေ့ကို ထောက်ခံတာ မဟုတ်ပေမဲ့ စိတ်ရှုပ်ထွေး မခံနိုင်ဘူး၊ ဖေဖေ နှိပ်ကွပ်တာကိုလည်း မခံစားနိုင်ဘူး"

ဖေဖေ့ကို ဆန့်ကျင်တတ်လေ့ရှိသော၊ သူလုပ်ချင်တာကို တစ်ဖွတ်ထိုး လုပ်တတ်သော ညီပင် ဖေဖေ ရွေးချယ်ပေးသော မိန်းမတစ်ယောက်ကိုပဲ လက်ထပ်မည်တဲ့။

သူ … လက်မခံချင်ပေ။

အချစ်ပါသော အိမ်ထောင်တစ်ခုပဲ ရွေးချယ်ချင်တယ် …

"ကိုကို"

"ဟင်"

"မဟေသီကို စိတ်ဝင်စားရင် ကိုကိုပဲ စိတ်ဒုက္ခတွေ ရောက်မှာနော်"

ညီက သတိပေးနေသည်။ သူက အကြီး …





မေမေကတော့ ညီ့ရဲ့ ရှေ့ဆောင်လမ်းပြ ဖြစ်စေချင်သည်တဲ့ …

"ဖေဖေက မိန်းမတွေကို မုန်းတီးနာကြည်းနေတာတဲ့"

"ဟင် … ညီ ဘယ်လိုသိလဲ"

ခြံစောင့်ကြီး ကိုဘမောင်ကို ဖေဖေ အလုပ်ထုတ်ပစ်ထားတာ ကြာပြီ …

"ညီ ဘယ်မှာတွေ့ခဲ့လဲ"

"ပဲခူးမှာ"

"ပဲခူး"

"ဟုတ်တယ် ကိုကို … ညီ သူငယ်ချင်းတွေ ရှိလို့ သွားတွေ့တာ၊ မမျှော်လင့်ဘဲ ကိုဘမောင်နဲ့ တွေ့တာလေ"

ကိုဘမောင် အလုပ်ထွက်သွားတာ ကြာပြီဖြစ်သည်။

သူတို့ ငယ်စဉ်လေးတည်းကပင် ကိုဘမောင်ကို အလုပ်ထုတ်ခဲ့၏။

"ညီက မမှတ်မိဘူး၊ သူက မှတ်မိပြီး ခေါ်တာ"

"ကိုဘမောင်က ဘာပြောလဲ"

"ဖေဖေက မိန်းမတစ်ယောက်ကြောင့် မိန်းမတွေကို မုန်းတီးနေတာတဲ့"

"မေမေလား"

"မဟုတ်ဘူး"

"ဖေဖေက ဘယ်သူ့ကို မုန်းနေတာလဲ ညီ"

"ခင်ခင်ခက်ဆိုတဲ့ မိန်းမတစ်ယောက်တဲ့"

"မေမေ့ကို ဘာဖြစ်လို့ နှိပ်စက်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတွေကို မုန်းလို့တဲ့"

"မသိမသိုင်"

"မေမေက စားစာခံလေ"

"ကိုကိုတို့ဆီပါ ဂယက်ရိုက်ခတ်လာပြီပေါ့ ညီ"

"ဘယ်တတ်နိုင်မလဲ ကိုကို"

"မင်းက ဖေဖေ့ ဆန္ဒတွေကို လက်ခံတယ်ပေါ့"

"လက်ခံတယ်လို့ပဲ ပြောရမလားပဲ"

"ညီ"

"ကိုကို"

"မေမေ့ကို သနားတယ်၊ကိုကို မချစ်မနှစ်သက်တဲ့ မိန်းမ တစ်ယောက်ကိုတော့ လက်မထပ်ချင်ပါဘူးကွ"

"အဟက်"

"မရယ်နဲ့"

"ကိုကို ငြင်းဆန်လို့ မရဘူး"

"ဟာကွာ"

"မဟေသီက ကိုကို့လောက် စိတ်ဝင်စားမှာ မဟုတ်ဘူး နော်"

သူ ... မဟေသီကို နှစ်သက်မြတ်နိုးနေမိသည်။

ဘယ်လိုမှ မေ့ပစ်၍ မရ ... ဒုက္ခပါပဲ ...

ဖေဖေ ပြန်ရောက်လာတော့မည်။

သူနှင့် လက်ထက်ရမည့် မိန်းမတစ်ယောက်ကို ခေါ်ဆောင် လာမည်လား ...

"ကိုကို အိပ်တော့"





"အင်း"

ညီ ထွက်သွားသည်။ သူ တစ်ယောက်တည်း ကျန်ခဲ့၏။

အိပ်လို့မရ ... မျက်လုံးတွေကြောင်နေပြီး ရင်ထဲမှာ ပူ လောင်နေသည်။

ဖေဖေ ... မကြာခင် ... ပုသိမ်က ပြန်လာတော့မည်။

သူ့အတွက် မိန်းမတစ်ယောက် ရွေးချယ်မှာတဲ့။

ဘယ်လိုမိန်းမမျိုးလဲ ... အေးစက် ထုံထိုင်းသော မိန်းမ တစ်ယောက်ကို ရှာဖွေနေတာလား ...

ဖေဖေက မိန်းမတွေကို မုန်းတီးနာကြည်းစွာဖြင့် မေမေ့ကို သက်စားချေတာတဲ့ ... ဘာဆိုင်လဲ ... အပြစ်မဲ့သော မေမေ ...

တကယ် အပြစ်မဲ့တာပါ ... အေးစက်တည်ငြိမ်သော မေမေ သည် ဖေဖေ့ဆန္ဒအတိုင်း ထားရာနေ စေရာသွားခဲ့သည်။

သားတွေ သံယောဇဉ်နှင့် နေခဲ့၏။

မေမေ့မှာ ဘာအခွင့်အရေးမှ မရှိခဲ့ ...

သူ ... ဘာလုပ်ရမလဲ ... မဟေသီကို ချစ်တယ် ...

ဘယ်လိုမှ မေ့လို့မရတော့ဘူး ...

ဖေဖေ့ကို ဆန့်ကျင်တာမှ မဟုတ်တာ ...

အချစ်ဆိုတာက ရှိသေးသည်။

ညဥ့်အတော်နက်မှ သူ အိပ်ပျော်သွား၏။

"သား"

"သားကြီး"

"ဒေါက် ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



“ဒေါက်”

“သားကြီး”

မေမေ့အသံ ... သူ အိပ်ပျော်နေ၍ အလုပ်သွားရန် နှိုးဆော် ခြင်းဖြစ်မည်။ မေမေသည် တာဝန်ကျေပွန်လွန်းသော မိခင်တစ် ယောက်သာဖြစ်သည်။ သားတွေကို ချစ်လွန်း၏။

ဖေဖေ ခရီးထွက်နေလျှင် မေမေက သူတို့နှင့် တယုတယ နေတတ်သည်။

“သားကြီး”

“ဒေါက် ... ဒေါက်”

“သားကြီး”

သူ ... ထလိုက်သည်။ တံခါးဖွင့်ပေးလိုက်၏။

“သားကြီး အိပ်နေတာ နေမြင့်နေလို့ မေမေ စိတ်ပူပြီး လာ နှိုးတာ”

“ညကအိပ်တာ ညဉ့်နက်သွားလို့ပါ မေမေ”

“သား ရုံးသွားရဦးမယ် မဟုတ်လား”

“ဟုတ်ကဲ့”

“မနက်စာ အတွက် မေမေ အဆင်သင့် ပြင်ထားပြီးပြီနော် သား ဆင်းလာခဲ့”

မေမေသည် ဖေဖေ့အား ရိုသေလေးစားစွာ အလုပ်အကျွေး ပြုနေသော မိန်းမတစ်ယောက်သာ ဖြစ်ခဲ့သည်။

သူ ... ထလိုက်သည်။

ရေချိုးခန်းထဲဝင်ပြီး တစ်ဝချိုးပစ်လိုက်၏။





စိတ်တွေ လန်းဆန်းမသွား ... လေးလေးလံလံကြီး ဖြစ်နေ သည်။ ညီ ... သူ့ထက် အတွေးအခေါ်ရှိတယ်လို့ပဲ ပြောရတော့ လား ...

“မဟေသီက ကိုကို့ကို စိတ်ဝင်စားမှာ မဟုတ်ဘူး”

ညီက ပြောခဲ့သည်။ ဟုတ်တယ် ညီ ...

ကိုကို့ကို မဟေသီ လက်ထပ်မဲ့ ယောကျ်ားတစ်ယောက် ဟုတ်လို့ အိမ်ကို လည်ပတ်ဖို့ မဖိတ်ခေါ်တာပဲ ...

မဟေသီကို ကိုယ် ချစ်နေမိပြီ ... ဘာကြောင့်လဲ ... မြင်မြင် ချင်းပဲ မဟေသီဆိုတဲ့ မိန်းကလေးကို ချစ်ခင်နေမိသည်။ သူ ... အောက်ထပ်သို့ ဆင်းလာခဲ့သည်။ စားသောက်ခန်းထဲ ဝင်ခဲ့၏။

“သားငယ်တောင် ကျောင်းသွားပြီ သားကြီး”

ဖေဖေ မရှိတဲ့အချိန်တွေကျမှ သားတွေနှင့် တရင်းတနှီး နေ သည်။

“မေမေ”

“ဟင်”

“ဒေါ်ခင်ခက်ခက်ကို မေမေ သိလား”

“ဟင်”

ဒေါ်နှင်းစက် အံ့သြသွားမိသည်။ ခင်ခက်ခက်က ကိုအဂ္ဂရဲ့ ချစ်ဦးသူ ဖြစ်နေ၏။ ထိုမိန်းမ တစ်ယောက်ကြောင့် သူမဘဝ ပျက်ခဲ့ရသည်။ သားကြီး ဘယ်က သိလာရတာလဲ ...

“ခင်ခက်ခက်က ဖေဖေ့ ချစ်သူလား”

“မေမေ မသိဘူး”

မိမိလည်း ခင်ခက်ခက် ဆိုတဲ့ နာမည်ပဲ သိပြီးတခြား ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့ အကြောင်းတွေ မေမေ ဘာသိလဲ"

"ဟင်အင်း"

"မေမေ့ကို ဘာကြောင့် လက်ထပ်တာလဲ ဆိုတာရော"

"မသိဘူး"

မေမေ့ကို မေးလျှင် အမြဲတမ်း မသိဘူးဆိုတဲ့ စကားတစ်ခွန်းပဲ ပြောတတ်သည်။

"မေမေ ဘာဖြစ်လို့ ဒီလိုနေရတာလဲဟင်"

"မေမေ့ ဘ၀ပဲလေ"

"ဖေဖေ့ကို မေမေ ချစ်တာလား"

"သားတွေကြောင့်ပါ။ အစောကြီးကတည်းက မေမေတို့ ချစ်လို့ လက်ထပ်တာမှ မဟုတ်တာပဲ သား"

အချစ်ဆိုတာ မရှိဘူး … မုန်းတီးနာကြည်းမှုတွေပဲ ရှိတယ်

"မေမေ ငယ်ငယ်က တော်တော်ချောမှာပဲနော်"

"မသိပါဘူး"

မေမေသည် သူ့ဘ၀ကို သူမေ့ထားပစ်ပုံပင်။

"သား"

"ဗျာ"

"မင်း အရက်ထပ်မသောက်နဲ့တော့နော်"

"ဟုတ်ကဲ့"

"သားငယ်အတွက် မေမေက စိတ်ပူနေတာ၊ မင်းအဖေ ဆန့်ကျင်ရင် အားလုံး ဒုက္ခရောက်မှာပဲ"

သားတွေကို အမွေဖြတ်လိုက်မှာ မိမိအကြောက်ဆုံးပင်





ဒေါ်နှင်းစက် ဒီဝင်္ဂကြေးတွေကနေ ရုန်းထွက်ချင်ပြီဖြစ်သည်။ သားတွေ အခြေမကျသေးဘူး … ရုန်းထွက်၍မရ …

"သားက ချစ်ရမဲ့သူ တွေ့နေပြီဆိုတော့ မေမေ တားချင်တယ် … အချိန်မလွန်သေးရင် နောက်ဆုတ်လိုက်ပါ သား"

ရှေ့တိုးလို့လည်း မဖြစ်နိုင်ဘူး မေမေ … မဟေသီက သားထက် ညီကို စိတ်ဝင်စားနေပုံရတယ်လို့ သား ထင်နေမိတယ် …

"သား"

"ဗျာ"

"မင်းက"

"တော်ပါတော့ မေမေ"

သူ … မေမေ့အနားမှ ထွက်လာခဲ့သည်။

သားတွေဒုက္ခရောက်မှာစိုးလို့ မေမေက ဖေဖေ့အစီအစဉ်ကို အတင်းအကျပ် လိုက်နာခိုင်းနေတာ မဟုတ်လား …

"မိန်းမတွေဟာ ဘာမှ အထင်ကြီးစရာ မရှိဘူးသား၊ ကိုယ့်အစေအပါး အဖြစ်လောက်ပဲ အသုံးချသင့်တယ်"

ဖေဖေ့ အယူအဆတွေက မိန်းမတွေအပေါ် ကြောက်စရာကောင်းလွန်းသည်။

"မိန်းမတွေကို ဖေဖေ လုံးဝမချစ်ဘူး"

ဖေဖေ့ အယူအဆတွေကို သူ လက်ခံဖို့ တွန့်ဆုတ်နေမိသည်။ မိန်းမတစ်ယောက်ကို အစေအပါး တစ်ယောက်အဖြစ် အလုပ်အကျွေးပြုဖို့တော့ သူ လက်မထပ်လိုပေ။

မေမေက ဖေဖေ့ကိုလည်း တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသည်



www.burmeseclassic.com

www.burmeseclassic.com



ချစ်မြတ်နိုးပုံ မရဘဲ အေးစက်နေသည်။ သားတွေကြောင့် မေမေ သည်းခံနေတာမျိုး ဖြစ်နိုင်၏။ သူ ရုံးသို့သွားခါနီး အချိန်တွင် ဖေဖေ့ ထံမှ ဖုန်းလာသည်။

"ဖေဖေ့ အလုပ်ချင်ဆုံး အလုပ်တစ်ခုကို ပြီးမြောက်အောင် မြင်ခဲ့ပြီသား"

"ဗျာ"

ဖေဖေ့အသံတွေက ဖုန်းထဲမှာ ကျေနပ်ပျော်ရွှင်တက်ကြွနေ ပုံပင် … သူကတော့ တထိတ်ထိတ်နှင့် နားထောင်နေရသည်။

"သားကြီး"

"ဗျာ"

"ဖေဖေ ဘာကြောင့် ပုသိမ်ကို သွားလဲဆိုသိလား"

သူ … ငြိမ်သက်နေမိသည်။

"မင်းအတွက် ဇနီးလောင်း သွားရှာတာလေ"

"ဗျာ"

"တွေ့ပြီ"

"ဗျာ"

"မင်းအတွက် ဖေဖေ ရွေးချယ်တာလေ၊ ရှင်းရှင်းပြောရရင် တော့ ခေတ်ရေ့ပြေးနေတဲ့ မိန်းမတွေနဲ့ တွေ့ဆုံမိသွားကြမှာ စိတ် အပူဆုံးပဲ"

ဖေဖေ့မှာက ခံစားချက်တွေ အများကြီး ရှိနေသည်။

ဒေါ်ခင်ခက်ခက်က ဖေဖေ့အပေါ် သစ္စာမဲ့သွား၍ မိန်းမတွေ ကို မုန်းတီးနာကြည်းနေ၏။ ဘာမှမဆိုင်ဘူး …





ဖေဖေ့ ပြဿနာက အပြစ်မဲ့နေသော မေမေနှင့် သူတို့တွေပါ ခံစားခံ ဖြစ်နေရသည်။

"ဖေဖေ တစ်ပတ်အတွင်း ပြန်ရောက်လာမယ် သားကြီး၊ ဖေဖေ့ ဆန္ဒအတိုင်းပဲ သားကြီးတို့ကို ဖြစ်စေချင်တယ်"

ဖေဖေ့ဆန္ဒ … ဘာမှအဓိပ္ပာယ် မရှိဘူး။ မိန်းမတစ်ယောက် ကို ဖေဖေ မရွေးချယ်သင့်ပါဘူး။ အိမ်ထောင်တစ်ခု တည်ဆောက် မယ် … ပျော်ရွှင်ချမ်းမြေ့မှု အလျဉ်းမရှိတဲ့ အေးစက်ထုံထိုင်းနေတဲ့ အိမ်ထောင်တစ်ခု တည်ဆောက်ပြီး မိမိပုံစံခွက်ထဲ ထည့်ထားတဲ့ သားသမီးတွေ မွေးလာဦးမယ်။ သူက ဖေဖေနှင့် အခြေအနေချင်း ထိုးဝမတူတဲ့ ယောက်ျားတစ်ယောက်သာ ဖြစ်သည်။

"သားကြီး"

"ဗျာ"

"လောကကြီးမှာ အရေးကြီးဆုံးက သစ္စာမဲ့တဲ့မိန်းမ … ဘတ်မာကောက်ကျစ်တဲ့ မိန်းမတွေကို လက်မထပ်မိဖို့ပဲ၊ မင်းအမေ လို မိန်းမမျိုးပဲ လိုအပ်တယ်လေ"

ဖေဖေက မေမေ့ကို လိုအပ်တာက အစေအပါးတစ်ယောက် အဖြစ်ပဲ မဟုတ်လား။ ဘဝတစ်လျှောက်လုံး ကြေကွဲမှုတွေနဲ့ ရင် ထဲမြတ်သန်းနေရတဲ့ မေမေ့ဘဝကိုတော့ ဖေဖေ လုံးဝကိုယ်ချင်း မစာဘူး။ စကားတွေ အများကြီး ပြောပြီး ဖေဖေ ဖုန်းချသွားတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

သူ့စိတ်တွေ ပို၍ပင် လေးလံကျဉ်းကျပ်သွားရတော့သည်။

ဖေဖေ ... မိန်းမတစ်ယောက်ကို ခေါ်ဆောင်လာတော့မည် ဖြစ်သည်။ ဘယ်လို မိန်းကလေးမျိုးလဲ ...

အေးစက်ထုံဆိုင်းတဲ့ ကောင်မလေး တစ်ယောက်ကို ဖေဖေ ခေါ်လာမှာလား ...

"မင်းဖေဖေ ဘာပြောလဲ သား"

မေမေ ရောက်လာသည်။ သူ ... အပြင်ထွက်ခါနီး ဖြစ် သည်။

"ကောင်မလေးတစ်ယောက် ခေါ်လာပြီလား သား"

"ဟုတ်တယ် မေမေ"

"ဖေဖေ ဘယ်တော့ ပြန်လာမလဲ"

"တစ်ပတ်လောက်တော့ ကြာဦးမယ်ထင်တယ် မေမေ"

"သား"

"ဗျာ"

"မင်း"





"သား သွားတော့မယ် မေမေ"

"ဖေဖေ့ဆန္ဒတွေကို ဆန့်ကျင်ဖို့ လုံးဝမစဉ်းစားနဲ့နော်သား"

မေမေက မှာနေသည်။ စိတ်ပူနေပုံပင် ...

"သား၊ အိမ်ထောင်ရေးကို အဓိပ္ပာယ်မဲ့ မဖြတ်သန်းချင်ဘူး မေမေ"

"သားကြီး"

"သား သွားတော့မယ်"

မေမေသည် ကြောင်ငေးစွာဖြင့် သူ့ကိုရပ်ကြည့်ပြီး ကျန်ခဲ့ သည်။

သူ ... သဘောမကျတာ မေမေ့ကိုပဲ ...

အေးစက်လွန်းသည်။

ယောက်ျားအနားတွင် အစေအပါး ကျေးကျွန်တစ်ယောက် ကျိုးနွံစွာ နေ၏။

မကြိုက်တာပဲ ... ဘဝဆိုးနေသည်။

ဘာအခွင့်အရေးမှ မယူဘဲ မေမေ နေနိုင်သည်။

"မေမေ့လို မိန်းမတစ်ယောက်ကို မင်းဖေဖေ ဘယ်လို ာထားထား အိမ်ထောင်မှုကိစ္စမှာတော့ တာဝန်ကျေတာပဲ တ်လား သား ... သားတို့ အိမ်ထောင်ရေးအတွက် နောက်ဆံ င်းနဲ့တော့ပေါ့"

"ကျွန်တော် သွက်လက်ထက်မြက်ပြီး သားအတွက် အား ိုးရလောက်တဲ့ မိန်းမတစ်ယောက်နဲ့ပဲ လက်ထပ်ချင်တယ် မေ"



www.burmeseclassic.com

www.burmeseclassic.com



သူ ... ကားပေါ်တက်လိုက်သည်။

ဖေဖေ ရွေးချယ်လာမဲ့ မိန်းမကို သူသဘောမကျသလို ဖြစ်နေ၏။ သူ ချစ်မြတ်နိုးတဲ့ မိန်းမတစ်ယောက်ကိုပဲ လက်ထပ်လိုသည်။

မဟောသီပဲ ... မင်းကို ချစ်တယ် ... မြတ်နိုးတယ် ...

သူ ရုံးကို ရောက်သွားသည်။

အလုပ်မှာ စိတ်မဝင်စားဘဲ မဟောသီ အကြောင်းပဲ တွေး နေမိ၏။ မဟောသီ စိတ်ဝင်စားတာက ညီပဲ ...

ရင်ထဲမှာ လေးလံလာရသည်။

"ညီကတော့ ဖေဖေ့ ဆန္ဒတွေကိုပဲ လိုက်လျောမှာ ကိုကို"

သူက ညီ စိတ်ထင်ရာစိုင်းလိမ့်မည်ဟု ထင်နေမိသည်။

ဖေဖေ့ အစီအစဉ်တွေကို ညီက လက်ခံနေ၏။

မိန်းမတစ်ယောက်နဲ့ လက်ထပ်တာ အစေအပါး တစ် ယောက် ရှာတာမှ မဟုတ်တာ ...

ဖေဖေ မှားနေပြီ ... ဒေါ်ခင်ခက်ခက်ကြောင့် တခြားမိန်း တွေကို မုန်းတီးနာကြည်းတာတော့ သဘာဝမကျဘူး ...

"ဆရာ"

"ဟင်"

"ဧည့်ခန်းမှာ ဧည့်သည်ရောက်နေပါတယ်"

"ဘယ်သူလဲ"

သူ ... ဘယ်ဧည့်သည်မှ မတွေ့ချင် ...

စိတ်တွေ လေးလံမွန်းကျပ်နေပြီး အနားယူချင်နေမိသည်





"မဟောသီတဲ့"

"ဟင်"

ပျော်ပါးမြူးကြွစွာဖြင့် ထမိသည်။ ဘယ်လိုဖြစ်သွားမှန်းပင် သိ။ တွေ့ချင်နေသည်။

မင်းကို ဘယ်မှာရှာရမှန်း မသိအောင် ကိုယ်ဖြစ်နေရတာ

—

ဧည့်ခန်းဆီ ထွက်လာခဲ့သည်။ မဟောသီ ထိုင်နေ၏။

"ကျောင်းမသွားဘူးလား မဟောသီ"

"သွားမယ်လေ၊ ကိုကို့ဆီမှာ အကူအညီတစ်ခုလောက်ရှိနေ လာတောင်းတာလေ"

"အကူအညီ ... ပြော၊ ဘာကူညီရမလဲ မဟောသီ"

"ကျွန်မကို ကျောင်းလိုက်ပို့ပေးပါ"

"ဟင်"

မဟောသီ ရင်ထဲမှာ မကျေနပ်ချက်တွေ ရှိနေသည်။

ရောင်စဉ်ကြောင့် ... သူမအား အဖက်မတန်သလို လုပ်နေ တဲ့ ရောင်စဉ်။ အဲ့ဒါ ... မကျေနပ်တာပဲ ...

မဟောသီ့အား ချစ်ခင်နှစ်သက်တဲ့ ယောကျ်ားတွေက တစ်ပုံ ရောင်စဉ်ပဲ စိတ်မဝင်စားတာ ... ကိုကို့ကို အသုံးချရမယ်။

ရောင်စဉ် မနာလိုဝန်တို ဖြစ်အောင် ကိုကို့ကို တမင်တွဲပြ ဖြစ်သည်။

"ကိုကို အားလား"

"အင်း"

"လိုက်ပို့မယ် မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ပို့မယ်လေ"

သူ ... ပျော်ရွှင်တက်ကြွနေမိသည်။

မဟောသီနှင့် တွေ့ဆုံခွင့်ကို သူအမြဲတမ်း မျှော်လင့်နေမိ၏

"သွားမယ်လေ မဟောသီ"

သူ အလုပ်တွေကို ထားပစ်ခဲ့သည်။ ဘာမှမလုပ်လိုတော့

မိန်းကလေးတွေနှင့် ဘယ်တော့မှ မပတ်သက်ခဲ့သော သူသည် မဟောသီကို စွဲလမ်းမြတ်နိုးမိတာတော့ အံ့ဩစရာဖြစ်နေသည်။

"ကိုကို့ကို ကျွန်မ အားနာလိုက်တာ ... အိမ်ကကား ပျက်နေလို့လေ၊ မနေ့က ဝပ်ရှော့ပို့လိုက်ရတယ် ... တစ်စီးက ကျွန်မ အက်ဆီးဒင့် ဖြစ်ထားလို့"

"ရပါတယ် မဟောသီ"

ကိုကို ပျော်နေသည်။ အားတော့နာပါတယ် ကိုကို ...

ကျွန်မ ... ချစ်တာက ရောင်စဉ် ...

ရောင်စဉ်က သိပ်မာနကြီးတာ ...

ကျွန်မကို စိတ်မဝင်စားဘူး ဆိုတာပဲ ကျွန်မလုံးဝ မကျေနပ်တာ။ ရောင်စဉ်ကြောင့် ကျွန်မ နှလုံးသားတွေ ကြေကွဲထိခိုက်နေလို့ပါ ...

"မဟောသီ"

"ရှင်"

"အချိန်ရလား"

"မရဘူး ကိုကို ... အတန်းက အရေးတကြီးရှိနေလို့ပါ။ ကျွန်မ





အချိန်မဖြုန်းနိုင်လို့ ကိုကို့ကို အမြန်ဆုံးကားနဲ့ ပို့ခိုင်းရတာလေ"

ရောင်စဉ် အခန်းထဲ မဝင်ခင် ကျွန်မနဲ့ကိုကိုတို့ အတွဲကို မြင်တွေ့စေချင်တယ် ...

ဒီအချိန် ... သူ ... လက်ဖက်ရည်ဆိုင်မှာ ရှိမယ် ...

ရောင်စဉ်ကို ကောင်မလေးတွေက သည်းသည်းလှုပ်ဖြစ်နေတတ်ကြသည်။ သိပ်မာနကြီးတဲ့ကောင် ...

မိန်းမတွေနဲ့ အကင်းရှင်းဆုံးနေတယ် ... မပတ်သက်ဘူး။

တမင် ... မာနပြနေတာ ...

မဟောသီ နည်းနည်းမှ မကျေနပ်ပါဘူး ...

ဒေါသတွေနှင့် ပေါက်ကွဲကာ အရွဲ့တိုက်ပြချင်နေမိချင်သည်။

"နောက်မှ အေးအေးဆေးဆေး တွေ့မယ်နော် ကိုကို၊ အခုတော့ မဟောသီ အတန်းအရေးကြီးလို့"

ရောင်စဉ် ... နင်အစ်ကိုက ငါ့ကို စွဲလမ်းနေတယ် ...

သိပ်ပြီး မာနပြမနေနဲ့နော် ...

မဟောသီဟာ ဘယ်လိုမိန်းမမျိုးဆိုတာ နင်တွေ့စေရမယ်။

ကိုကိုကတော့ တက်ကြွစွာဖြင့် ကျောင်းသို့လိုက်ပို့နေသည်။

တစ်ခါတစ်ရံ ... မဟောသီ မျက်နှာလေးကို မသိမသာ ခိုးခိုးကြည့်တတ်နေသည်။

ကိုကိုက မဟောသီ့အား အလွန်အမင်း စွဲလမ်းနှစ်သက်နေပြီဆိုတာ သိလိုက်၏။ စိတ်မကောင်းပါဘူး ကိုကို ...

မဟောသီ ကိုယ်ချင်းစာပါတယ် ... အချစ်ဆိုတာကို မဟောသီ ခံစားနေရတယ် ... ရောင်စဉ့်ကြောင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘာလေးက ကျောင်းကိုရောက်တဲ့ အချိန်တွင် ရောင်စဉ်
တို့အဖွဲ့ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေဆဲပင်ဖြစ်သည်။

မဟေသီ ဝမ်းသာသွား၏။

"ကိုကို သွားတော့နော်၊ မဟေသီ အတန်းတက်ရဦးမယ်"

"ညနေ ကိုကို လာကြိုမယ်"

"အင်း"

သူမ … ထွက်လာခဲ့မိသည်။

ရောင်စဉ်တို့အဖွဲ့ရှေ့မှ ဖြတ်လျှောက်ပြီး အတန်းထဲ ဝင်လာခဲ့၏။

"မဟေသီ"

ရောင်စဉ်က နောက်မှ ထက်ကြပ်မကွာ လိုက်လာတော့သည်။

"နင်နဲ့ ကိုကို ဘယ်မှာတွေ့ခဲ့ကြတာလဲ"

"ငါ ကိုကို့ဆီ သွားတာလေ"

"နင် သွားတာ"

"အင်း"

"ကိုကို့ကို နင် … "

"ခင်မင်တာပါ"

မဟေသီ တစ်ဖက်သို့လှည့်ပြီး သူငယ်ချင်းနှင့် စကားပြောနေသည်။ အရေးမစိုက်တဲ့ပုံ … ရောင်စဉ် ဒေါသဖြစ်မိသည်။

ကိုကိုက မဟေသီ အပေါ် စွဲလမ်းနှစ်သက်နေတာ သူသိနေ၏။ မဖြစ်ဘူး … တားဆီးရမယ် …





ဖေဖေ့ ဆန္ဒတွေကို ဆန့်ကျင်လျှင် ကြီးမားတဲ့ နစ်နာဆုံးရှုံးမှုတွေနှင့် ရင်ဆိုင်ရမှာပဲ ဖြစ်နေသည်။

သူ … ဖေဖေ့ သဘောထားကိုပဲ နှစ်သက်နေမိသည်။

မိန်းမဆိုတာ သူ့အတွက် အစေအပါး တစ်ယောက်အဖြစ်ပဲ ရှိနေရမယ် … ကိုဘမောင်က ပြောသည်။

ခင်ခင်ခက်ဆိုတဲ့ မိန်းမကို ဖေဖေ အရမ်းချစ်မြတ်နိုးပြီး မျှော်လင့်ချက်တွေ ကြီးမားခဲ့တာတဲ့ …

ခေတ်မီသော ခင်ခင်ခက်သည် သွက်လက်ချက်ချာသည်။

ယောကျ်ားတွေကို ဈေးတွက် တွက်ပြီး ပတ်သက်တတ်တဲ့ မိန်းကလေး … နောက်ဆုံးတော့ …

ဖေဖေ့အပေါ် သစ္စာမဲ့ပြီး ဖေဖေ့ထက် သာတဲ့ယောကျ်ား တစ်ယောက်နှင့် လက်ထပ်သွားခဲ့သည်။

ထိုအဖြစ်မျိုးတွေ သူတို့ဘဝမှာ မခံစားစေရအောင် ဖေဖေ ဆုံးမ၏။ ခင်ခက်ခက်က မဟေသီလို မိန်းမမျိုးပဲ …

ကိုကို ခံရတော့မယ် … ရောင်စဉ်ကတော့ မိန်းမတွေကို ယုံပြီး အထင်ကြီး၍မရနိုင်ပေ …

ဖေဖေ့စိတ်တွေ ဝင်နေသည်။

မိခင်ဖြစ်သူကို သနားပေမဲ့ သူခံရမှာလည်း စိုးရိမ်ထိတ်လန့်မိ၏။ မဟေသီက ပိုဆိုးသည် … ချမ်းသာသည်။ ပညာတတ်၏။ ချောမောလှပသည်။

မဟေသီအား ချစ်ခင်နှစ်သက်သည့် ယောကျ်ားလေးတွေ တစ်ပုံတစ်ပင် …

"မဟေသီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ရောင်စဉ်၊ အတန်းထဲကို ဆရာမ ဝင်တော့မယ်၊ နှင် ပြောစရာရှိရင် အတန်းပြီးမှ ပြောပါလားဟာ"

နှင့်အကြောင်း ငါ သိတယ် မဟေသီ ...

ငါ့ကို အရွဲ့တိုက်ပြီး ကိုကို့ကို တမင်တွဲပြနေတာပဲ မဟုတ်လား ...

"နှင် ကိုကို့ကို ဒုက္ခမပေးပါနဲ့"

"ဘာဆိုင်လဲ ... နှင့်ကိုကိုက မဟေသီကို ခင်မင်တယ်၊ မဟေသီကလည်း သာမန်မိတ်ဆွေသူငယ်ချင်း အဆင့်လောက်ပဲ ကိုကို့ကို ခင်တာပါ"

မဟေသီ အေးစက်စွာဖြင့် ပြောပြီး စာဖတ်နေလိုက်သည်။

ရောင်စဉ် ထွက်သွား၏။

နှင့်အစ်ကို ကို ငါ ဒုက္ခပေးဖို့အတာထိတော့ ရည်ရွယ်ချက် မရှိပါဘူး ရောင်စဉ် ...

ငါ့ရင်ထဲမှာ ခံစားနေရတယ် ...

နှင် ... တကယ်နေနိုင်တယ် ...

ငါ့ကိုတောင် နှင် စိတ်မဝင်စားဘူး ...

ဘယ်လိုမိန်းကလေးမျိုးကိုမှလည်း နှင် ပတ်သက်ဆက်ဆံတာ မတွေ့ရဘူး ...

ကိုကို့ကို သူမ အသုံးချမိတာ မှားများသွားပြီလား ...

သူမ ...

ခံစားနေရပြီး မကျေမနပ် ဖြစ်ရတာက သူမလို အဖက်ဖက်က လိုလေသေးမရှိအောင် ပြည့်စုံနေတဲ့ မိန်းကလေး တစ်ယောက်





အပေါ် ရောင်စဉ် အရေးတယူ မရှိခြင်း ဖြစ်သည်။

ကိုကိုရောင်နီက ရောင်စဉ့်ထက် တည်ငြိမ်အေးချမ်းပြီး အရာရာပြည့်စုံနေသူပါ ... အချစ်ဆိုတာက ခက်သည်။

ကိုယ့်ကို ချစ်ခင်နှစ်သက်နေသူကို ချစ်ချင်မှ ချစ်တတ်တာမျိုးပါ ... ရောင်စဉ်က သူမကို အရေးမစိုက်ဘူး ...

သူမက ရောင်စဉ်အား ချစ်နေမိသည်။

ကိုကို့ကိုတော့ အစ်ကိုတစ်ယောက်ထက် လုံးဝမပိုခဲ့တာ သူမ သိနေ၏။ မဟေသီ မှားသွားပြီလား ...

ရောင်စဉ် မနာလိုဝန်တို ဖြစ်အောင် ကိုကို့အား အသုံးချမိလိုက်သည်။

သူမ ... ဘာဖြစ်နေရတာလဲ ...

ကိုကိုက ရောင်စဉ်ထက်ပင် မိန်းမတစ်ယောက်ရဲ့ ဘဝကို လုံခြုံမှုပေးနိုင်သေးတယ် ...

"ကိုကို့ကို ဒုက္ခမပေးပါနဲ့"

နှင့်စကားတွေက ငါ့ကိုအထင်သေးတာပဲ ရောင်စဉ် ...

ငါ့နှလုံးသားထဲမှာ နှင့်ကို ချစ်နေမိတာပဲ ရှိတာပါ ...

ဘာတစ်ခုမှ ...

ကောက်ကျစ်ယုတ်မာတာမျိုးတွေ မရှိပါဘူးရောင်စဉ်ရယ်။

အတန်းထဲသို့ ဘာသာရပ်ဆရာ ဝင်လာ၍ အားလုံး ငြိမ်သက်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

ညနေကျောင်းဆင်းတော့ မဟေသီအား ရောင်နီ သွားကြို မိသည်။ မတွေ့ရရင် မနေနိုင်တော့ဘူး ...

ကိုကို အရမ်း တွေ့ချင်နေတယ် ...

ကံကြမ္မာပဲ ...

မိန်းကလေးတွေ အပေါ် ဘယ်တော့မှ စိတ်ဝင်စားမှု မရှိခဲ့သော ရောင်နီသည် မဟေသီကို မြင်မြင်ချင်းပင် ဖွဲလမ်းကြီးစွာ ချစ်ခင်နေမိသည်။

ဒီနေရာမှာတော့ ... ညီက စိတ်ခတ်နိုင်မာလွန်းသည်။

ဖေဖေ့ ဆန္ဒတွေကို ဘယ်တော့မှ ဆန့်ကျင်မည်မဟုတ် ...

သူမဲ ... ဘယ်လိုဖြစ်နေရတာလဲ ...

ဖေဖေက သူ့ကို အားအကိုးဆုံးပင် ...

ညီကမှ တစ်ခါတစ်ရံ ဖေဖေ့ဆန္ဒတွေနှင့် ဆန့်ကျင်တတ် သေးသည်။

အခုမှ ... ကိုယ့်ကိုယ်ကိုယ်လည်း မယုံကြည်မိအောင်ပင်





ဖြစ်နေရ သည်။ နားမလည်နိုင်တော့ ...

မေမေကတော့ ဖေဖေ့ဆန္ဒတွေအတိုင်းပဲ ဖြစ်စေချင်နေမိ သည်။ ဖျောင်းဖျနေ၏။

"ကိုကို"

"ဟင်"

ကောင်မလေး ရောက်လာသည်။ ကားပေါ်တက်၏။

ညီရှိနေသည်။ သူ ...

မျက်နှာပူပူနှင့်ပဲ ကောင်မလေးကိုခေါ်ပြီး ကားနှင့် ထွက် လာခဲ့မိသည်။

"အချိန်ရလား"

"အင်း"

"တစ်ခုခု စားရအောင်"

"အင်း"

မဟေသီ ... မင်း သိပ်ချောတာပဲ ...

ကိုကို့စိတ်တွေကို ဘယ်နည်းနဲ့မှ မထိန်းချုပ်နိုင်တော့ဘူး။

လူရှင်းတဲ့ စားသောက်ဆိုင်တစ်ခုကို ရောက်လာကြသည်။

မဟေသီနှင့် သွားလာနေရတာကို သူ့စိတ်ထဲမှာ ပျော်ရွှင် [illegible]နေ၏။

လောကကြီးအား ရင်ဆိုင်နိုင်တဲ့ အင်အားတွေ ပြည့်လာသ [illegible] ...

"ညီမလေး ကြိုက်တာမှာလေ"

"ကိုကို စားချင်တာ မှာပါ"

"ညီမလေးကို ဦးစားပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမ ... မှာနေသည်။

သွက်လက်ချက်ချာသော မိန်းမချောလေးအား စူးစိုက်ငေးမောကြည့်မိနေ၏။ ညီ ဘာပြောမလဲ ...

မဟေသီကို ညီက သိပ်ပြီး သဘောကျပုံ မရပေ။

ညီက ဖေဖေ့လိုပဲ ... မိန်းမတွေကို အလေးအနက် မထားခဲ့။

"ကိုကို"

"ဟင်"

"ညီ့အကြောင်းတွေကို ကျွန်မ သိချင်လို့ နည်းနည်းလောက် မေးချင်တယ်၊ ရမလား"

"မေးလေ"

သူ ... နည်းနည်းတော့ တုန်လှုပ်နေသည်။

ကောင်မလေး စိတ်ဝင်စားတာက ညီပဲ ဖြစ်နေ၏။

စားစရာတွေ ရောက်လာသည်။

သူ လုံးဝမကြိုက်နှစ်သက်သော ပြည်ကြီးငါးကို အသုပ်အဖြစ် မဟေသီက မှာ၏။ တစ်ခုပဲ ရှိသည်။

ညီကတော့ နှစ်သက်တတ်၏။

"ဒါ ညီကြိုက်တာလေ ... ကိုကို မကြိုက်ဘူးလို့ ရောင်စဉ်က ပြောတယ်၊ ကျွန်မ ရောင်စဉ့်ကို သတိရမိလို့ပါ"

"ဟင်"

"ညီနဲ့ စားသောက်နေရသလိုလေ"

မဟေသီသည် ရဲတင်း ပွင့်လင်းသူ ဖြစ်သည်။

"ညီနဲ့ စားသောက်ဆိုင်မှာ သူငယ်ချင်းတွေစုပြီး စားမိတိုင်း ညီကြိုက်တဲ့ ပြည်ကြီးငါးသုပ်ကို အမြဲစားတယ်"





ကိုကိုနှင့် ညီက တစ်ခါတစ်ရံ လုံးဝဆန့်ကျင်ဘက်တွေ ဖြစ်နေတတ်သည်။ ပြဿနာတော့ ကြီးကြီးမားမား မရှိကြ ...

အစားအသောက် အနေအထိုင်ကအစ ကွာဟမှုလေးတွေ ရှိနေသည်။

"ကိုကို"

"ပြော"

"ညီက မိန်းကလေးတွေကို ဘာလို့ စိတ်မဝင်စားရတာလဲ"

"ကိုကို့ ဖေဖေကြောင့် ထင်တယ် မဟေသီ"

"ကိုကိုတို့ ဖေဖေကြောင့်"

"ဟုတ်တယ်၊ ဖေဖေက သားတွေအားလုံး သူရွေးချယ်ပေးတဲ့ မိန်းမကိုပဲ လက်ထပ်ရမှာ၊ ညီက ပြတ်သားတယ်"

"ကိုကိုကရော"

"အခုတော့ ကိုကို မပြတ်သားချင်တော့ဘူး"

"ဘာကြောင့်လဲ"

"မဟေသီ့ကြောင့်"

"ရှင်"

မထူးတော့ ...

ရင်ထဲမှာ မွန်းကျပ်နေတာတွေကို ထုတ်ဖော်ပြောဆိုလိုက်သည်။ ကိုကို ... မဟေသီ့ကို ချစ်နေပြီ၊ မျိုသိပ်မထားနိုင်တော့ဘူး။

"မဟေသီ"

"ရှင်"

"ကိုကို ဘာတွေဖြစ်နေတာလဲ ဆိုတာ ညီမလေး သိမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဒီနေ့ ... ကိုကို ထူးခြားတယ်"

"ဘာမှ မထူးခြားပါဘူး ညီ"

"ကိုကို့ မျက်ဝန်းတွေက ဆွေးမြည့်ကြေကွဲနေသလိုပဲ"

"အဟက်"

"ကိုကို"

"ကိုကို ပျင်းလို့ပါ။ ညီ့လို ကိုကိုက အားကစားဝါသနာမပါဘူးလေကွာ"

"ဒါကြောင့် ညီက တမင်ခေါ်လာတာလေ ... ကိုကို့ကိုကြည့်လိုက်ရင် အမြဲတမ်း ပင်ပန်းနွမ်းနယ်မှုတွေနဲ့ပဲ ရှိနေတယ်၊ မဖြစ်သင့်ဘူးထင်တယ် ကိုကို"

ညီက သူ့ကို သိပ်ချစ်တယ် ... လေးလည်း လေးစားတယ်။

သူတို့ ညီအစ်ကိုနှစ်ယောက်က သိပ်ချစ်ကြတဲ့ ညီအစ်ကိုတွေပါပဲ။

ဖေဖေနဲ့မေမေတို့ရဲ့ စည်းစနစ် ကြီးမားပြီး ခေတ်မီတဲ့ သွန်သင်ဆုံးမ အုပ်ထိန်းမှုအောက်မှာ ကြီးပြင်းလာခဲ့ရသူတွေလေ။

ကိုယ့်တာဝန်နဲ့ကိုယ် ကျေပွန်အောင် ကြိုးစားလုပ်ဆောင်ကြရတယ်။

ပညာသင်မှဲ့ အချိန်မှာလည်း ပညာကို ထူးချွန်အောင် သင်ကြရတယ် ... သူရော ညီပါ ဂုဏ်ထူးတွေ တန်းစီထွက်ပြီး အောင်မြင်ကြသည်။

မိန်းကလေးတွေနှင့် ပတ်သက်ပြီးတော့ ကိုယ်ပိုင် ဆုံးဖြတ်





ချက်တွေ ဘာတွေ လုံးဝမရှိ။ မိဘသဘောကျ ရွေးချယ်ပေးသော မိန်းကလေးတစ်ယောက်ကိုသာ လက်ထပ်ရမည်တဲ့။

ရွေးချယ်ပိုင်ခွင့် မရှိ ... ။

ထို့ကြောင့်ပင် ...

သူ ... ဘယ်တော့မှ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားဖို့ မစဉ်းစားခဲ့ပေ။

ဖေဖေက မရ ... မိသားစုအပေါ်တွင် ဩဇာညောင်းသည်။

စည်းစနစ်ကြီး၏။ တာဝန်ကျေသည်။

သားတွေအပေါ်လည်း လိုအပ်တာထက်ပိုပြီး အလိုလိုက်တာမျိုးတွေ မလုပ်ခဲ့ ... တည်တည်ကြည်ကြည်ပဲ ဆက်ဆံခဲ့သည်။

အထူးသဖြင့် ... မေမေ့ကိုပဲ။

ဇနီးမယားအပေါ် အလွန်အမင်း ထိန်းချုပ်ထားနိုင်လွန်းသည်ဟု သူ ထင်ခဲ့သည်။

မေမေက အကြင်နာတရား ကြီးမားသူ ... သံယောဇဉ်တွယ်တာတတ်သူ ... နူးညံ့သိမ်မွေ့သူ ... ဖေဖေ့ထက်လည်း နွမ်းပါးသူတဲ့။

မေမေ့အပေါ် ဖေဖေသည် ဩဇာညောင်းလွန်းသူ ဖြစ်နေသည်။ သူတို့ညီအစ်ကိုနှစ်ယောက်လုံး မေမေ့အပေါ် ပို၍ သံယောဇဉ် တွယ်တာကြ၏။ ချစ်ခင်ကြသည်။ သနားမိကြ၏။

မေမေ့ စိတ်ချမ်းသာမှုတွေကို ငယ်စဉ်ကပင် ပေးစွမ်းနိုင်ဖို့ ကြိုးစားခဲ့ကြသည်။

ညီအစ်ကိုချင်း ပြဿနာဖြစ်တာကို မလိုလားတတ်သော ဖေဖေ့စိတ်တွေ ကျေနပ်အောင် နေထိုင်ပြုမူတတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ..."

ရောင်စဥ့်ကိုပဲ ကျွန်မ စိတ်ဝင်စားတာပါဟု အားမနာစွာ ဖွင့်ဟပြောဆိုပြစ်လိုက်ချင်တဲ့ ဆန္ဒတွေ ပြင်းပြလာရသည်

ကိုကို ရောင်နီ့ကိုတော့ အားနာပါတယ်ဒုက္ခ။

ကျွန်မ ... ရင်ထဲမှာ ... မွန်းကျပ်နေသလိုပဲ ...

ရောင်စဥ် ... နင့်အစ်ကိုက ငါ့ကို ချစ်တယ်တဲ့ ...

တကယ့်ကိုပဲ ... ရတာမလို လိုတာမရ ဖြစ်နေတယ် ...

ကိုကို ရောင်နီဟာ ... ခင်မင်နှစ်သက်ဖွယ် ကောင်းတဲ့ ယောကျ်ား တစ်ယောက်ပါ ...

တည်ကြည်ခန့်ညားတယ် ... ရိုးသားအေးချမ်းတယ် ...

နင်နဲ့ ဘာမှမဆိုင်ဘူး ... ငါ့နှလုံးသားထဲမှာ ရောင်စဥ်ဆိုတဲ့ နင့်ကိုပဲ သတိရနေမိတယ် ... ချစ်ခင်မြတ်နိုးနေမိတယ် ...

"ကိုကို ... ကျွန်မ ကိုကို့ကို မိတ်ဆွေတစ်ယောက်လိုပဲ ခင်မင်ချင်တယ်"

"မဟေသီကို"

"အစားအသောက်တွေ အေးကုန်တော့မယ် စားလိုက်ပါဦး နော်ကိုကို"

ကိုကို့ဆီက ချစ်တယ်ဆိုတဲ့ စကားတွေ ကြားရမှာ ကြောက်နေတာ မဟုတ်လား ...

မင်း ချစ်နေတာ ညီပဲ ...

ညီ ... မင်းကံကောင်းတယ် ...

"ညီကတော့ မဟေသီလို မိန်းမတစ်ယောက်အတွက် အချိ





တွေ မပေးနိုင်ဘူး ကိုကို"

ဖေဖေက အမွေဖြတ်မှာ ... သူတို့ဘဝက ရုန်းကန်ရမယ်။

ညီက မလုပ်လို ... အချစ်ဆိုတာက ရှိသေးတယ် ...

ဖေဖေ ရွေးချယ်ပေးမဲ့ မိန်းမက ဘယ်လိုမိန်းမမျိုးလဲ ...

"ကိုကိုကတော့ ..."

"စားလေ ကိုကို"

သူ ... အရသာမဲ့စွာ စားသောက်နေမိသည်။

ဖေဖေ တစ်ပတ်အတွင်း ပြန်ရောက်လာတော့မည်ဟု ဖုန်းဆက်ထား၏။

ကောင်မလေး ... ကိုကိုတော့ ... ကိုယ့်ကိုယ်ကိုယ်တောင်အားမလည်သလိုတောင် ဖြစ်လာပြီ။

မင်းကို ချစ်တယ် ... သိပ်ချစ်တယ် ...

"ကျွန်မ ပြန်သင့်ပြီ ကိုကို'

"ဟေသီ"

"ရှင်"

"ကိုကို မင်းကို ချစ်တယ်"

"ရှင်"

သူ့ရင်ထဲမှာ နှစ်နှစ်ကာကာပင် ပြောပစ်လိုက်မိသည်။

"ကိုကို့ကို အဖြေတစ်ခုခု ပေးပါလား မဟေသီ"

"အဟက်"

သူမ ရယ်လိုက်မိသည်။ မဖြစ်နိုင်ပါဘူး ...

ကျွန်မက ကိုကို့ကိုမှ မချစ်တာ ...

"ကိုကို့ကို ကျွန်မ မိတ်ဆွေသူငယ်ချင်း အဖြစ်ပဲ ခင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟေသီ"

"ရှင်"

"မင်း နှလုံးသားထဲကနေ ကိုကို့ အချစ်တွေကို နားလည် လာတဲ့ အထိစောင့်နေမှာပါ"

သူမ … ရောင်စဥ့်ကိုပဲ မျှော်လင့်နေမိတာပါ …

နင်က မဟေသီဆိုတဲ့ မိန်းမတစ်ယောက်ကို လုံးဝ အထင် မကြီးတာ မဟုတ်လား …

ဖခင်ရဲ့ အမွေဖြတ်မှာကို သူက ကြောက်နေရှာပဲ ဖြစ်သည်

နင်အတ္တကြီးတာ …

မဟေသီ ရင်ထဲမှာ အရမ်းကို ခံပြင်းပြီး မနာလိုဝန်တို ဖြစ်ေ ရသည်။ ရောင်စဥ်က မိန်းမတွေကို သူ့အစေအပါး ကျေးကျွန် တ ယောက်အဖြစ်ပဲ သဘောထားနေတာတဲ့ …

သူ့အဖေရဲ့ ဝါဒတဲ့ … ဦးအဂ္ဂ … ဘယ်လိုလူကြီးလဲ …

ရောင်စဥ့် ဖခင်သည် နားလည်ရခက်သော လူ့ဗွစာကြ တစ်ယောက်ပဲ ဖြစ်နိုင်သည်။

"ကျွန်မ ပြန်တော့မယ်"

"နေပါဦး မဟေသီ"

"မိန်းကလေးတစ်ယောက် အနေနဲ့ ညမှောင်သွားတဲ့အ နေဖို့မသင့်တော်ဘူးထင်တယ် ကိုကို"

သူမ ထသည်။

ကိုကို့အား ငြင်းဆန်ပစ်လိုက်ရမှာပင် တွန့်ဆုတ်နေမိ အားနာလို့ပါ … ပြီးတော့ …

ရောင်စဥ့်ကို မကျေနပ်ဘူး … အရွဲ့တိုက်ပစ်ချင်တယ် …





နင်တို့ မိသားစုဝင်တွေ စိတ်အနှောင့်အယှက်ဖြစ်အောင် သုပ်ပြရမယ်။

"ကိုကို လိုက်ပို့မယ်"

သူမ အိမ်ပြန်ချင်လာသဖြင့် အမြန်ဆုံး ထလိုက်မိသည်။

"ကိုကို မပို့ပါနဲ့၊ ကျွန်မကို ကားလာကြိုဖို့ပဲ အိမ်ကိုဖုန်းဆက် ဆိုက်ပါ့မယ်"

"ဘာလဲ … ကိုကို့ကို အိမ်အလည်ခေါ်ရမှာ ကြောက်လို့ လား မဟေသီ"

"ကိုကို့ကို အားနာတယ်"

သူမ ဟန်းဖုန်းဖြင့် အိမ်ကို ဖုန်းဆက်ကာ ခေါ်လိုက်သည်။

"သမီးဟာလေ ကားကို ဘယ်တော့မှ ယူမသွားဘူး၊ အပျင်း သေး"

မာမီက ပြောသည်။

သူမသည် ကားမောင်းရမှာ ပျင်းလွန်းသဖြင့် ဒရိုင်ဘာကိုပဲ ငှားခဲ့၏။ မာမီက ကားတစ်စီး ဝယ်ပေးထားသည်။

"မဟေသီ"

"ရှင်"

"ကိုကို ပြောတဲ့စကားတွေ မင်း စဥ်းစားပေးပါဦး"

"ကိုကိုက လူကြီးတွေ စီစဥ်တဲ့အတိုင်း လိုက်နာရမှာလေ"

ရောင်စဥ်က ပြောတယ် …

သူ့အဖေက ချမ်းသာကြွယ်ဝတဲ့ မိန်းမတွေကို သဘောမကျ တဲ့ …



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးပဲ … ပြောင်းပြန် …

ရောင်စဥ်တို့ ဖေဖေကလည်း အောင်မြင်တဲ့ လုပ်ငန်းရှင်ကြီး တစ်ယောက်ပဲ …

"ကျွန်မ သွားတော့မယ်"

ကား ရောက်လာသည်။

ကိုကို့အား သူမ အရမ်းအားနာစွာဖြင့် နှုတ်ဆက်လိုက်မိ၏။

မာမီက ပြောတယ် …

ကိုယ်နဲ့ လက်ထပ်မဲ့ ယောကျ်ားတစ်ယောက်ကိုပဲ အိမ်အထိ ဝင်ထွက်နိုင်တယ်တဲ့ …

"မာမီတို့က မိန်းကလေးတွေပဲ နေရတာ … သူငယ်ချင်းပဲ ဖြစ်ပါစေ၊ ယောကျ်ားလေးတွေ သိပ်အဝင်အထွက်များတာမျိုး မဖြစ်သင့်ဘူး"

မာမီက လက်မခံ …

ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းဖို့ အမြဲတမ်း ဆုံးမတတ် သည်။ မာမီသည် မာနကြီးသော မုဆိုးမတစ်ယောက်ပဲ ဖြစ်၏။

သူမ ချစ်သူအဖြစ် … လက်ထပ်မဲ့ ယောကျ်ားအဖြစ် …

ရောင်စဥ်ကိုပဲ မာမီရှေ့မှောက် ခေါ်သွားချင်နေမိသည်။

အရာအားလုံး ပြည့်စုံနေတဲ့ မိန်းကလေး …

ငွေကြေးချမ်းသာသည်။ ပညာတတ်၏။

ရုပ်ရည်ချောမောသည်။

"အဲ့ဒီမိန်းမမျိုးကို မင်း အထင်မကြီးနဲ့၊ ရလေ လိုလေဆိုတဲ့ မိန်းမမျိုးတွေ၊ သစ္စာရှိတာ မဟုတ်ဘူး"





ဖေဖေအတိတ်မှာ ဘာတွေဖြစ်ခဲ့လဲဆိုတာ သူတို့မသိပေ။

ဒေါ်ခင်ခက်ခက်လို မိန်းမတစ်ယောက်ကြောင့် မိန်းမတွေ အားလုံးအပေါ် သိမ်းကျုံးပြီး မုန်းတီးနေတာမျိုးတော့ မဖြစ်သင့် ဟု ထင်မိသည်။

သူ … မပြန်သေး … အရက်သောက်နေမိသည်။

လုပ်ငန်းရှင် တစ်ယောက်ဆိုတော့ ဧည့်ခံမည့်သူ ရှိလျှင် အနည်းအကျဉ်းတော့ သောက်တတ်အောင် လေ့ကျင့်ထားရ၏။

အရက်ကို မကြိုက် … ဘယ်တော့မှ မသောက် …

အခုတလော … သူ့စိတ်တွေ လေးလံမှုန်းကျပ်ပြီး အနှောင့် အယှက်တွေ ဖြစ်နေမိသည်။ ဖေဖေ ပြန်လာတော့မယ် …

ဘာတွေ ရင်ဆိုင်ရမလဲ … မိန်းမတစ်ယောက်ကို ဖေဖေ ခေါ်ဆောင်လာမှာ သေချာသည်။

ဖုန်းထဲမှာ ဖေဖေ့ အသံတွေက ရွှင်မြူးတတ်ကြွနေ၏။

သားသမီးတွေရဲ့ အိမ်ထောင်ရေးကို ဖေဖေ့ ဒီလောက်အထိ မချုပ်ကိုင်သင့်ဟု ထင်သည်။

အိမ်ပြန်လာခဲ့၏။ ခြံထဲမှာ … ညီက စောင့်နေသည်။

"ကိုကို နောက်ကျလိုက်တာ၊ မဟေသီတို့အိမ်အထိ လိုက် သွားတယ် ထင်တယ်"

"မလိုက်ပါဘူး ညီ"

"ကိုကို"

"ပြော"

"ဖေဖေက ကိုကို့အတွက် ဇနီးလောင်းတစ်ယောက် ရှာ ထားပြီးပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ရဲ့ အေးစက်တဲ့ အိမ်ထောင်ရေးဘဝကို သူဘယ်လို မှ ခံစားမရ ... ဘယ်လိုမိန်းမမျိုးကို ဖေဖေက ရှာလာနိုင်မလဲ ...

ဘုမသိ ဘမသိ ...

"ကိုကို စိတ်မဝင်စားဘူး"

"မဟေသီက ကိုကို့ကို ချစ်မှာမဟုတ်ဘူး ... ညီ ပွင့်ပွင့် လင်းလင်း ပြောတာနော် ကိုကို"

ကိုကို ခံစားနေရပြီ။ ဘဝပျက်မယ်။

မဟေသီ စိတ်ဝင်စားနေတာက သူ့ကိုပဲဆိုတာ ရောင်စဉ် သိနေသည်။

"ညီ"

"ဗျာ"

"မင်းကို ထင်ထားတာက ကိုယ်ပိုင်လွတ်လပ်မှုတွေနဲ့ ကိုယ်လုပ်ချင်တာ လုပ်မဲ့ပုံပဲလို့ ကိုကိုက ထင်ထားတာ"

"ဖေဖေ့ကို ဆန့်ကျင်တာ ဘာအကျိုးမှ မရှိနိုင်ဘူးထင်တယ် ကိုကို၊ ဘဝကို ခက်ခက်ခဲခဲ ရင်ဆိုင်ဖြတ်သန်းနိုင်မှာ မဟုတ်ဘူး လို့ ထင်နေတယ်၊ ပြီးတော့ ညီ့စိတ်ထဲမှာ မိန်းမတွေကို အထင် မကြီးတာ၊ ဖေဖေ့သွေးတော့ နည်းနည်းပါမယ်ထင်တယ် ... အဟဲ"

ညီက ပြတ်သားမလိုနှင့် မပြတ်သားသော လူတစ်ယောက် ဖြစ်နေသည်။

"ကိုကိုက မဟေသီကို ချစ်နေလား"

"ဟုတ်တယ် ညီ"

"ဖေဖေ ပြန်ရောက်ရင် ကိုကို ဘယ်လိုငြင်းဆန်မလဲ"

"မသိဘူး"





"ဖေဖေက ကိုကို သိတဲ့အတိုင်းပဲနော်၊ သူ့ပုံစံခွက်ထဲဝင်မှ"

"တော်ပြီကွာ"

"မဟေသီနဲ့ ဆုံမိတာ ကိုကို ကံဆိုးတာပဲနော်"

သူ ... ဘာမှမပြောတော့ ...

"မဟေသီကလည်း ခေါင်းမာတဲ့ မိန်းကလေးပဲ၊ ညီကတော့ အဖေ သဘောကျတဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်မယ်"

"မင်း မတွေ့သေးလို့ပါ"

"မရှာတာပါ ကိုကို"

သူ ... ထွက်လာခဲ့သည်။

"မဟေသီက ကိုကို့ကို ကြိုက်မှာမဟုတ်ဘူး"

သူ ဘာမှဆက်ပြီး မကြားချင်တော့သဖြင့် ရှေ့ဆက်လျှောက် လာခဲ့မိသည်။

ညီ ... ရောင်စဉ် ... မင်းက ငယ်ရွယ်နုပျိုသူပဲ ...

ကိုကို မယုံနိုင်ပါဘူးကွာ ...

မဟေသီ နားလည်လာတဲ့အထိ ကိုကိုက စောင့်နေမှာပါ။

အချစ်ဆိုတာ အသွားအပြန်ရှိတယ် ...

တစ်နေ့နေ့ ... မဟေသီက ကိုကို့ကို ချစ်လာမှာပါ ...

သူ့ခြေလှမ်းတွေ လေးလံနှေးကွေးနေတာတော့ အမှန်ပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

အိပ်လို့မပျော် ... မဟေသီထံ ဖုန်းဆက်သည်။

ညဥ့်နက်နေပြီ ... သူ ... အရမ်းခံစားနေရတယ် ...

မဟေသီ့ကို အရမ်းချစ်မိနေပြီ။

"မဟေသီ"

"ဟင် ... ကိုကို"

"မအိပ်သေးဘူးလား"

"ကိုကိုရော"

"အိပ်လို့မရလို့"

"ကျွန်မ ... "

"ရောင်စဥ့် အကြောင်းတွေပဲ စဥ်းစားနေတာလား"

"ကိုကိုကလည်း ... "

ဟုတ်တယ် ...

မဟေသီ စဥ်းစားနေတာက ရောင်စဥ့်အကြောင်းတွေပဲ

"အခုပဲ ရောင်စဥ်က ကျွန်မဆီ ဖုန်းဆက်တယ် ကိုကို"





"ကိုကို့ကို မပတ်သက်ဖို့လား"

"ကိုကို့အဖေ တစ်ပတ်အတွင်း ပြန်ရောက်လာမှာဆို"

"ဟုတ်တယ်လေ"

"ကိုကိုနဲ့ လက်ထပ်မဲ့ မိန်းကလေးလည်း ပါလာမှာတဲ့"

"အင်း"

"ကိုကို စိတ်ညစ်နေတာလား"

"အင်း"

"မိဘစကားကို နားထောင်တာ ကောင်းပါတယ် ကိုကို၊ အလုပ်သင့်ဆုံးပါပဲ၊ ရောင်စဥ်ကလည်း မိဘသဘောကျတဲ့ မိန်းမ ကိုပဲ လက်ထပ်မယ်တဲ့ ကိုကို"

"မဟေသီ"

"ရှင်"

"ကိုကို မင်းကို ချစ်တယ်"

မဟေသီ ငြိမ်သက်နေမိသည်။ ကိုကို့ကို စဥ်းစားသင့်လား။

ရောင်စဥ့် ... နင် သိပ်ကြီးကျယ်တယ် ...

မိန်းမတွေကို နင်က အထင်မကြီးဘူး မဟုတ်လား ...

ကိုကိုကလည်း သူမ ရွေးချယ်သင့်တဲ့ မိန်းမတစ်ယောက် ပဲ ...

'ကိုတို့အဖေက သူသဘောမတူတဲ့ မိန်းကလေး တစ် ယောက်ကို လက်ထပ်ခွင့် မရှိဘူးဆို"

"ဟင့်အင်း"

"ကျွန်မကို ရွေးချယ်ရင် ကိုကို စိတ်ဆင်းရဲရမှာပဲ"

"ကိုကို ရင်ဆိုင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟက်"

"မရယ်ပါနဲ့"

ရောင်စဥ်သာ ဖြစ်နေရင် ဘယ်လောက်ကောင်းမလဲဟု သူမ တွေးမိနေသည်။

"ကျွန်မကတော့ မိဘတွေ လက်မခံတဲ့ ချွေးမတစ်ယောက် မဖြစ်ချင်ဘူး"

သူမလည်း ငွေကြေးပြည့်စုံတဲ့ မိန်းကလေးပဲ ...

ယောက္ခမတွေက လက်မခံတဲ့ မိန်းကလေးတစ်ယောက် ဘဝ အရောက်မခံနိုင်ဘူး ...

ကျွန်မက ဟင်းရွက် ကန်စွန်းရွက် မဟုတ်ဘူး ကိုကို။

"ကိုကို"

"ဟင်"

"ကိုကို့စိတ်တွေ အရမ်းပင်ပန်းမှာ စိုးလို့ပါ ကိုကို"

"ကိုကို မင်းကို ချစ်တယ်"

"မဖြစ်နိုင်ပါဘူး"

"မဟေသီ"

"ကျွန်မ ချစ်တာက ရောင်စဥ်ပဲ ကိုကို"

မဟေသီ ဖုန်းချသွားသည်။

ရောင်နီ စိတ်ပင်ပန်း နွမ်းနယ်စွာဖြင့် ကျန်ခဲ့တော့၏။

ညီ့ကို ချစ်တာတဲ့ ... ပွင့်လင်းတယ် ...

ဖေဖေ့ရဲ့ အတ္တကြီးမားတဲ့ လုပ်ရပ်တွေကို သူ လက်မခံနိုင် အောင် ဖြစ်နေသည်။

ဘယ်လိုမိန်းမမျိုးကို ဖေဖေက ခေါ်ဆောင်လာမှာလဲ ...





မေမေ့ကို ရွေးချယ်တာမျိုးလား ...

စိတ္တဇဆန်လွန်းတဲ့ ဖေဖေ့လုပ်ရပ်တွေကို သူ မုန်းတီးနေ မိသည်။ မဟေသီ့ကို ချစ်တယ် ... မြတ်နိုးတယ် ...

"သား"

မေမေ ရောက်လာသည်။

"မင်း မအိပ်သေးဘူးလား၊ မနက်ဖြန် ရုံးတက်ရမယ်၊ ဖေဖေ က လုပ်ငန်းတွေကို သားနဲ့လွှဲထားတာ မဟုတ်လား"

မေမေ စိတ်ပူနေသည်။

သားတွေနှင့် ပတ်သက်ပြီး မေမေ ဘာမှ စီမံနိုင်စွမ်းမရှိခဲ့။

"မေမေ"

"ဟင်"

"သားဘဝကို ဖေဖေက ဖျက်ဆီးပစ်တော့မယ်"

သူ ... ကြေကွဲစွာ ပြောမိသည်။

မဟေသီ ... ယောက္ခမလက်မခံချင်တဲ့ ချွေးမတစ်ယောက် ဘဝ အရောက် မခံနိုင်ဘူးတဲ့ ...

"ဖေဖေ ရွေးချယ်တဲ့ မိန်းမကိုပဲ ချစ်ခင်ကြင်နာစွာ ပေါင်း သင်းပါ၊ မေမေ့လိုတော့ မဖြစ်စေချင်ဘူး"

ကိုအဂ္ဂက တစ်ယူသန် ... အတ္တကြီးမားသည်။

ခင်ခက်ခက်ဆိုတဲ့ မိန်းမကြောင့် တခြားမိန်းမတွေကို မုန်း တီး နားကြည်းနေ၏။ သားတွေကို သနားမိသည်။

"သား အိပ်တော့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ပြန်လာတော့မယ်"

"ဟုတ်ကဲ့"

မေမေ ထွက်သွားသည်။

သူ ... ဘာဖြစ်နေတာလဲ ... မဟေသီက ညီ့ကို ချစ်နေတာ

ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို ဒီလောက်အထိ
စွဲလမ်းနှစ်သက်မနေသင့်ဘူးလို့ ထင်တယ် ...

စိတ်တွေကို ဖြေသိမ့်နေမိသည်။

သူ့ရင်ထဲမှာ မဟေသီပဲ ရှိနေတာ ခက်နေ၏။

ညဦးနက်တဲ့အထိ အိပ်မပျော် ...

ဒီနေ့ ... ရုံးပိတ်ရက်ဖြစ်၍ မေမေက မနိုး ...

နေအတော်မြင့်မှ သူ အိပ်ရာမှ နိုးလာတော့သည်။

ရေချိုးပြီး အောက်ထပ်ဆင်းခဲ့၏။

ဖေဖေ မရှိတဲ့ အချိန်တွေမှာ မေမေနှင့်သူတို့ ပိုပြီးရင်းနှီး
ကျွမ်းဝင်မှု ရှိခဲ့ရ၍ ဖြစ်သည်။

စားသောက်စရာတွေအပြည့် ပြင်ထားသော စားပွဲတစ်လုံး
နှင့် မေမေ စောင့်နေ၏။

"သား ချောင်သွားတယ်"

"ညီရော"

"ကျောင်းသွားပြီ"

ဖေဖေ ရှိလျှင် မေမေသည် မီးဖိုချောင်ထဲမှာပဲ ငြိမ်ကုပ်နေ
ရသည်။ ဘာအခွင့်အရေးမှ မပေး။

"မနက်အစောကြီးက သားငယ်ဆီ မင်းတို့ဖေဖေ ဖုန်းဆက်





တယ်"

"ဟင်"

"ပြန်လာတော့မယ်တဲ့ ... ဒီညနေပဲ ရောက်မယ်ဆိုလားပဲ
သား"

"ဗျာ"

ဖေဖေ ပြန်လာတော့မယ် ... သူ ... စိတ်ညစ်သွားမိသည်။

ဘယ်လို မိန်းမတစ်ယောက်ကို ဖေဖေ ခေါ်လာမှာလဲ ...

ခပ်နုံနုံ မိန်းမလား ...

"မေမေ"

"ဟင်"

"မေမေ ဘာဖြစ်လို့ ဖေဖေ ထားရာနေ စေရာသွားနေရ
တာလဲဟင်"

"သားတွေကြောင့်လေ"

"ဖေဖေ့ အယူအဆကြီးကို သား သဘောမကျဘူး"

"ရောင်နီ"

"ဆန့်ကျင်ချင်တယ်"

သားတွေ စိတ်အနှောင့်အယှက် ဖြစ်မှာလည်း စိုးမိသည်။

ခင်ပွန်းဖြစ်သူက ပြတ်ပြတ်သားသား အရေးယူမှာလည်း
စိုးလိုလားမိပြန် ... ဘယ်တတ်နိုင်မလဲ ...

မိမိမှာ ဘာအခွင့်အရေးမှ ပြောဆိုတောင်းယူပိုင်ခွင့်မရှိ ...

အရုပ် ... မိန်းမတွေကို မချစ်တဲ့ ယောကျ်ား ...

"မေမေ ကံဆိုးတာပါ။ သားတွေကိုတော့ ပျော်ရွှင်စေချင်
တယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေ ကျွေးမွေးတဲ့ စားသောက်စရာတွေ စားသောက်ပြီး သူ့အခန်းထဲ ပြန်ဝင်လာခဲ့သည်။

"ဖေဖေ ဒီညနေလောက် ပြန်လာမယ်ထင်တယ် ကိုကို"

ညီက ဆီးကြိုပြောသည်။ သူ ... အေးစက်နေမိသည်။

"ကိုကို"

"ဟင်"

"မဟေသီက ... "

"ကိုကိုနဲ့ ဘာမှမဆိုင်ပါဘူး ညီ"

"နေပါဦး ကိုကို"

သူ ရစ်လိုက်သည်။

"မဟေသီက ... "

"ညီ့ကို ချစ်တာပါ"

"ကောင်းတယ်"

"ဘာ"

"ကိုကို့ကို မဟေသီနဲ့ မပတ်သက်စေချင်တာပါ"

"ဘာဖြစ်လို့လဲ ညီ၊ မဟေသီက ချမ်းသာကြွယ်ဝပြီး အရေ အားလုံး ပြည့်စုံနေတဲ့ မိန်းမတစ်ယောက်ပဲဟာ"

ညီ့အနေနှင့် မဟေသီအား ဘာကြောင့်များ စိတ်မဝင်စားဘဲ နေရတာလဲ ... မြင်ရသူ ငေးလောက်အောင် ချောမောလှပတဲ့ မဟေသီပဲ ...

"မဟေသီဟာ ဘယ်သူလဲဆိုတာ ကိုကို သိလားဟင်"

"ဘယ်သူလဲ"

"ဒေါ်ခင်ခက်ခက်ရဲ့ သမီးလေ"





"ဟင်"

ဖေဖေ့ ရန်သူ ... အမုန်းတီးဆုံး မိန်းမ ...

"မင်းကို ဘယ်သူပြောလဲ"

"ကိုဘမောင်"

"မင်းနဲ့ ထပ်တွေ့ပြန်ပြီလား ညီ"

"အင်း"

ဒရိုင်ဘာ ကိုဘမောင်နှင့် ထပ်ပြီးတွေ့ကြောင်း ညီက ပြောသည်။

"မဟေသီက ဒေါ်ခင်ခက်ခက် သမီးတဲ့ ... ဖေဖေ့ဘက်က ဘယ်လိုနည်းနဲ့မှ သဘောတူမှာ မဟုတ်တော့ဘူး ကိုကို"

ဟာကွာ ... ကံကြမ္မာကလည်း ...

မဟေသီက ဒေါ်ခင်ခက်ခက်ရဲ့သမီး ဖြစ်နေပြန်ပြီ။

သူ့ရင်ထဲမှာ စူးရှနာကျင်တဲ့ ဝေဒနာတွေ ခံစားလိုက်ရသည်။ ဟေသီက သူ ချစ်မြတ်နိုးရတဲ့ မိန်းကလေး ...

ထိုမိန်းကလေးရဲ့ စွဲမက်ဖွယ်ကောင်းတဲ့ အလှတွေကို စွန့်ပစ်၍ မရတော့ ...

"ဒေါ်ခင်ခက်ခက်က ဖေဖေ့ကို သစ္စာမဲ့တာတဲ့"

"ဖေဖေနဲ့ ဒေါ်ခင်ခက်ခက်ကြားမှာ ဘာပြဿနာတွေ ရှိနေခဲ့မှ မသိတာပဲ"

"ဖေဖေက ဒေါ်ခင်ခက်ခက်ကြောင့် မိန်းမတွေ အားလုံးကို အောင် မုန်းနေတာ"

"ဖေဖေက အတ္တကြီးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

ညီက မဝေဖန်ဘဲ သူက အကြီးဖြစ်ပြီး ဖေဖေ့ကို ဝေဖန်တာ မကောင်းမှန်းတော့ ကိုကို သိနေသည်။ ရင်ထဲမှာ နာကျင်နေ၏။

ဖေဖေနှင့် မေမေ့ အိမ်ထောင်ရေးမျိုးကို သူ မုန်းတီးနေမိသည်။ သဘောမကျမိ ...

"ညီ"

"ကိုကို"

"ဖေဖေ့ အိမ်ထောင်ရေး မင်း သဘောကျလား"

"ဟင်အင်း"

"မင်း"

"ဖေဖေ့ကို ဆန့်ကျင်ရင် အဓိက စိတ်သောကရောက်ရမှာ မေမေပဲ ကိုကို၊ မေမေ ပိုပြီး အနှိပ်စက်ခံရမှာပဲ"

သူ ... နောင်တရသွားသည်။ ညီ ပြောတာ မှန်တယ် ...

ဖေဖေက ဘာကိုပဲ မကျေမနပ်ဖြစ်ပါစေ အမဲခံရသူ မေမေပင်။ အိမ်မှုကိစ္စတွေကို မနိုင်မနင်း လုပ်နေရတဲ့ အပြင် ဖေဖေ့ အဆူအပူ အကြိမ်းအမောင်းကိုလည်း ခံရသေးသည်။

အလုပ်သမားသာသာပဲ ရှိသော မေမေ့ ရုပ်သွင်သည် သား တွေကြောင့်သာ မေမေ ရပ်တည်နေနိုင်ခြင်း ဖြစ်၏။

"ကျွန်တော် မေမေ့ကို ချစ်တယ်၊ ဖေဖေ့ကြောင့်သာ မေမေ အနားမကပ်ရဲတာ"

မေမေသည် သားတွေနှင့် အလွန်စိမ်းဖွာ ခပ်ခွာခွာနေ ခဲ့သည်။ သားတွေရဲ့ ကိစ္စအဝဝ ဖေဖေ့အမိန့်နှင့်ပဲ စီမံခန့်ခွဲနေ





"ကိုကို"

"ဟင်"

"မေမေ့ကို မချစ်ဘူးလား"

"မေမေ့လို အနှိပ်စက်ခံ မိန်းမတစ်ယောက် ဖေဖေ ထပ်ပြီး နှိပ်စက်နေပြီ" (opening letters partly hidden in gutter: …နှိပ်စက်နေပြီ)

"ကိုကို့အပေါ် မူတည်တာပါ"

ညီ့ကို ကြည့်မိသည်။

ဖေဖေ ရွေးချယ်မဲ့ မိန်းမတစ်ယောက်ကို သူ ချစ်နိုင်မလား။

မချစ်နိုင်ဘူး ထင်တယ် ...

အေးစက်စက် ထုံထိုင်းထိုင်း မိန်းမတစ်ယောက်ကို သူ အထင်မကြီးဘူး ... ဖနီးမယား တစ်ယောက်အဖြစ် ဘဝတစ် လျှောက်လုံး လက်တွဲရမလား ...

သူ ... မဟေသီလို မိန်းမမျိုးကို ချစ်မြတ်နိုးတယ် ...

ရဲရင့် ပြတ်သားတယ် ... ပွင့်လင်းတယ် ...

သူ့ဘဝကို ဖေးမကူညီနိုင်မဲ့ မိန်းမ ...

"မိန်းမတစ်ယောက်ကြောင့် မိန်းမတွေအားလုံးကို မုန်းတီး နှိပ်စက်နေတာမျိုးတော့ မဖြစ်သင့်ဘူး"

"ညီက မေမေ့ကို သနားတယ် ကိုကို"

"ကိုကိုလည်း သနားတာပဲ"

မေမေဟာ ချစ်ခင်မြတ်နိုးဖွယ်ကောင်းတဲ့ မိန်းမတစ် ယောက်ပါ။ သူတို့အတွက် မေမေ အနစ်နာခံနေကြောင်း သိထား သည်။

"မင်းတို့မေမေက ဘာအစွမ်းအစမှ မရှိဘူး၊ မင်းတို့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



အတွက်လည်း ဘာမှ လုပ်ပေးနိုင်မှာ မဟုတ်ဘူး”

ဖေဖေ့ မကောင်းကြောင်းကို မေမေက ဘယ်တော့မှ မပြောဘူး … သားတွေ ဆန့်ကျင်မှာလည်း မလိုလားဘူး …

“ဖေဖေ့ကို ကျွန်တော် လုံးဝမဆန့်ကျင်ချင်ဘူး ကိုကို”

သူ စိတ်ပျက်နေမိသည်။ ဖေဖေ ရောက်လာတော့မယ် …

“ဒီညနေလောက် ဖေဖေ့ကား ဝင်မယ် ကိုကို … သား နှစ်ယောက်လုံး အိမ်ပေါ်မှာပဲ ရှိနေပါစေတဲ့”

“ကောင်မလေး ပါလား”

“ပါတယ် … ပန်းအရိပ်တဲ့”

“ပန်းအရိပ်”

“အင်း”

ဖေဖေက ပန်းအရိပ်ဆိုတဲ့ မိန်းကလေးတစ်ယောက် ပါ ကြောင်း ပြောသည်။

“ဖေဖေ့ဆီမှာ နေမှာ ပန်းအရိပ်နဲ့ သူ့အဒေါ်လေ … သား နဲ့ လက်ထပ်ပေးဖို့ စီစဉ်ပေးရမယ်”

ကိုကို အိပ်ပျော်နေ၍ သူနှင့်ပဲ ပြောဖြစ်နေသည်။

“မင်း အတွက်ရော”

“ညီက ကျောင်းမှ မပြီးသေးတာပဲ … ဘာပဲဖြစ်ဖြစ် ဖြစ်စေချင်တာပဲ ဖြစ်ပါစေ၊ နာခံလိုက်တာ အကောင်းဆုံးပါပဲ

“ညီ”

“ဗျာ”

“မင်း မပျော်သို့ကို တကယ်ပဲ မချစ်ဘူးလား”

“စိတ်မဝင်စားမိအောင် နေတာပါ၊ ညီတို့က ဖေဖေ့





ထဲက လူသားတွေလေ ကိုကို”

ညီ … ထိန်းချုပ်နိုင်တာပဲ …

သူက အကြီး … ရုက်စရာပင် ကောင်းသည်ဟု …

သူ တွေးနေမိသည်။

ညီ့ မျက်နှာကိုပင် မကြည့်ရဲအောင် ဖြစ်နေ၏။

သူ့အတွေးအခေါ် ညံ့ဖျင်းတာလား …

မေမေ့ကို သူ ငဲ့ညှာထောက်ထားမှု မရှိတာတော့ မဟုတ်ပါဘူး … တစ်ယောက်နှင့် တစ်ယောက် နားလည်မှုရှိတဲ့ အိမ်ထောင်ရေးမျိုးပဲ လိုလားတယ်။

“ကိုကို ဘယ်မှမသွားနဲ့နော်၊ ဖေဖေ ပြန်လာရင် အဆင်ပြေအောင်နေပေးပါ”

ညီက ဆုံးမနေသည်။ အကြီးတစ်ယောက် အနေနှင့်ပိုပြီး အသင့်ရှိနေသင့်သည်ဟု ထင်၏။

ပန်းအရိပ်ဆိုတဲ့ မိန်းကလေးက ဘယ်လိုမိန်းကလေးမျိုးလဲ။ စိတ်ထဲမှာလေးလံနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

ဖေဖေ ပြန်ရောက်လာသည်။

ပန်းအရိပ်ဆိုတဲ့ မိန်းကလေးတစ်ယောက်လည်း ဖေဖေ
အတူပါလာ၏။

အဒေါ်နှင့် နေရတာတဲ့ ... ခပ်နွမ်းနွမ်းပဲ ...

ဖေဖေ ဘာတွေ လုပ်နေတာလဲ ...

ရှုံးသွပ်တာလား ... အမိပွာယ်မရှိတာ ...

ပန်းအရိပ်သည် ရုပ်ရည်တော့ ချောမောလှပတဲ့ မိန်းက
တစ်ယောက်ပါပဲ ...

ပုံစံက ခပ်နွမ်းနွမ်း ... ဆင်းရဲနွမ်းပါးပုံပင် ...

"သား ... သူက ပန်းအရိပ်တဲ့ဖေဖေ့ ... တပည့်တစ်ယော
ရဲ့ သမီးလေ၊ ဖေဖေ့တပည့်ကတော့ ဆုံးသွားပါပြီ၊ ကောင်မေ
က အဒေါ်နဲ့နေတာ"

ဖေဖေက ပြောသည်။ ပန်းအရိပ်တဲ့ ...

သူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းကို အလွန်အမင်း ကြော





နှန်လှုပ်နေပုံပင်။ ထိုင်နေရင်းလည်း ခေါင်းငုံ့နေသည်။

သူမ မျက်ဝန်းတွေထဲမှာ တုန်လှုပ်ချောက်ချားမှုတွေပဲ ရှိ
နေ၏။ အဲ့ဒါကို မကြိုက်တာဘဲ ...

သူက သွက်လက်ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်
ကိုပဲ သဘောကျသည်။

အေးစက်ထုံထိုင်းပြီး သူ့ထားရာနေ စေရာသွားမဲ့ မိန်းမမျိုး
ကိုအပ်ပါဘူး ...

မောင်တစ်ထမ်း မယ်တစ်ရွက် ဆိုတာမျိုးပဲလေ ...

သူ့ကို ကူညီနိုင်မဲ့ မိန်းမ ... မေမေ့ကို ကြည့် ...

မီးဖိုခန်းထဲကကို မထွက်ရဘူး ...

သူ ကိုယ်ချင်းစာမိနေသည်။

မိန်းမတစ်ယောက်ကို အဲ့ဒီလို နှိမ်ချဆက်ဆံတာမျိုး မလို
းပေ။

"မနှင်းစက်" ...

"ရှင်"

"အရိပ်တို့ တူဝရီးကို အခန်းပေးလိုက်"

"ဟုတ်ကဲ့"

ဖေဖေ့ လေသံတွေက မေမေနဲ့ပတ်သက်လာရင် အရမ်း
ကျောတာပဲ ... အစေအပါး ပုံစံမျိုး ...

"သား"

"ဗျာ"

"ဖေဖေက မင်းတို့ဘဝတစ်လျှောက်လုံး သစ္စာရှိရှိ ကျိုးကျိုး
ကြုံစုယုယပေးမဲ့ မိန်းမတစ်ယောက်ကို ရှာပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးအဠ ဘဝတစ်လျှောက်လုံး မိန်းမတွေကို အထင်မကြီး မိတော့ပေ။ ခင်ခက်ခက်ကို သူ ဘယ်လောက်အထိ ချစ်ခင်နှစ် သက်ခဲ့လဲ … ဘဝနှင့် ပုံအပ်ပြီး ချစ်ခဲ့တာ …

ဒါပေမဲ့ … သစ္စာမရှိဘူး … ဖောက်ပြန်တယ် …

သူ့ထက်သာတဲ့ ယောကျာ်းတစ်ယောက်ကိုတွေ့တော့ သူ့ကို ရက်စက်စွာ ထားပြစ်ခဲ့တဲ့ မိန်းမ …

ဘာလုပ်မှာလဲ …

မိန်းမဆိုတာ အလုပ်အကျွေးပြုဖို့လောက်ပဲ အသုံးချသင့် တယ် …

ခင်ခက်ခက်ကြောင့် မိန်းမတွေကို သူ မုန်းတီးနာကြည်းခဲ့ မိသည်။ အချစ်တွေ ကင်းမဲ့သွားရ၏။

ညှဉ်းပန်းနှိပ်စက်ရတာပင် အရသာတွေ့နေသလို ဖြစ်နေ သည်။

"ထက်ထက်မြက်မြက် သွက်သွက်လက်လက် မိန်းမတွေ ကိုယ့်ဘဝအတွက် သိပ်ပြီး အသုံးမဝင်ပါဘူး"

"ဖေဖေ့ အယူအဆ မှားနေပြီ"

"ဘာပြောတယ် သားကြီး"

ဖေဖေ မျက်ထောင့်နီကြီးတွေနှင့် ဆတ်ခနဲ မော့ကြည့် သည်။

"ဘာမှားနေတာလဲကွ"

"ဖေဖေနဲ့မေမေ့လို အိမ်ထောင်ရေးမျိုးကို သား စိတ်ပျ မိတာတော့ အမှန်ပဲ"

"ဘာ"





"အချစ်ပါတဲ့ အိမ်ထောင်ရေးမျိုး၊ ပျော်ရွှင်တက်ကြွမှု အပြည့် ရှိတဲ့ အိမ်ထောင်ရေးမျိုးကိုပဲ တည်ဆောက်ချင်တယ်"

"အမိပ္ပာယ် မရှိတာပဲ … မိန်းမတွေအကြောင်း မင်း ဘယ် လောက် သိထားလဲ"

ဖေဖေ ဒေါသတကြီးနှင့် မျက်ထောက်တွေပင် နီးမြန်းလာ သည်။

"မိန်းမတွေကို ဦးစားပေးရင် ရောင့်တက်တတ်တယ်ကွ … အချစ်လဲ၊ အချစ်ဆိုတာ အလကားပဲ … မင်း မခံစားနဲ့၊ ခံစားတဲ့ သူပဲ စိတ်ဒုက္ခရောက်ရလိမ့်မယ်"

အဲဒါတော့ မှန်တယ် …

သား ထောက်ခံတယ် ဖေဖေ …

အခု … မဟေသီကို ချစ်လို့ သား ခံစားနေရပြီ …

သားကို မဟေသီက မချစ်ဘူး … သူမ ချစ်တာက ညီ …

"မင်းတို့ မက်မောတဲ့ မိန်းမတစ်ယောက်ကို ငါလည်း တစ် ခါ မက်မောတွယ်တာခဲ့ဖူးတာပဲ"

ခင်ခက်ခက် … မင်းကြောင့် ငါဘဝပျက်မတတ် ခံစားခဲ့ရ တယ်လေ။

"အရိပ်လို မိန်းမမျိုးကိုပဲ မင်းလက်ထပ်ရမယ်"

ဖေဖေ့ အမိန့် … သူ … ငြင်းဆန်ပစ်ချင်သည်။

"ဆင်းရဲနွမ်းပါးပြီး ကိုယ့်ထက်နိမ့်ကျတဲ့ မိန်းမတစ်ယောက် ကို လက်ထပ်မှ မင်းထားရာနေ စေရာသွားမှာ"

"ကျွန်တော် အဲဒီလို မိန်းမမျိုးကို လက်မထပ်ချင်ဘူး ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ဖေဖေ့အား ရင်ဆိုင်ကြည့်မိသည်။

"မလိုဘူး၊ မင်း ငါစီမံတာပဲ နာခံရမယ်၊ ငါ လက်ထပ်ခိုင်းတဲ့ မိန်းမကိုပဲ လက်ထပ်ရမယ်၊ မင်းတို့ဘဝ ရှေ့ရေးအတွက် ဖေဖေ စီစဉ်တာ"

မိန်းမချောတွေက တစ်နေ့ကျရင် သားတွေအပေါ် ဖောက်ပြန်သွားမှာကို ဦးအဌ အကြောက်ဆုံးဖြစ်နေသည်။

"မင်းမေမေကိုပဲကြည့်၊ ဖေဖေ့အပေါ် ဘယ်လောက်အထိ သစ္စာရှိလဲ၊ ကျိုးနွံလဲ၊ အိမ်မှုကိစ္စတွေကို ဘယ်လောက်အထိ နိုင်နင်းလဲ၊ ဖေဖေက မိန်းမယူတာ မျိုးဆက်ချန်ထားနိုင်ဖို့ပဲ လက်ထပ်တာ"

ဖေဖေ့ကို ဘယ်လိုမှ ဆန့်ကျင်ပြောဆို၍ မရမှန်း သူသိထား သည်။

"မင်း အရိပ်ကို ချစ်ဖို့ မလိုဘူး ... လက်ထပ်ဖို့ပဲ လိုအပ်တယ် သား"

မျိုးဆက်အတွက်တဲ့ ...

ဖေဖေ့ရည်ရွယ်ချက်ကြီးက အူတူတူ နိုင်သည်ဟု ထင်မိနေ သည်။ အဓိပ္ပာယ်မဲ့နေ၏။

အိမ်ထောင်ရေး အနှစ်သာရတွေကို ဖေဖေ မစဉ်းစားတော့ ဘူးလား ...

ဖေဖေ့ဘဝ အတွေ့အကြုံ ခံစားချက်တွေနှင့် သူတို့အပေါ် လိုက်ပြီး ညှိတာမျိုးတော့ မဖြစ်သင့်ဟု ထင်မိသည်။





"မင်းတို့ကို လူလားမြောက်အောင် ငါ ရှာဖွေကျွေးမွေးခဲ့တာ ... ငါ ထားရာနေ စေရာသွားရမယ် ... ငါ စီမံတာကို နာခံရမယ်"

ဖေဖေသည် တစ်ယူသန် တစ်ဖွတ်ထိုး ပြောဆိုနေတတ်သည်။ ခေါင်းမာတတ်၏။ နေရာတကာ ... ဖေဖေ့ အမိန့်အာဏာကိုပဲ နာခံရသည်။ ငယ်စဉ်လေးတည်းက ဖေဖေ့ အစီအမံတွေအောက်မှာပဲ နေထိုင်ပြုမူခဲ့ရ၏။

"အရိပ်ကိုပဲ မင်း လက်ထပ်ရမယ် ရောင်နီ"

ဖေဖေ ထသွားသည်။

သူ ... ကျန်ခဲ့သည်။

ပန်းအရိပ်တဲ့ ... ဖြူနုချောမောတဲ့ မိန်းကလေးပါပဲ ...

ဒါပေမဲ့ ... အေးစက်လွန်းသည်။ ကြောက်ရွံ့နေ၏။

ဖေဖေနှင့် သူ့ကိုပင် မော့မကြည့်ရဲဘဲ ပြားပြားဝပ်နေသည်။

"ကိုကို"

ညီ ရောက်လာသည်။

"ပန်းအရိပ်က မဆိုးပါဘူး"

"တော်ပါပြီကွာ"

"ကိုကို လျှော့ကျင့်ပေးပေါ့"

သူ ...

ဘာမှမပြောချင်တော့ပေ။

"မဟေသီက ကိုကို့ကိုမှ မချစ်တာပဲ"

"မင်းကရော ညီ"

"ကျွန်တော် မဟေသီ့ကို လုံးဝမချစ်ဘူး ... ကိုယ့်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မချစ်သင့်ဘူး”

“မင်း မချစ်တာနဲ့ ကိုကိုက မချစ်ရတော့ဘူးလား”

“ဒေါ်ခင်ခက်ခက်ရဲ့ သမီးလေ ... ဖေဖေနဲ့ ပြဿနာတွေ အကြီးအကျယ် တက်မှာ”

သူ့ နှလုံးသားက ဒေါ်ခင်ခက်ခက်ရဲ့ သမီးမဟေသီကိုမှ ချစ်ခင်မြတ်နိုးနေမိသည်။ လက်ထပ်ချင်မိသည်။

ဖေဖေ့ အရိပ်တွေအောက်ကနေ သူ ရုန်းထွက်ချင်နေမိသည်။

“ပန်းအရိပ်ကို ဖေဖေ့ဆန္ဒအတိုင်း လက်ထပ်ပြီး ကိုကို ဖြစ်စေချင်တာတွေ ပြုပြင်ယူလို့ ရတာပဲဟာ”

ရောင်စဥ်ကတော့ ပန်းအရိပ်ကို သဘောကျမိသလို ဖြစ်နေမိသည်။ ရိုးသားအေးချမ်းတဲ့ မျက်ဝန်းလေးတွေကို ပိုင်ဆိုင်ထားတဲ့ မိန်းကလေး ... ဆင်းရဲ နွမ်းပါးပုံပင် ...

ဖေဖေသည် မိန်းမတွေကို ညှဥ်းပန်းနှိပ်စက်ရတာပင် အရသာ တွေ့နေသည်။ ရောင်စဥ်ကလည်း မိန်းမတွေကို အထင်မကြီး။

ခပ်စွာစွာ မိန်းမတွေကို လက်ထပ်ချင်တဲ့ ဆန္ဒမရှိ ...

“မာန်မာနတွေတက်ပြီး ကိုယ်နဲ့ ပခုံးချင်းယှဥ်မဲ့ မိန်းမမျိုးကို ညီ လက်မထပ်ချင်ဘူး”

“မဟေသီကို ညီ ... မချစ်တာပဲ ကိုကို ကျေးဇူးတင်ပါတယ်”

“ကိုကို”

“ကိုကို ရူးနေပြီ ညီ”

ပန်းအရိပ်လို ထုံအအ မိန်းမတစ်ယောက်ကို သူ ဘယ်နည်းနဲ့မှ အထင်မကြီးနိုင်ပေ။





ရှေးက ရေစက်ပဲလား ...

မဟေသီကိုပဲ မြင်မြင်ချင်း စွဲလမ်းနှစ်သက်နေမိသည်။

“မဟေသီက ကိုကို့ကိုမှ မချစ်တာပဲဟာ”

“ကိုကို ကြိုးစားကြည့်ချင်တယ် ညီ”

“ဒုက္ခပါပဲ”

ပန်းအရိပ်အား ညီနှင့် လက်ထပ်ဖို့လည်း ဖေဖေက ဘယ်နည်းနဲ့မှ လက်ခံမှာ မဟုတ်တာ သူသိနေသည်။

ဘွဲ့မရသေးဘဲနှင့် ချစ်သူထားခွင့် လက်ထပ်ခွင့်လုံးဝမရှိပေ။

“ပန်းအရိပ်လို မငြင်းဆန်ပါဘဲ လက်ထပ်ပြီး ကိုကို ပုံစံသွင်း ညီ”

“ဖေဖေက သဘောကျမှာ မဟုတ်ဘူး ညီ ... မိန်းမတွေကို ညှဥ်းပန်းနှိပ်စက်တာပဲ ဖေဖေက သဘောတွေ့နေတာ”

“မဟေသီကလည်း ကိုကို့ကို ချစ်မှာမှ မဟုတ်တာ”

“ကိုကို ကြိုးစားကြည့်ချင်သေးတယ် ညီ”

“မဖြစ်နိုင်ဘူး၊ ကိုကိုပဲ ဒုက္ခကောင်းကောင်း ရောက်မှာ”

သူ ... ခေါင်းမာချင်နေသည်။ မဟေသီကို မေ့မရ ...

“မဟေသီဟာ ဘာမှအထင်ကြီးစရာ မရှိပါဘူး ကိုကိုရာ”

“ကိုကို့ စိတ်ခံစားမှုတွေနဲ့ ညီ့ခံစားမှုတွေ လုံးဝဆန့်ကျင်ဘက် ဖြစ်နေတယ်”

ရောင်စဥ် ခေါင်းခါမိသည်။ ပန်းအရိပ်က မဆိုးပါဘူး ...

ကိုကို့ထက် ငယ်ပုံရပြီး သူနှင့်ရွယ်တူပဲ ဖြစ်နေသည်။

ဆယ်တန်းဖြေထားတာတဲ့ ... ကိုကို မှားတယ် ...



www.burmeseclassic.com

www.burmeseclassic.com



မပေါသီက ဆိုရှယ်ကျလွန်းပြီး မာန်မာန ကြီးမားတဲ့ မိန်းမ တစ်ယောက်ဟု ထင်မိသည်။ ကိုကို ဒုက္ခရောက်မှာပါ ...

သူ ... ကျောင်းသွားဖို့ ပြင်ဆင်နေသည်။

ကိုကိုကတော့ လုပ်ငန်းခွင်ကိုပဲလား မပေါသီဆီပဲလား ထွက်သွား၏။

ရောင်စဉ် ထမင်းစားရန် ... ထမင်းစားခန်းထဲ အဝင်တွင် မေမေနှင့်အတူ အိမ်မှုကိစ္စတွေ ဝိုင်းကူနေသော အရိပ်ကို တွေ့လိုက် ရသည်။ ဖေဖေ ပုံစံသွင်းတာ မြန်လိုက်တာ ...

ပန်းအရိပ်ရဲ့ မျက်ဝန်းလေးတွေက သူ့ကိုကြည့်ပြီး ဖျတ်ခနဲ ပြန်လွှဲသွားသည်။

နက်မှောင်ရွှန်းလဲ့နေတဲ့ ညို့မျက်ဝန်းလေးအစုံဟု ထင်မိ လိုက်၏။

"သား ... ထမင်းစားတော့မလား ... ကိုကိုရော သွားပြီ လားဟင်"

"ဟုတ်ကဲ့ မေမေ"

သားကြီး ထမင်းဝင်မစားသွားတည်းက ဒေါ်နှင်းစက် စိတ် မကောင်း ဖြစ်နေမိသည်။

ကိုအဋ္ဌ အစီအမံတွေကို သားကြီး လက်ခံချင်ပုံမရပေ။

ပန်းအရိပ်လေးက မဆိုးပါဘူး ... ကျိုးနွံပါတယ် ...

မိမိ စိတ်ထဲမှာတော့ ပန်းအရိပ်လေးကို ကိုယ်ချင်းစာမိနေ သည်။ ဘဝကို စတေးရတော့မယ် ... အနစ်မွန်း ခံရတော့မယ် ...

ကိုအဋ္ဌက မိန်းမတွေကို ... မုန်းတီးနာကြည်းနေတ





ယောကျ်ားတစ်ယောက်ပဲ ... ညည်းလေး ကံဆိုးရှာမှာပါ ...

သားကြီးမှာ ချစ်သူရှိနေသည်။ ပန်းအရိပ်အား နှစ်သက်ပုံ မရပေ။

"မေမေ"

"ပြောလေ သား‌ယ် ... "

"မေမေ့အတွက် ကူဖော်လောင်ဖက်ရလို့ သား ... ဝမ်းသာ တယ်"

ပန်းအရိပ် အခေါ်ကလည်း မေမေလုပ်ရမဲ့ အလုပ်တချို့ အစ်ဝက်ကို ဝိုင်းဝန်းလုပ်ဆောင်ပေးနေတာ တွေ့ရသည်။

"မေမေ့အတွက် အရေးမကြီးပါဘူး ... သားတွေအတွက်ပါပဲ၊ မေမေ ဘာတစ်ခုမှ စီမံပိုင်ခွင့် မရှိဘူး ... မေမေ အဲဒီအချက်တစ်ခု တည်းအတွက်ပဲ စိတ်မကောင်းတာပါ"

ဒေါ်နှင်းစက် တစ်ခါတစ်ရံတွင် မိမိဘဝအတွက် မိမိ ကြေကွဲ ဝမ်းနည်းမိနေသည်။ ရုန်းကန်၍မရ ...

လွတ်မြောက်ရန် လမ်းစတွေက ပျောက်ဆုံးနေပြီဖြစ်သည်။

သားတွေ ဆန္ဒကို မိမိအနေနှင့် တိုင်ပင်ဆွေးနွေးခွင့်မရှိ ...

ဘာအခွင့်အရေးမှလဲ မရှိ ...

"သား"

"မေမေ"

"သားကြီးကို ပြောပေးပါ၊ ဖေဖေ့ ဆန္ဒတွေအတိုင်းပဲ နေခံပါလို့"

မိမိကို မဲမှာပဲ ...

မဲတာက အကြောင်းမဟုတ်ပေမဲ့ သားကြီး အနေပြတ်ခံ



www.burmeseclassic.com

www.burmeseclassic.com



ရှောတွေ မိဘအစွန့်ပစ်ခံဘဝ အရောက်မခံနိုင်ပေ။

"သားကြီးအတွက် မေမေ စိတ်ပူနေတယ်"

ကိုအဂ္ဂလည်း အလုပ်သွားပြီ။

သားကြီးကိစ္စ မိမိ ဘယ်လောက်စိတ်ပူနေရလဲဆိုတာ သိစေ

ချင်သည်။

"ပန်းအရိပ်လေးကို သားကြီး ပုံသွင်းယူလို့ ရပါတယ်ကွယ်"

"သား ... ပြောပြလိုက်ပါ့မယ် မေမေ"

ဒေါ်နှင်းစက် ရင်ထဲမှာ သားတွေအတွက် ပူလောင်သော

တွေနှင့် ပြည့်ကျပ်နေသည်။

ကျန်းမာရေးလည်း အရင်လောက် မကောင်းချင်တော့

သားတွေအတွက် စိတ်ပူတယ် ...

"မေမေ စိတ်ထိခိုက်နေပြီ၊ သားကြီး ဘဝရှေ့ရေးအတွက်

တစ်ခုခု မှားယွင်းသွားမှာ မေမေ အရမ်းစိတ်ပူတာပဲ"

မေမေ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံနေတာ

တွေ့ရသည်။

အိမ်ထောင်သက် တစ်လျှောက်လုံး ကြေကွဲဝမ်းနည်းမှုတွေ

ပဲ ခံစားနေရ၏။

သူ ... မေမေ့ကို သနားတယ် ... ချစ်တယ် ...

မိခင်စိတ်သောက ဖိစီးနေမှာမျိုး မလိုလားမိပေ။

ထို့ကြောင့်ပင် ... ဖေဖေ့ကို မဆန့်ကျင်တာ ...

ကိုကို မှားနေပြီ။ မဟေသီအနေနှင့် ကိုကို့အပေါ် စွဲလမ်း

သက်မှာ မဟုတ်ပေ။

"သားရယ်"

ဖိုးလပြည့်စာပေ



မေမေ့မျက်ဝန်းတွေထဲမှာ ... မျက်ရည်တွေကို မမြင်ရက်

တော့။ ပန်းအရိပ်လည်း မေမေ့ကဲ့သို့ အိမ်ထောင်ရေးသောက ဝေ

ဒနာတွေ မခံစားစေလိုပေ။

ထမင်းစားပြီး သူ ကျောင်းသွားရန်အတွက် ထွက်လာခဲ့

သည်။

"ကိုကို့ကို သေသေချာချာ ပြောလိုက်နော် သားငယ်"

"ဟုတ်ကဲ့ ... "

မေမေ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ဖောက်ခနဲ ကျ

သွားတာ တွေ့လိုက်ရသည်။

ရောင်စဉ့် ရင်ထဲမှာ ဆို့နင့်သွား၏။

ပန်းအရိပ် ...

မင်းရော မေမေ့ဘဝမျိုး ရောက်မှာလား ...

စိတ်ထဲမှာ ရှုံးနင့်တဲ့ ဝေဒနာတွေကို ခံစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

"မဟောသီ"

"ရှင်"

"ကိုကို မင်းကို လက်ထပ်ပါရစေ"

"မဖြစ်နိုင်ဘူး ကိုကို ... "

သူမ ငြင်းပစ်လိုက်သည်။ ကိုကိုဟာ အထင်ကြီး လေးစ

စရာကောင်းတဲ့ ယောကျာ်းတစ်ယောက်ပါပဲ ...

ဒါပေမဲ့ ... သူမနှလုံးသားတွေထဲမှာ ကိုကို့ကို ချစ်၍မ

ဖြစ်နေသည်။ ရောင်စဥ့်ကိုပဲ ချစ်မိ၏။

"ကိုကို့ကို မဟောသီ မညာချင်ဘူး ... မလိမ်ချင်ဘူး။ အတိ

က မာမီလည်း အချစ်နဲ့ ပတ်သက်တာတွေ ခံစားခဲ့ရတယ် ကို

မဟောသီ့ မာမီသည် ဖေဖေ အရွှးအမူး ချစ်မြတ်နိုးခဲ့သေ

မိန်းမ ... သူ သိနေသည်။ အချစ်ဆိုတာက ခက်၏။

ဖေဖေ လက်မခံမှန်း သိပေမဲ့ မဟောသီကိုပဲ ချစ်မိနေသည်

"အဲ့ဒီချစ်သူက မာမီ့ကို သစ္စာမဲ့တဲ့ မိန်းမ ... ကောက်





ယုတ်မာတဲ့ မိန်းမတစ်ယောက်အဖြစ် ခုထိမုန်းတီးနေတုန်းပဲတဲ့"

မင်း မာမီကြောင့် မေမေက ဓားစာခံ ဖြစ်နေရတယ်လေ။

မိန်းမတွေကို လက်စားချေနေတာတဲ့ ...

အခု ... အရိပ် ရောက်လာပြန်ပြီ ...

ဖေဖေ့ အနိုပ်စက် ခံရဦးမယ် ...

မိန်းမတွေကို ဖေဖေ ... အရမ်းအထင်သေးသွားတာပဲ

မဟောသီ။

"တကယ်တော့ မာမီ့ချစ်သူက အတ္တကြီးတယ် ... တစ်ကိုယ်

ကောင်းဆန်တယ်၊ မေမေက အဲ့ဒါကို သဘောမကျတာတဲ့"

ဖေဖေ့ကို ရှင်းလင်းချက် ပေးလျှင်လည်း လက်ခံမှာမဟုတ်။

တစ်ယူသန်ကြီး ... ဘာအကြောင်းကိုမှ မနာခံတတ် ...

လောကကြီးတစ်ခုလုံးတွင် ဖေဖေ တစ်ယောက်တည်း

ရှိသည်ဟု ထင်မှတ်နေခဲ့သည်။

တစ်ခါတစ်ရံ ... သူပင် ဖေဖေ့သွေးပါပြီး တစ်ယူသန် ဖြစ်ချင်

နေတတ်သေးသည်။

"ဒါကြောင့် မာမီက ကိုယ်ချစ်တဲ့လူနဲ့ လက်ထပ်မဲ့သူ တစ်

ယောက်တည်း ဖြစ်စေရမယ်တဲ့"

မာမီ့ကို မာမီ့ချစ်သူက အထင်လွဲသလို မာမီ လက်ထပ်ခဲ့

သော ဒက်ဒီကလည်း အယုံအကြည် ကင်းမဲ့မှုတွေ ဖြစ်လာသည်။

အခြေအတင် စကားပြောခဲ့ရ၏။

အိမ်ထောင်ရေးသက်တမ်း တစ်လျှောက်လုံးတွင် စိတ်

ဒုက္ခ ရောက်ခဲ့ရသည်။

သမီးကို ထိုအဖြစ်မျိုးတွေနှင့် ရင်မဆိုင်စေလိုကြောင်း ပွင့်



www.burmeseclassic.com

www.burmeseclassic.com



လင်းစွာ ပြောခဲ့၏။

"အိမ်ထောင်ပြုတယ်ဆိုတာ စတိုးဆိုင်မှာ ဈေးသွားဝယ်တာ မဟုတ်ဘူး ... စတိုးဆိုင်မှာ ဈေးဝယ်တာ မှားသွားရင်တောင် ဝယ်ပြီးပစ္စည်း ပြန်မလဲပေးဘူးလို့ ရေးထားတာလေ"

မာမီက ယောကျ်ားတစ်ယောက်ကို အလွယ်တကူ ပေါ့ပျက်စွာ မရွေးချယ်သင့်ကြောင်း မကြာခဏ ... ဆုံးမသွန်သင်တတ်သည်။

"အိမ်ထောင်ဖက်ကို ရွေးချယ်တဲ့နေရာမှာ ဇဝေဇဝါ မဖြစ်သင့်ဘူးတဲ့ ကိုကို"

သူမ ... ရောင့်စဥ်ကိုပဲ ချစ်တယ် ... ။

တခြားတစ်ယောက်ကို မဟေသီ ချစ်လို့မရဘူး ...

"ကိုကို ကျွန်မကို နားလည်မှုပေးပါ ... ကျွန်မ ရောင့်စဥ်ကိုပဲ ချစ်တယ်"

သူ ... ထွက်လာခဲ့သည်။

မဟေသီက ဖေဖေ ထင်ထားသလိုတော့ ပေါ့ပျက်ပျက် မိန်းမတစ်ယောက်တော့ မဟုတ်ပါဘူး ...

ရောင့်စဥ်ကိုပဲ ချစ်တယ်တဲ့ ...

မင်းပြတ်သားတယ် မဟေသီ။

ကိုကိုပဲ မပြတ်သားတာ ... မဟေသီကို ချစ်တယ် ...

ညီနှင့် ပတ်သက်နေတဲ့ မိန်းကလေးကိုမှ သူက ချစ်မိသည်။

ကံကြမ္မာပဲ ... သူ ...

အလုပ်တွေထဲမှာပဲ စိတ်တွေကို နှစ်မြှုပ်ထားပစ်လိုက်သည်။





ပန်းအရိပ် ... မင်းကို ငါ အထင်မကြီးဘူး ...

ငါ့အစေအပါး နေရာမှာနေမဲ့ မိန်းမတစ်ယောက်ကို ငါ မလိုလားဘူး ... ဖေဖေ့ သဘောထားတွေကိုလည်း သူ လုံးဝ လက်မခံနိုင်ပေ။ အလုပ်တွေထဲမှာ နှစ်ထားပစ်လိုက်သည်။

အိမ်ပင်မပြန်ချင် ... ညီ ဖုန်းဆက်သည်။

"မေမေ စိတ်ပူနေတယ် ကိုကို ... ဖေဖေ့ကို မဆန့်ကျင်ပါနဲ့တဲ့ ပန်းအရိပ်က မဆိုးဘူး ကိုကို"

"ကိုကို စိတ်ညစ်နေတယ် ... ဖေဖေ့ သဘောထားကြီးကို လုံးဝလက်မခံနိုင်ဘူး ... မိန်းမတွေကို နှိမ်ချဆက်ဆံတာမျိုး ကြိုက်တာ"

မဟေသီ မိခင် အကြောင်းတွေကို ညီ့အား ပြောပြမိသည်။

"ဖေဖေ အထင်မှားနေတာပဲ ညီ"

"ဖေဖေ လက်ခံမယ် ထင်လို့လား ကိုကို"

"မထင်ပါဘူး ... ဖေဖေက တကယ့်ကို တစ်ယူသန်ပဲ၊ အမှီခိစရာမရှိဘူး ညီ"

"ကိုကို"

"ပြော"

"မေမေ စိတ်ဆင်းရဲမယ်"

"ကိုကို အိမ်တောင် ပြန်ချင်စိတ် မရှိတော့ဘူး"

"မေမေ စိတ်သောကရောက်အောင် မလုပ်ပါနဲ့ ကိုကိုရာ၊ အိမ်ပြန်လိုက်ပါ"

"ကိုကို ... အရိပ်ကို လက်မထပ်ချင်ဘူး ညီ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကို တောင်းဆိုကြည့်ပါဦး"

ကိုကို ဖြစ်နေတာ မဟေသီကြောင့်လားဟု ရောင်စဥ်တွေး မိလာသည်။

မဟေသီက ကိုကို့ကို ဖြားယောင်းသွေးဆောင် မြူဆွယ်နေတာမျိုးလည်း ဖြစ်နိုင်နေ၏။

"ကိုကို အိမ်ပြန်နော် ... မေမေက ရှိသေးတယ် ... အိမ်မှာ ညီတို့ တစ်ခုခုဖြစ်ရင် မေမေပဲ အဆူအပွက်ခံနေရတာ ကိုကို သိတာပဲ"

"အင်းပါ"

ရောင်စဥ့် စိတ်ထဲမှာ မဟေသီအပေါ်ပဲ အထင်လွဲနေ သည်။

ကိုကို့ကို အပြတ်သားဆုံး မငြင်းလို့ ဖြစ်ရတာပဲ။

တကယ်ဆို ... မဟေသီ ငြင်းဆန်သင့်တယ် ...

မငြင်းဆန်လို့ ဖြစ်တာ ... မင်း ကိုကို့ကို မျှော်လင့်ချက် ပေးနေခဲ့တယ် မဟုတ်လား မဟေသီ ...

သူ ... မဟေသီကို သွားတွေ့မယ် ...

ကိုကိုနှင့် စကားဖြတ်ပြီး မဟေသီကို သွားတွေ့သည်။

"နင် ကိုကို့ကို ... အပြတ်သားဆုံး ငြင်းပစ်သင့်တယ် မဟေ သီ"

မဟေသီ မျက်ဝန်းလေးတွေထဲ ကြေကွဲဝမ်းနည်းမှုတွေ ပြည့်တက်လာသည်။

နှုတ်ခမ်း စုစုထွေးထွေးလေးတွေက တဆတ်ဆတ်





ယင်ချင်လာ၏။

"ကိုကိုက စိတ်ပျော့တယ် ... မိန်းကလေးတွေနဲ့လည်း ပတ်သက်ဆက်ဆံဖူးတာ မဟုတ်ဘူး မဟေသီ"

"ငါ ကိုကို့ကို လုံးဝငြင်းဆန်နေတာပါ ရောင်စဥ် ... နင် အရမ်းလာမပြောနဲ့ ... နင့်နေရာမှာ တခြားသူတစ်ယောက်သာ ဆိုရင် ငါ လုံးဝလက်ခံမှာ မဟုတ်ဘူးနော် ရောင်စဥ်"

ကိုကို့ကို သူမ ငြင်းတာပဲ ...

မချစ်ဘူးလို့ အပြတ်ပြောထားခဲ့ပြီးသားပဲ မဟုတ်လား ...

ရောင်စဥ်က သူမဘက်မှ ဖြားယောင်းမြူဆွယ်ထား၍ဟု ထင်မိနေသည်။

"နင် အထင်မှားနေတာ ရောင်စဥ် ... ငါ လက်မထပ်နိုင်တဲ့ ယောကျ်ားတစ်ယောက်ကို ငါဘယ်တော့မှ မမြူဆွယ်ထားဘူး"

နင့်ကို မယုံဘူး မဟေသီ ...

ဒေါ်ခင်ခက်ခက်ဆိုတဲ့ နင့်အမေက ငါ့ဖေဖေအပေါ် သစ္စာ ခဲ့တာ ...

နင် ... သစ္စာရှိမဲ့ မိန်းမမဟုတ်တာ ...

ကိုကိုဘာဖြစ်လို့ မိဘကို ဆန့်ကျင်ချင်လောက်အောင် ဖြစ် တာလဲ ... နင့်ကြောင့်ပဲ ...

"မဟေသီ"

သူမ မော့ကြည့်သည်။

"ကိုကို့ကို နင် အပြတ်သားဆုံး ငြင်းလိုက်ပါ"

"ရောင်စဥ်"

သူ ... ထွက်သွားသည်။ လှည့်မကြည့်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ရောင်စဉ်"

နင် ငါ့ကို ဘာဖြစ်လို့ အထင်သေးနေရတာလဲ ...

ကိုကို့ကို မြှူဆွယ်ထားမယ်လို့ နင်ထင်နေလား ရောင်စဉ်။

ငါ အပြတ်သားဆုံး ငြင်းဆန်ပစ်ခဲ့တာပါ ...

နင် ဘာလို့ လက်မခံတာလဲ ...

ငါ့ကို ဘာလို့ အထင်သေးရတာလဲ ...

ရောင်စဉ်ရဲ့ ဥပေက္ခာပြုမှုတွေကို သူမ လုံးဝမခံမရပ်နိုင်အောင် ခံစားနေရသည်။ ကိုကို့ကို သူမ လုံးဝမချစ်ဘူး ...

အဲ့ဒါ ... အပွင့်လင်းဆုံး ပြောပြီးပြီပဲ ...

မဟေသီသည် အလွန်ချောမောလှပသော မိန်းမချောလေး

ပါ ... မေဂျာမှာဆို Queen ပဲ ... ရောင်စဉ်က လုံးဝစိတ်မဝင်စား

မဟေသီ မကျေနပ်ဆုံးပဲ ...

"သမီး"

"ရှင် ... မာမီ"

"ဘာတွေ ဖြစ်နေလဲ"

ဒေါ်ခင်ခက်ခက် စိတ်ထဲမှာ သမီးဖြစ်သူအား အရိပ်လိုကြ

နေသော မိခင်တစ်ယောက်သာ ဖြစ်သည်။

သမီး မျက်နှာလေး ညှိုးငယ်နေ၏။

တစ်စုံတစ်ခုအတွက် အလိုမကျသလိုကြီး ဖြစ်နေသည်။

"မာမီ့ကို ပြောစမ်း ... သမီး ဘာတွေဖြစ်နေလဲ ... မာမီ

ဘာမှ ဖုံးကွယ်စရာမလိုဘူးနော် သမီး"

ရောင့်စဉ်အတွက် သမီး စိတ်သောကတွေ ခံစားနေရ

မာမီ ...





အဲဒါ ... ဘယ်လိုပြောရမလဲ ...

ရင်ထဲမှာ မွန်းကျပ်နေတာပဲ မာမီ ...

"မဟေသီ"

"ရှင်"

"ပြောလေ ... သမီးကို နားလည်မှု အပေးနိုင်ဆုံးက မာမီပဲ

ဘာ"

သမီးဒက်ဒီ ဆုံးသွားပြီးကတည်းက သမီးလေးကို အမှား

အယွင်းမရှိ ဘဝကို ရင်ဆိုင်ဖြတ်သန်းနိုင်ရန် သွန်သင်ခဲ့သည်။

အရာအားလုံး ပြည့်စုံစေရန် ဖြည့်ဆွမ်းပေးထားခဲ့၏။

လိုလေသေး မရှိစေရ။

မိမိကတော့ အိမ်ထောင်ရေးကံ မကောင်းသော မိန်းမ

စံယောက်သာဖြစ်သည်။

အတ္တကြီးမားသော ချစ်သူကို စွန့်ခွာထားခဲ့မိ၏။

ကိုအဂ္ဂက မိမိအား ချစ်မြတ်နိုးလွန်းသည်။

မိမိ၏ ချောမောလှပခြင်းနှင့် ခေတ်ကိုအမီ သွက်လက်

မြက်မှုအတွက် ကိုအဂ္ဂက ဂုဏ်ယူနှစ်သက် သဘောကျနေ

၏။

ဒါပေမဲ့ ... ကိုအဂ္ဂက အတ္တကြီးတယ် ... တစ်ယူသန် ...

သူကလွဲပြီး တခြားယောက်ျားတွေနှင့် ပြောဆိုဆက်ဆံတာ

ကြိုက်။ သဝန်ကြောင်ချင်သည်။

စွပ်စွဲပြောဆိုမှုတွေကို မကြာခဏပင် ရင်ဆိုင်ဖြေရှင်းနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ ... စိတ်ညစ်လာမိသည်။

ရှောင်ထွက်နိုင်မဲ့ နည်းလမ်းတွေကို ရှာဖွေခဲ့မိ၏။

မိမိအမှားပဲ ... ကိုလင်းနှင့် တွေ့ဆုံခဲ့ရသည်။

ကိုအဂ္ဂထက်သာတဲ့ ယောကျ်ားတစ်ယောက်လည်းဖြစ်နေ၍ သူမ လက်ထပ်ဖို့ ဆုံးဖြတ်မိ၏။

"မာမီ ငယ်စဉ်က ခံစားချက်တွေကို သမီးလေး သိတယ်နော်"

သမီးက ခေါင်းလေးညိတ်ပြသည်။

ဖခင်က မိခင်အား အမြဲတမ်း မသက်မသာမှုနှင့် ပြဿနာရှေ့ရင်ဆိုင်နေရတာကို သမီးလေး အသိဆုံးပဲ ဖြစ်ခဲ့၏။

"ယောကျ်ားတစ်ယောက်ကို ရွေးချယ်တဲ့နေရာမှာ တစ်ယောက်တည်းပဲ ရွေးချယ်သင့်တယ် သမီး ... ကိုယ် နှစ်နှစ်ကာကာ ချစ်မြတ်နိုးတဲ့ ယောကျ်ားတစ်ယောက် ... သေချာအောင် စဉ်းစားပြီးမှ ဆုံးဖြတ်ပါ"

"ကိုယ် နှစ်နှစ်ကာကာ ချစ်မြတ်နိုးတဲ့ ယောကျ်ားတစ်ယောက်က ကိုယ့်ကို အထင်သေးပြီး မချစ်ရင်ရော မာမီ"

"သမီးကို"

"အင်း"

"ဘယ်သူလဲ မပြောသိ"

ဒီလောက် ချစ်မြတ်နိုးစရာကောင်းပြီး၊ ချောမောလှပတဲ့ သမီးလေးကို ဘယ်လိုယောကျ်ားတစ်ယောက်ကများ အထင်သေးပြီး မချစ်ရတာလဲ ...





သမီးလေးကို သေချာစွာ စူးစိုက်ကြည့်မိသည်။

မဖြစ်နိုင်တာပဲ ... အရမ်းချောတာပဲ သမီးလေး ...

သွက်လက်ဖျတ်လတ်သော ပညာတတ် မိန်းမ ...

"ဘယ်သူလဲ သမီး"

"ရှောင်စဉ်"

"ဘာ"

"ရှောင်စဉ်လေ မာမီ"

ရှောင်စဉ်ဆိုတာ ကိုအဂ္ဂသားများလားဟု အထိတ်အလန့်ဖြစ်သွားမိသည်။ ကိုအဂ္ဂတွင် သားနှစ်ယောက်ရှိ၏။

ရှောင်နီနှင့် ရှောင်စဉ် ...

မိန်းမတွေကို အလွန်မုန်းတီးနာကြည်းနေကြောင်း ကြားသိခဲ့သည်။ သမီးကို သေချာစွာ ကြည့်မိ၏။

"ဘယ်က ရှောင်စဉ်လဲ သမီး ... သူ့အဖေနာမည်က ဘယ်သူလဲဟင်"

"မာမီ သိလို့လား"

"မာမီ့ မိတ်ဆွေတစ်ယောက်ရဲ့သား နာမည်နဲ့တူနေလို့ ..."

"ရှောင်စဉ့် ဖခင်နာမည်က ဦးအဂ္ဂတဲ့ မာမီ"

"ဟင်"

ဒေါ်ခင်ခက်ခက် အထိတ်တလန့် ဖြစ်သွားမိတာတော့ အမှန်ပဲဖြစ်သည်။ ကိုအဂ္ဂရဲ့သား ... ရှောင်စဉ်တဲ့ ...

မိမိသမီး ဖြစ်နေတာသိ၍ အထင်သေးနေတာပဲဖြစ်သည်။

"သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မာမီ"

"ကိုအဂ္ဂဆိုတာ မာမီ့ချစ်သူဆိုတာပဲလေ"

"ဟင်"

ရောင်စဥ့် အဖေက မာမီ့ချစ်သူတဲ့ ... ဒါကြောင့်ကိုး ...

ရောင်စဥ်က သူမအား အထင်သေးစွာ ဥပေက္ခာပြုထား ခြင်းဖြစ်သည်။

"သမီး မေ့ပစ်လိုက်"

"ရှင်"

"ကိုအဂ္ဂက မာမီ့ကိုတင် မုန်းတီးနာကြည်းနေတာ မဟုတ် တော့ဘူး ... မိန်းမတွေ အားလုံးကို မုန်းနေတာတဲ့ ... လိုက်ပြီး အထင်သေး လက်စားချေနေတာတဲ့"

ကိုအဂ္ဂအကြောင်း သူငယ်ချင်းတွေထဲမှာ ကြားရခြင်းပင် ဖြစ်သည်။

"မဖြစ်ဘူး သမီး ... ရောင်စဥ်ဆိုတဲ့ ကောင်လေးကို သမီး မေ့ပစ်လိုက်စမ်း၊ မာမီဟာ သူတို့ဖေဖေမုန်းတဲ့ မိန်းမတစ်ယောက် မှန်းသိလို့ သမီးကို အထင်သေးနေတာပဲ၊ မာမီသိတယ် ... သမီး နှလုံးသားထဲမှာ ဘာမှမခံစားပါနဲ့တော့ကွယ်"

"မာမီ"

"ပြော"

"ကိုကိုရောင်နီကတော့ သမီး အချစ်တွေကို မြတ်မြတ်နိုးနိုး တောင်းခံနေတယ် မာမီ"

"ရောင်နီ"

"အင်း"

ဖိုးလပြည့်စာပေ



"ကိုအဂ္ဂ သားကြီးလား"

"ဟုတ်တယ် မာမီ"

"ကိုအဂ္ဂသားတွေကို သမီး မေ့ပစ်လိုက်ပါ ... မဖြစ်နိုင်ပါဘူး သမီး ... မာမီ့လို ဘဝမျိုး အဖြစ်မခံနိုင်ဘူး"

ဒေါ်ခင်ခက်ခက်ကတော့ တားဆီးပိတ်ပင်ရမည်သာ ဖြစ် သည်။ မဖြစ်နိုင်ဘူး ...

ကိုအဂ္ဂ သားတွေက အစွာကြီးတဲ့ ယောကျ်ားတွေသာ ဖြစ် သည်။

"သမီးဘဝကို မာမီ့လို စိတ်သောကတွေနဲ့ အရောက်မခံ ဘူး"

တားဆီးသင့်တာကို တားဆီးပိတ်ပင်ရမှာပဲ ဖြစ်သည်။

အဖြစ်မခံနိုင်ဘူး ...

ကိုအဂ္ဂလို ယောကျ်ားတစ်ယောက်ရဲ့စိတ်ဓာတ်ကို သဘော ဘူး ... မိမိသမီးမှန်းသိလျှင် ကိုအဂ္ဂ ပိုပြီး နှိပ်စက်တော့မှာပဲ။

"မာမီ ဝဋ်လည်တာမျိုး မခံနိုင်ဘူး သမီး"

သမီးလေးကို ဓားစာခံအဖြစ် ဘယ်တော့မှအရောက်မခံ ဘူး ... ကံကြမ္မာရယ် ...

ကိုအဂ္ဂနှင့် လာပြီး မဆုံစည်းချင်တော့ပါဘူး ...

အတိတ်တွေကို မေ့ပစ်ထားတာ ကြာနေပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

ပန်းအရိပ်သည် ဖေဖေ့ ပုံစံခွက်ထဲ အတိအကျဝင်သည့် မိန်းကလေးတစ်ယောက် ဖြစ်နေသည်။

အိမ်မှုကိစ္စတွေကို မေမေနှင့်အတူ ဝိုင်းကူလုပ်နေ၏။

ငြိမ်ဝပ်ပိပြားသည့် မိန်းကလေး ...

သူ ... သဘောမကျမိ ... မနှစ်သက်သလို ဖြစ်နေသည်။

"ကိုကို"

ပန်းအရိပ် ရောက်လာသည်။

"ဘာကိစ္စလဲ အမိ"

"မနက်စာစားဖို့အတွက်"

"မင်းကိစ္စ မဟုတ်ဘူး"

"ရှင်"

"မေမေရှိနေတာပဲ ... ငါ့ကို မေမေ အမြဲတမ်း စီစဉ်ပေးကျပဲလေ"

သူ့လေသံက မာထန်သွားသည်။





"ဖေဖေက ကျွန်မကို တာဝန်ပေးထားပါတယ်"

"ဘာ"

ဖေဖေတဲ့ ... ဘာဆိုင်လဲ ...

သူနှင့် ပန်းအရိပ်က လက်ထပ်ဖို့ စီစဉ်ရသေးတာ မဟုတ်သား...

"ပန်းအရိပ်"

"ရှင်"

"ငါ့အဖေကို မင်း ... ဖေဖေလို့ မခေါ်နဲ့"

"ဖေဖေက အမိန့်ပေးတာပါ"

ဖေဖေက ဘာသဘောလဲ။ ဒီလောက်အထိ ဒီမိန်းကလေးနဲ့ သဘောတူနေရတာလဲ... သူချစ်တာ မဟေသီ...

မဟေသီကလည်း သူ့ကို လက်ထပ်ဖို့ ငြင်းဆန်နေသည်။

ဖေဖေ ဘာလို့ သဘောမပေါက်တာလဲ...

ခေတ်မီသွက်လက်တဲ့ မိန်းကလေးတွေကို ဘာကြောင့် သဘောမကျရတာလဲ... ဒေါ်ခင်ခက်ခက်ကြောင့်လား...

ကြုံကြုံဖန်ဖန်ကွာ...

ဒေါ်ခင်ခက်ခက် သမီးကိုမှ သူက နှစ်သက်မြတ်နိုးနေသည်။

ပန်းအရိပ်က သူ့အနားမှာ ရပ်နေ၏။

"မင်း ... ဘာကိစ္စ ရပ်နေသေးတာလဲ ပန်းအရိပ်"

"အခန်းသန့်ရှင်းရေး လုပ်ဖို့"

"မလိုဘူး"

"ဖေဖေက တာဝန်ပေးထားလို့ပါ"

ပန်းအရိပ် စိတ်ထဲက မပါပေမဲ့လည်း ဦးအဂ္ဂရဲ့ စေခိုင်းချက်



www.burmeseclassic.com

www.burmeseclassic.com



အရ သူမ လုပ်ဆောင်ရတော့မည် ဖြစ်သည်၊

သူမတွင် မိဘမရှိပေ။ အဒေါ်နှင့် နေရသည်။

မှီခိုတွယ်တာရာ မရှိ။ ဦးအဂ္ဂက ကိုရောင်နီနှင့် လက်ထပ်ရ

အတွက် သူမအား တောင်းဆိုခဲ့သည်။ အဒေါ်က သဘောတူခဲ့

"ဒီလောက် ချမ်းသာတဲ့ လူတစ်ယောက်က တောင်းဆိုတာ

ညည်းက ဘာလို့ငြင်းဆန်ချင်ရတာလဲ အရိပ်"

အရိပ်ကတော့ ချမ်းသာတဲ့အသိုင်းအဝိုင်းထဲသို့ မဝင်ချင်

အေးချမ်းစွာပဲ နေလိုသည်။

"ဦးအဂ္ဂတို့က အရမ်းချမ်းသာတယ် ... သမီးဘဝလေး ဘ

လောက်အထိ အေးချမ်းတည်ငြိမ်မလဲ အရိပ် စဉ်းစားကြည့်

ဒီအခွင့်အရေး ဘယ်လောက်အထိ အရယူသင့်လဲ"

ဒေါ်လေးနှင့် ဦးလေးထံ ငွေတွေ အတော်အသင့်

သည်။

"ဦးအဂ္ဂက ကျေးဇူးရှိတယ် ... သမီး နာခံပါ။ မင်းဘ

ချမ်းချမ်းသာသာနေဖို့က အရေးကြီးတယ်လေ"

သူမကတော့ ဦးလေးနှင့် အဒေါ်ဆန္ဒအတိုင်းပဲ လိုက်

ရတော့မည် ဖြစ်သည်။

ဦးအဂ္ဂက တာဝန်ပေးခဲ့၏။ ဖေဖေလို့ ခေါ်တဲ့ ...

ဒီရောက်မှ ... ဦးအဂ္ဂ အကြောင်းတွေကို သူမ သိလာရ

မိန်းမတွေကို နှိမ်ချဆက်ဆံပြီး အစေအပါးသဖွယ် ဆ

နေ၏။ ဒေါ်နှင်းစက်ကို တွေ့မြင်လိုက်ရတာ စိတ်တွေတုန်

ချောက်ချားနေသည်။

ဒါပေမဲ့ ...





ဦးလေးကြောင့် သူမ ငြိမ်ဝပ်ပိပြားအောင် နေထိုင်ပြုမူနေ

သည်။ ကြောက်ရ၏။ ဦးလေးက မလွယ်ဘူး ...

သူမအား အမြဲတမ်း ညှဉ်းပန်းနှိပ်စက်နေသူဖြစ်သည်။

"ကိုကို"

"ဘာလဲ ... မင်းမသွားသေးဘူးလား"

"ကျွန်မ"

"သွားတော့"

"အခန်းသန့်ရှင်းဖို့"

"မလိုဘူး"

ကိုရောင်နီက သူမအား လုံးဝ တရင်းတနှီး ဆက်ဆံလိုသော

မရှိပေ။ ဦးအဂ္ဂလိုပဲ ... နှိပ်ချဆက်ဆံချင်နေသည်။

ဒေါ်နှင်းစက် ဘဝမျိုးကို သူမ ရောက်ရတော့မှာ မလွဲမသွေ

"ငါ့သားက မင်းကို ချစ်ချင်မှချစ်မယ် အရိပ် ... ဒါပေမဲ့

မလွဲမသွေ လက်ထပ်ရမယ်"

ဦးအဂ္ဂက ပြောခဲ့သည်။

ချမ်းသာကြွယ်ဝတဲ့ ဦးအဂ္ဂက သူမလို မိန်းမတစ်ယောက်ကို

ရွေးချယ်ရတာလဲ။

"မင်း သွားတော့"

"ဟုတ်ကဲ့"

သူမ ထွက်လာခဲ့သည်။

"အရိပ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဘာဖြစ်လို့ ပြန်ထွက်လာခဲ့ရတာလဲ"

ဦးအဂ္ဂက မေးသည်။ သူမ ကြောက်ရွံ့တုန်လှုပ်လာမိ၏

ဦးလေးက ဦးအဂ္ဂရဲ့ တပည့်အရင်း ...

"ကိုကိုက မလိုအပ်ဘူး ဆိုလို့ပါ"

"သူ လိုအပ်အပ် မလိုအပ်အပ် ... မင်း လုပ်ပေးရမယ့် တာဝန်တွေ ရှိတယ်"

"ကျွန်မ"

"မင်း ကျိုးကျိုးနွံ့နွံ့ ဆက်ဆံပါ အရိပ်"

"ဟုတ်ကဲ့"

"သွား"

"ရှင်"

"သားကြီးအခန်း သန့်ရှင်းရေး သွားလုပ်"

"ကျွန်မကို လက်မခံဘူး ဖေဖေ ..."

ဦးအဂ္ဂ စိတ်ထဲမှာ ပျော်ရွှင်ကျေနပ်သွားမိသည်။

သားကြီးက မိန်းမတွေကို သဘောမကျတာကောင်းတယ်

မိန်းမဆိုတာ ယောကျ်ားတစ်ယောက်ရဲ့ အစေအပါးပဲ ဖြစ်သင့်တယ် ... မနှင်းစက်ကိုပဲကြည့် ... ဝပ်ဆင်းနေတာပဲ ...

မိမိအား လုံးဝအာခံနိုင်စွမ်း မရှိအောင် နှိပ်ကွပ်ထားမိသည်

"မင်း ... သွားပါ"

"ဘာလုပ်ပေးရမလဲ"

"မင်း ... လုပ်သင့်တာပဲ လုပ်ပေး"





ဦးအဂ္ဂကတော့ မိသားစုအပေါ် အမိန့်ဩဇာပေးနေသူ ဖြစ်သည်။

"မင်းဘာမှကြောက်စရာ မလိုတော့ဘူး ... ဒီအိမ်မှာ ငါ့အမိန့်ကိုပဲ နာခံရမယ် အရိပ် ... မင်း မကြာခင် ရောင်နီနဲ့ လက်ထပ်ရမယ်"

အရိပ် စိတ်ညစ်နေမိသည်။

ကိုကို့ကို ကြောက်ရွံ့တုန်လှုပ်နေမိသည်။

မျက်နှာထားကြီးက တင်းမာခက်ထန်လွန်းနေ၍ အကြည့်ချင်းဆုံဖို့ပင် တွန့်ဆုတ်နေမိသည်။

"ကျွန်မကို မောင်းထုတ်တယ် ဖေဖေ"

ဖေဖေတဲ့ ...

ဦးအဂ္ဂကို အရိပ်ဖေဖေဟု ခေါ်ရမှာ ရှက်ရွံ့နေမိတာတော့ အမှန်ပဲ ဖြစ်သည်။

ကိုကိုရောင်နီရဲ့ အထင်သေးတဲ့ မျက်ဝန်းတွေကို ရင်မဆိုင်ရဲ။

"မင်း သွားလေ၊ ငါ့သား ဘာပဲပြောပြော မင်းလုပ်စရာရှိတာ လုပ်ပေး"

မိန်းမတွေ ငြိမ်ဝပ်ပိပြားမှ ရှိနေတာ မိမိ အကျေနပ်ဆုံးပင်။

မိမိသားတွေလည်း ထိုမိန်းမမျိုးကိုပဲ ရစေရမယ်။

ကောင်းတယ် ... မိန်းမတွေက နှိမ်ထားမှ ...

ထိုအချက်ပင် မိမိရဲ့ ရူးသွပ်မှုတစ်ခုပင် ဖြစ်နေသည်။

"အရိပ်"

"ရှင်"

"သွား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

အရိပ် ... ကိုရောင်နီ့ အခန်းထဲသို့ ပြန်ဝင်လာတော့သည်။

"မင်း ... ဘာလာလုပ်ပြန်ပြီလဲ"

သူမ ... မျက်ဝန်းလေးထဲမှာ မျက်ရည်တွေ ပြည့်ဝိုင်းလာ

သည်။ ဘာပြောရမလဲ ... ယောကျ်ားတစ်ယောက်ရဲ့ အိပ်ခန်းထဲ

ဝင်ရတာ ရှက်ရွံ့နေမိသည်။ ကျွန်မ ဝင်မလာချင်ပါဘူး ...

မိန်းမဆိုတာ အရှက်အကြောက် ကြီးမားတဲ့လူတွေပါပဲ ...

"ကျွန်မ သန့်ရှင်းရေးလုပ်ဖို့ပဲ"

"မေမေ လုပ်လိမ့်မယ်"

"ဖေဖေက ကျွန်မကို တာဝန်ပေးထားတာပါ"

"ပန်းအရိပ်"

"ရှင်"

"မင်း ... အရှက်မဲ့လှချည်လား"

"ဟို ... ဟို ... ကျွန်မ ... "

ရင်ထဲမှာ ပြောစရာစကားတွေ မရှိတော့သလို အားအား ...ရောင်နီ။

တွေမဲ့သွားရသည်။ ကံကြမ္မာအရပါပဲ ... နိမ့်ကျလွန်းတဲ့ဘဝ ...

ဆင်းရဲနွမ်းပါးသော ဘဝတွင် မှီခိုတွယ်တာရမဲ့နေခဲ့ရသည်

ဦးလေးနဲ့ အနှိပ်စက်ခံရ၏။ လွတ်မြောက်ရာ မဲ့နေသည် ...

ဦးအဂ္ဂသည် သူမအား ငွေနှင့်ပေါက်ပြီး ဦးလေးထံမှ ဝယ်...

ထားခဲ့၏။ ရုန်းထွက်၍ မရတော့ ...

ကိုရောင်နီ ဘာပဲပြောပြော ဂရုမစိုက်တော့ဘဲ သန့်ရှင်းရေး

လုပ်နေမိသည်။ အိမ်မှုကိစ္စတွေက မိမိအတွက် အခက်အခဲ ...

မဟုတ်ပေ။





မိန်းကလေးပီသစွာ ဝိုင်းကောင်းကျောက်ဖိ နေခဲ့ရသည်။

"အရိပ်"

"ရှင်"

"မင်း ... ငါ့ရဲ့ စည်းစိမ်ဥစ္စာတွေကို မက်မောပြီး ... ငါ့ကို

...တ်ထပ်ဖို့ ကြိုးစည်တာ မဟုတ်လား"

သူမရင်ထဲ ကြေကွဲဝမ်းနည်းစွာဖြင့် စို့နင့်သွားရသည်။

ပြောရက်လိုက်တာ ... ကျွန်မ ... လေးလေးကြောင့်ပါ။

ရှင်သိပ်ပြီး ကိုယ်ချင်းစာတရား ကင်းမဲ့သူပဲ ...

"အရိပ်"

သူမ ... မော့ကြည့်မိသည်။

"ငါ့မှာ ငါချစ်မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက် ရှိတယ်"

"ရှင်"

"မင်းဘက်က ငြင်းပါ"

ရှင့်အဖေက ... ကျွန်မကို ငြင်းပိုင်ခွင့်ပေးမှာ မဟုတ်ပါဘူး

ကျွန်မလို မိန်းမတစ်ယောက်ပဲ လိုအပ်နေတာ ...

"ငါ့ဆရာမှာ မိန်းမတွေကို မုန်းတီးတဲ့ စိတ်ဝေဒနာတစ်ခု

...နေတယ် အရိပ်"

လေးလေးက ပြောခဲ့သည်။

အရိပ် ကြောက်ခဲ့မိ၏။

"ဘာပဲဖြစ်ဖြစ် ... နင့်တာဝန်တွေကို ငါ မယူနိုင်တော့ဘူး

... နင့်ကို ငါ့ဆရာလက်ထဲ ဝကွက်အပ်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးအဂ္ဂက သူလက်ထပ်တဲ့ မိန်းမကိုလည်း ဆင်းရဲနွမ်းပါး
မိန်းကလေးတစ်ယောက်ကိုပင် ရွေးချယ်ခဲ့သည်။

ပြီးတော့ ... မိမိ ဖြစ်ချင်တာတွေ စေခိုင်းခဲ့သည်။

ယောက္ခမကြီး ဒေါ်နှင်းစက်ကိုတွေ့ပြီး သူမ ကြောက်
တုန်လှုပ်ခဲ့၏။ မတွေးရဲတော့ပေ။

ကိုရောင်နီက ဦးအဂ္ဂထက်ပင် ကြောက်စရာကောင်းသော
ယောကျ်ားတစ်ယောက်ပင်။

"ငါ နင့်လို ထုံထုံထိုင်းထိုင်း ရိုးရိုးအအ မိန်းမတစ်ယောက်
သဘောမကျဘူး"

ကိုရောင်နီ့ ဖေဖေဦးအဂ္ဂက သား ... ဘယ်လိုပုံစံသွင်း
ညည်းလုံးဝမပြောင်းလဲရဘူးဟု အသေအချာ မှာထားသည်။

ဒီပုံစံပဲ သဘောကျတယ်တဲ့ ...

"အရိပ်"

"ရှင်"

"မင်း ငါ့ကို ပြားဝပ်နေစရာ မလိုဘူး ... ရိုသေလေးစား
စရာလည်း မလိုဘူး ... ငါက ... ငါနဲ့ ပခုံးချင်း ယှဉ်နိုင်မဲ့ မိ
တစ်ယောက်ကိုပဲ သဘောကျတာ"

အရိပ်ကတော့ အရာရာကို ကြောက်ရွံ့နေတတ်တဲ့ မိ
ပါပဲ ...

ခေါင်းလေး ငုံ့နေမိသည်။ လေးလေးကို ကြောက်တ

ဦးအဂ္ဂ စကား နားမထောင်ရင် လေးလေးက အ
တူဝရီးကို သတ်မှာ ...





အဒေါ်ကလည်း ယောကျ်ားကို ကြောက်ရသည်။

လေးလေးက ဦးအဂ္ဂ လက်သပ်မွေးထားတဲ့ လူမိုက် တစ်
ယောက်ပဲ ...

"အရိပ်"

"ရှင်"

"ငါ့ကို မင်း ကြောက်စရာမလိုဘူး ... အရာရာ ကြောက်ရွံ့
တုန်လှုပ်နေတဲ့ မိန်းမမျိုးကို ငါ ... ခံစားလို့ မရဘူး"

အရိပ်ဆိုတဲ့ မိန်းကလေးအနားမှ သူ ထွက်လာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၂ )

"အရိပ်"

"ဟင်"

"မင်း အလုပ်တွေ အရမ်းလုပ်နေရတာ မပင်ပန်းဘူးလား"

"ဟင့်အင်း"

"နားပါဦး"

ရောင်စဉ်ကတော့ အရိပ်ဆိုတဲ့ မိန်းကလေးကို သနား ကြင်နာနေမိသည်။ ဖေဖေ မတရားဘူး ... ပုံစံပေးနေတယ် ...

အရိပ်မှာ ဘာအပြစ်တွေ ရှိလို့လဲ ...

ဒေါ်ခင်ခက်ခက်ဆိုတဲ့ မိန်းမတစ်ယောက်ကြောင့် မိန်း တွေအားလုံးအပေါ် ဖေဖေရက်စက်နေတာတော့ မကောင်းပါဘူး

အရိပ်မှာ ဘာအပြစ်ရှိလို့လဲ ...

ကိုကိုကလည်း အဖက်ပင်မလုပ် ...

ရောင်စဉ့် စိတ်ထဲမှာ အရိပ်အတွက် စိတ်မကောင်းစ ဖြစ်ရသည်။

"အရိပ်"





"ရှင်"

"အရိပ် ရောက်လာမှ တစ်အိမ်လုံးက သန့်ရှင်းပြီး မေမေ သည်း သက်သာတယ်"

"အန်တီကတော့ စံပြယူလောက်တဲ့ မိခင်တစ်ယောက်ပါ ရောင်စဉ် ... အလုပ်တွေ အရမ်းလုပ်တာပဲ၊ အိမ်ရှင်မကောင်း ပီသ တယ်"

"မေမေ့ဘဝမျိုး အရိပ်ရောက်ရမှာကိုရော အရိပ် လိုလား ရဲ့လား ..."

"အရိပ်လည်း အရိပ်ဘဝကို ကျေနပ်ပါတယ်"

ရောင်စဉ် မျက်ဝန်းတွေထဲမှာ သနားကြင်နာမှုတွေ အပြည့် အဝ ရှိနေသည်။ အရိပ် ရင်မဆိုင်ချင်ဘူး ... သူမ ...

လက်ထပ်ရမှာက ကိုရောင်နီပါ ...

"အရိပ်ကို ကိုယ် ... သနားတယ်ကွာ"

"ရှင်"

"ဖေဖေက အရိပ်ကို ပုံစံပေးတော့မှာ ... အပြစ်မရှိတဲ့ အရိပ် ဘဝမှာ မေမေလို စိတ်သောကတွေ ဆင်းရဲနွမ်းဖတ်မှုတွေနဲ့ မကြုံ စေချင်ပါဘူး"

သူမ ... ရောင်စဉ့်ကို မော့ကြည့်မိသည်။ ရှင် ...

ကိုကိုနဲ့ မတူဘူး ... နူးညံ့သိမ်မွေ့တဲ့ ယောကျ်ားပဲ ...

ကိုကိုက နူးညံ့ပျော့ပျောင်းမလိုနဲ့ ... စိတ်ဓာတ်တော့ မာ ကျောသည်။ တင်းမာခက်ထန်၏။

ဒါပေမဲ့ ... သူမ ကိုကိုနဲ့ပဲ လက်ထပ်ရမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... သားကြီး ရောင်နီနဲ့ မလွဲမသွေ လက်ထပ်ရမှာပဲ အရိပ် ... ရောင်စဥ်က ကျောင်းသား၊ ပညာရေးမပြီးဆုံးသေးဘဲနဲ့ ချစ်သူတောင် ထားခွင့်မရှိသေးဘူး အရိပ်"

ဖေဖေ ဦးအဂ္ဂက အရိပ်အား ပြတ်သားစွာပြောထားပြီးပြီ ဖြစ်သည်။

သူမကတော့ မေမေဒေါ်နှင်းစက်လို အိမ်ရှင်မပီသပြီး ရိုကျိုး တဲ့ ဇနီးမယားကောင်း တစ်ယောက်ပဲ ဖြစ်ချင်၏။

ကိုကိုနဲ့ အရိပ် မတန်ပါဘူး ...

ချောမောခန့်ညားတဲ့ ကိုကို့လို လူတစ်ယောက်က အရိပ်ကို ဘယ်အထင်ကြီးမှာလဲ ...

"အရိပ်ကို ပညာဆက်သင်စေချင်တယ်"

အရိပ် ဆယ်တန်းဖြေထားကြောင်း ရောင်စဥ်သိထား၍ ဖြစ် သည်။

"မသင်တော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"အခွင့်အရေးမှ မရှိတော့တာပဲ ရောင်စဥ်"

အခွင့်အလမ်းမှ မရှိတာတဲ့ ... ဖေဖေ့ရဲ့ အမိန့်ပဲ ဖြစ်မည်

"အရိပ် ဆယ်တန်းအောင်ဖို့ အခွင့်အလမ်းရှိလား"

"အင်း"

"ဒါဆို"

"နေပါစေ ... အရိပ်ဘဝနဲ့ အရိပ်ပဲ ရှိပါစေတော့၊ ရောင်စဥ်ရ ဖေဖေ့ အမိန့်မနာခံရင် လေးလေးက အဒေါ်နဲ့အရိပ်ကို အသေသတ





စ်မှာ"

အရိပ် ပြောပြီးမှ ထိတ်ထိတ်ပျာပျာနှင့် ရောင်စဥ်ကိုမိသွား သည်။ ဦးအဂ္ဂ သိသွားမှာ ကြောက်မိ၏။

"ဟို ... ဟို ... အရိပ် ဘာတွေပြောမိမှန်း မသိတော့ပါဘူး၊ သွားတော့မယ်"

အရိပ် ကြောက်သွားမှန်း ရောင်စဥ် သဘောပေါက်မိသွား သည်။

"မကြောက်ပါနဲ့ အရိပ် ... မင်းရင်ထဲက ခံစားချက်တွေ ပွင့်ပွင့်လင်းလင်းသာ ပြောစမ်းပါ ... ကိုယ် နားလည်ပါတယ်"

"ကျေးဇူးပါပဲ ... အရိပ် သွားတော့မယ်နော်"

ရောင်စဥ် ရင်မောစွာဖြင့် သက်ပြင်းမောကြီးကို မှုတ်ထုတ် မိသည်။ အရိပ် ထွက်သွား၏။

ကိုကို့ အိပ်ခန်းအား သန့်ရှင်းရေး လုပ်ပေးပြီး ပြန်ထွက်လာ ခြင်း ဖြစ်သည်။

ရောင်စဥ့် စိတ်ထဲမှာ အရိပ်အပေါ် သံယောဇဉ်တွေ တွယ် သွား မိနေ၏။ မဖြစ်သင့်ဘူး ... ကိုကိုနဲ့ လက်ထပ်မဲ့ မိန်းကလေး။

မဟေသီ ...

သူ့ကို တစ်ဖက်သတ် ချစ်မြတ်နိုးနေသူက မဟေသီပင်။

မဟေသီကို သူ ဘာကြောင့် မချစ်ရတာလဲ ...

ဖေဖေ မုန်းတီးတဲ့ ဒေါ်ခင်ခက်ခက်ကြောင့်လားဟု တွေးမိ သည်။

ဒေါ်ခင်ခက်ခက်က ဖေဖေ့အပေါ် သစ္စာမဲ့သွားလို့ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဖေဖေမုန်းနေတာ … မဟေသီကရော သစ္စာရှိမှာလား။

ကိုကိုက ချစ်နေသည်။

ရောင်စဉ်ကတော့ အရိပ်လို အေးချမ်းတဲ့ မိန်းကလေးတွေကိုပဲ ခံစားလို့ရတယ် … ကိုကိုနဲ့မတူဘူး …

သူ ကြမ်းတမ်းမာကျောမလိုနဲ့ နူးညံ့သိမ်မွေ့ချင်နေသည်။

တစ်ခါတစ်ရံ … ဒါပေမဲ့ … မေမေ့ကို သနားသည်။

သားတွေ သံယောဇဉ်နှင့် ဖေဖေ့အပေါ်အန္တအတာခံနေတာကို ရောင်စဉ်သိနေ၍ ဖေဖေနှင့်အတိုက်အခံ ပြုခြင်းက မေမေစိတ်ပိုပြီး ထိခိုက်စေရမည်ဟု ထင်မိလာ၏။

ဖေဖေနှင့် အတိုက်အခံဖြစ်မည့် ကိစ္စတွေ ရှောင်ကြဉ်ခဲ့မိသည်။ ကိုကိုကတော့ အရိပ်ကို ခံစား၍မရဟု ပြောနေ၏။

အရိပ်က ရိုးအေးလို့ပါ … ပြီးတော့ …

ဆင်းရဲနွမ်းပါးသူ ဖြစ်နေလို့လား …

ကိုကို ခြံထဲမှာ ထိုင်နေတာ ရောင်စဉ် တွေ့လိုက်ရသည်။

သူ … ခြံထဲဆင်းလာခဲ့မိသည်။

"ကိုကို"

ကိုကို့ အကြည့်တွေက သူ့ထံဆတ်ခနဲ ရောက်လာသည်။

"ကိုကို ခံစားနေရလား"

"အင်း"

"အရိပ်ကို မုန်းနေတာလား"

"သဘောမကျတာပါ"

"အရိပ်က အပြစ်မရှိပါဘူး ကိုကို … "

"ပုံစံကို မကြိုက်တာ"





"ကိုကို ပြုပြင်လေ"

"မရဘူးကွာ"

"ဖေဖေ့ကြောင့် ဖြစ်ရမှာပါ"

"ဖေဖေ့ စကားတွေကို နာခံလွန်းတယ် ညီ"

"အဲဒါ … ကောင်းတာပေါ့"

"ကိုကို သဘောမကျဘူး … ထုံထိုင်းတဲ့ မိန်းမတစ်ယောက်ကို ဘဝတစ်လျှောက်လုံး လက်မတွဲနိုင်ဘူး"

"အရိပ်မှာ အပြစ်မရှိပါဘူး ကိုကို … မဟေသီကမှ"

"ညီ"

"ကိုကို"

"မဟေသီကို မေ့ပစ်လို့ မရဘူး … ညီ"

"ကိုကို မှားနေပြီ"

"ကိုကို မဟေသီကို ချစ်တယ်"

သူ … အရှက်မဲ့နေသည်။ ညီ့ကို ဝန်ခံလိုက်မိ၏။

မဟေသီကို ညီကတော့ လုံးဝစိတ်ဝင်စားမှု မရှိတာ သူ တျနပ်သွားမိသည်။

"ညီ"

"ကိုကို"

"မင်း မဟေသီကို ဘာဖြစ်လို့ မချစ်ရတာလဲ"

"ဒေါ်ခင်ခက်ခက် သမီးလေ … ကိုကို ဘာမှ အထင်ကြီးစရာ မလိုဘူး"

"မင်းက အရိပ်ကိုပဲ အထင်ကြီးတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟေသီနဲ့ မဖြစ်နိုင်ဘူးလေ ကိုကို"

"ဒေါ်ခင်ခက်ခက်က ရိုးသားအေးချမ်းတဲ့ မိန်းမကြီး တစ်ယောက်ပါ"

"ဖေဖေ့ကို သွားပြောလေ"

"ညီရာ"

ရောင်နီ အလုပ်တွေထဲပင် စိတ်မဝင်စားနိုင်လောက်အောင် ဖြစ်နေသည်။ အရိပ်က ဘယ်လိုမိန်းကလေးမျိုးလဲ ...

ဘာကြောင့် ဖေဖေ့ ပုံစံခွက်ထဲကို အတိအကျဝင်နေရတာလဲ ... ဖေဖေကတော့ အရိပ်ကိုအကျပ်ကိုင်ထားမှာတော့ သေချာသည်။ ဒါမှမဟုတ် ... ဒီကောင်မလေး ရိုးအတာလား ...

"ကိုကိုက ရိုးအတဲ့ မိန်းမတွေကို ညှဲဖျင်းတယ်လို့ ထင်တယ် ညီ"

"အရိပ်ကို ... "

"ကိုကို့ နှလုံးသားတွေထဲမှာ ညီလို အေးစက်မာကျောတဲ့ ခံစားမှုတွေ မရှိဘူး၊ မဟေသီကို ချစ်ခင်နှစ်သက်နေမိတယ် ကိုကို ဘယ်လိုမှ မေ့ပစ်လို့ မရဘူး"

သူ ... နှလုံးသားထဲမှာ မဟေသီဆိုတဲ့ မိန်းကလေးပဲ ရှိနေသည်။ မဟေသီက သူ့ကို မချစ်ပေ။ ညီကိုပဲ ချစ်နေသည်။

ဘာတွေဖြစ်နေတာလဲ ...

မဟေသီလို မိန်းကလေးတစ်ယောက်ကို သူစွဲလမ်းနှစ်သက်နေတာကပဲ ဖေဖေ့ကို ဝင့်လည်စေတာလား ...

"မေမေ့ကို ငဲ့ပါ ... ကိုကို"





အရိပ်ကိုတော့ သူ အထင်မကြီးတာတော့ အမှန်ပဲဖြစ်သည်။ ပွဲတက်မယားတစ်ယောက်ကဲ့သို့ မတင့်တယ်သော အရိပ်လိုမျိုး မိန်းမမျိုးနှင့် သူ့ဘဝကို လက်တွဲရင်မဆိုင်လိုပေ။

"ကိုကိုက စံပြဖြစ်သင့်တယ်"

"ဘာပြောတယ် ... ညီ"

"ဖေဖေ့ဆန္ဒက တရားတာပဲဖြစ်ဖြစ် ... မတရားတာပဲ ဖြစ်ဖြစ်၊ ကိုကို ... နာခံပါ"

"မင်း ... အရိပ်ကို သဘောကျနေတာမျိုးလား ညီ"

"မကျပါဘူး ... ကိုကို မလွဲမသွေ လက်ထပ်ရမဲ့ မိန်းကလေး တစ်ယောက်ပါ ကိုကို"

"ကိုကို မကြိုက်ဘူး"

"ကိုကို စိတ်ကြိုက်ဆုံးဖြတ်လို့ မရနိုင်ဘူးလေ"

"ဖေဖေ မတရားဘူး"

"ကိုကို ရှောင်လွှဲလို့ မရနိုင်တဲ့ အခြေအနေတစ်ခုပဲ"

ရောင်နီ စိတ်ပျက်စွာနှင့် ခေါင်းကိုခါယမ်းပစ်လိုက်မိသည်။

အရိပ်ကို ဘယ်လိုရှောက်လွှဲရမလဲ ...

ယောကျာ်း တစ်ယောက်ကို ကျိုးနွံပြားဝပ်စွာ အလုပ်အကျွေးပြုမည့် မိန်းမ ... ဖေဖေက ကျေနပ်နေသည်။

"ကိုယ့်ကို ရင်ဘောင်တန်းမဲ့ မိန်းမတစ်ယောက်နဲ့ ဘာလို့ လက်ထပ်ချင်ရတာလဲ သား ... အလကားမိန်းမတွေ သစ္စာမဲ့ကြတယ်၊ ဖောက်ပြန်ကြတယ်၊ ယုတ်မာကောက်ကျစ်တယ်"

ဖေဖေ့ အယူအဆတွေက ကြောက်စရာ ကောင်းလွန်းသည်။ အဓိပ္ပာယ်မဲ့လွန်းသည်ဟု ထင်မိသည်။ မေမေက အပြစ်မဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ။

"ကျွန်တော် ... မေမေ့ကို သနားတယ်"

သူလည်း သနားတာပဲ ...

ဖေဖေ သဘောတူတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ရမှာ တော့ စိတ်ပျက်စရာ ကောင်းသည်ဟု ထင်မိနေသည်။

"ကိုကို"

"ဟင်"

"အရိပ်စိတ်တွေ နာကျင်အောင် မလုပ်ပါနဲ့"

"ကိုကိုနဲ့ မဆိုင်ဘူး၊ နေပါဦး ညီ၊ အရိပ်နဲ့ တွေ့ကြတာ မကြာသေးဘဲနဲ့ ဘာဖြစ်လို့ မင်းက အထင်ကြီးနေရတာလဲ"

"သနားတာ"

"ဖေဖေက မိန်းမတွေကို သနားတာမှ မကြိုက်တာ"

"အရိပ်ကို ညီ သနားတယ် ... သူရဲ့ ရိုးသားတဲ့ မျက်ဝန်းလေးတွေကိုပါ"

အရိပ်က ကိုကိုနှင့် မလွဲမသွေ လက်ထပ်ရမဲ့မိန်းကလေး တစ်ယောက်ဆိုတာ သူ သိထားပြီးသား ဖြစ်သည်။

ရိုးရိုးသားသား သနားတာပါ ...

"မဟေသီက ဒေါ်ခင်ခက်ခက်ရဲ့သမီး ... ဖေဖေသိသွားရင် ပြဿနာတွေ ကြီးထွားသွားနိုင်တယ်"

သူ ... ပခုံးကို တွန့်ပစ်လိုက်သည်။

မဟေသီကို မေ့ပစ်၍မရ။

အရိပ်ကိုတော့ သူ အထင်မကြီးနေတာ အမှန်ပဲဖြစ်သည်။

"အရိပ်ကို အဖက်မတန်သလို ... 'ကိုကို မဆက်ဆံစေချင်





ဘူး"

"ကိုကို့ကိစ္စပါ"

ကိုကိုနှင့်ညီ သဘောထား ကွဲလွဲချင်နေသည်။

တစ်ယောက်နှင့် တစ်ယောက် အမြဲတမ်း သဘောထား တိုက်ညီစွာ ချစ်ခင်လာကြတဲ့ ညီအစ်ကိုတွေ ဖြစ်၏။

အခု ... သဘောထား ကွဲနေသည်။ အရိပ့်ကို ကြည့်မရ ... ညီက သနားကြင်နာနေသည်။

"ညီ ... စကြိုးစားပါ"

"အင်း ... "

"ကိုကို ... အလုပ်သွားတော့မယ်"

"ကိုကို"

"ပြော"

"မဟေသီကို လုံးဝမပတ်သက်ဖို့ ညီ ပြောချင်တာပါ"

"ကိုကို့ ကိစ္စပါ"

ညီ့ အနားကနေ သူ ထွက်လာခဲ့တော့သည်။

မဟေသီ့ကို တွေ့ချင်နေမိ၏။

ဒေါ်ခင်ခက်ခက်ကိုလည်း ယုတ်မာကောက်ကျစ်တဲ့ မိန်းမ တစ်ယောက်ဟု ရောင်နီ့စိတ်ထဲမှာ မမြင်မိ ...

ခေတ်မီသားနားတဲ့ မိန်းမကြီးတစ်ယောက်ဟုပဲ ထင်မိသည်။ ဖေဖေ အထင်လွဲနေတာပါ ... အတ္တကြီးနေတာပါ ...

အရိပ်ကို မချစ်ဘူး ... အထင်မကြီးတာ ...

သူပြောသမျှကို ခွန်းတုံ့မပြန်ဘဲ ခေါင်းငုံ့ခံနေတဲ့ မိန်းမ ...



www.burmeseclassic.com

www.burmeseclassic.com



ရှုံးသွားခါနီးတွင် သူစီးဖို့ ဖိနပ်ကိုပင် အဆင်သင့်ပြင်ပေးနေသည်။ အမုန်းဆုံးပဲ ... အရမ်းအောက်တဲ့ မိန်းမ ...

ဘာမှ အသုံးမကျဘူး ...

သွက်သွက်လက်လက် ထက်ထက်မြက်မြက် မိန်းမ တစ်ယောက်ပဲ ဖြစ်စေချင်တယ် ...

"ကိုကို ... အိတ်"

သူ့အိတ်ကို တရိုတသေနှင့် လာပြီးပေးနေသည်။

မေမေ့ထက်ပင် ကျိုးနွံနေသည်။

လူတွေသနားအောင် အရိပ်က လုပ်ပြနေခြင်းလား။

သူ စိတ်ပျက်နေမိသည်။ အထင်မကြီးပါဘူး ...

သူ့နှလုံးသားထဲမှာ မဟေသီပဲ ရှိနေသည်။

"မဟေသီကို သွားတွေ့မယ်"

သူ့စိတ်ထဲမှာ မဟေသီအား တွေ့ချင်တဲ့ ဆန္ဒတွေပဲ ပြင်းပြနေမိသည်။ ဖေဖေ ဝင့်လည်ဖို့ ဖြစ်နေပြီ ...

အရိပ်ဆိုတဲ့ မိန်းကလေးကို သူဘယ်လိုမှ ချစ်မရ ...

သူကားထွက်တဲ့အထိ အရိပ်က စောင့်ကြည့်နေလိုက်သည်။

မေမေ့ဘဝကို သတိရမိ၏။ ညီက မေမေ့ကို ချစ်တယ် ...

တစ်ဖွတ်တိုး တစ်ယူသန်နိုင်လွန်းသော ညီပင် ... မေမေ့ကြောင့် ပြောင်းလဲသွားရသည်။ သူကရော ... ကားကိုသာ တစိုက် မောင်းနေမိတော့သည်။

## အခန်း ( ၁၃ )

အရိပ်ကတော့ ဘယ်လိုမှ ရှောင်လွှဲမရတဲ့ အခြေအနေတစ်ခုဖြစ် ရင်ဆိုင်ရတော့မည်ပဲ။

ဒေါ်လေးနှင့် သူမ ဘဝသည် မှီခိုအားထားရာမဲ့နေသော ဘဝပါ။

"အရိပ်"

"ရှင်"

"နင် ... ဦးအဂ္ဂကို ဆန့်ကျင်ဖို့ လုံးဝမကြိုးစားနဲ့နော် ... ဒေါ်လေးရော အရိပ်ပါ ... ဒုက္ခတွေ ရောက်ကြရမှာ"

ဒေါ်လေးက ပြောနေသည်။

"ဦးအဂ္ဂက မိန်းကလေးတွေကို မုန်းနေတာ ဒေါ်လေး ... အရိပ်ကို နှိပ်စက်ချင်လို့"

"ဘယ်တတ်နိုင်မလဲ အရိပ်ရယ် ... ရင်ဆိုင်ရတော့မှာပဲ"

အရိပ် ... ကိုကို့ကို ချစ်တယ် ... ဘာပဲဖြစ်ဖြစ် ...

ကိုကို့အနားမှာ ကျွန်မ ကျိုးနွံစွာ ပြုစုပေးချင်ပါတယ်။

အရိပ်ကို သွက်လက်ထက်မြက်တဲ့ မိန်းမတစ်ယောက် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ချေချင်တာ မဟုတ်လား။ ဖေဖေ့ကြောင့်ပါ။

မိန်းမတွေကို မုန်းတီးနေတဲ့ ဖေဖေ့အပြုအမူတွေက ခက်နေ သည်။

"အရိပ်ကို ဖေဖေ ပြောထားပြီးပြီနော် ... ချွေးမတစ်ယောက် အဖြစ် ဖေဖေလက်ခံတာ၊ သမီးရဲ့ ကျိုးနွံပြားဝပ်မှုကြောင့်ပဲ၊ မင်းဘဝ မင်း နားလည်ပါ အရိပ်"

အရိပ်ကတော့ ကိုကို ဖြစ်စေချင်တဲ့ ပုံစံမျိုးတွေ ဖြစ်ရတော့ မှာ မဟုတ်ပါဘူး။ ဖေဖေကမှ လက်မခံတာ။

"ဖေဖေက ငါနဲ့ လက်ထပ်ပေးရင် မင်းဘက်က ငြင်းပါ အရိပ်"

အရိပ်ဘက်ကနေ ငြင်းဆန်ခွင့်မရှိတဲ့ အခြေအနေပါ။

ကိုကို့ဘက်က ငြင်းပါ။

ကျွန်မကို အထင်သေးနေမယ်ဆိုတာ သိပါတယ်။

အရိပ်ဘဝသည် ဆင်းရဲနွံချာလွန်းရတဲ့အထဲ ဦးလေးဖြစ်သူက ရက်စက်သေးသည်။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လာ၏။

ရင်ထဲမှာ ... နာကျင်နေမိသည်။

"ဒီဘဝက သမီးအတွက် အေးချမ်းနိုင်သေးတယ် အရိပ် ... မျှော်လင့်ချက်တွေ ရှိလာနိုင်သေးတယ်"

ဒေါ်လေး စကားတွေကို အရိပ် လက်မခံနိုင်အောင် ဖြစ်နေ သည်။

ဘာမျှော်လင့်ချက်မှ မရှိနိုင်ဘူး။ ကိုကိုက အရိပ်ကို အထင် သေးနေတာ။ အချစ်ဆိုတာလည်း မရှိနိုင်ဘူး။ အရိပ်မှာ ဘာအစွမ်း အစမှ ရှိနေတာမှ မဟုတ်တာ။ ရုပ်ရည်အလှအပကိုလည်း ဖွင့်လှ





သခွင့် ရှိမနေပေ။ ဖေဖေက မရ။

"ငါထားရာနေ စေရာသွားမယ် အရိပ်၊ ငါက ဒီလိုချွေးမမျိုးပဲ က်ခံချင်တာ"

ဖေဖေက ပြောထားပြီးသား။

အိမ်မှုကိစ္စတွေကိုလည်း အရိပ်ပဲ တာဝန်ယူနေရသည်။

မေမေကတော့ အရိပ်ကို သနား၏။ ကိုယ်ချင်းစာသည်။

"သမီးကို မေမေ ကိုယ်ချင်းစာပါတယ် ... မေမေ နှစ်ပေါင်း ခါးစည်းပြီး မံလာရတာလေ"

မေမေ ဒေါ်နှင်းစက် ရုပ်သွင်က နွမ်းဖတ်ပြီး ညှိုးနွမ်းနေ ငယ်ငယ်ကတော့ မေမေ ချောမှာပဲ။

မေမေ ဘယ်လိုဖြစ်တာလဲ။

"ကိုအဂ္ဂက ... မေမေ့ကို ချစ်မြတ်နိုးလို့ လက်ထပ်တာမှ တ်တာ"

"မေမေက ဘာလုပ်လို့လဲ"

"ဘာမှ မလုပ်ပါဘူး၊ ကိုအဂ္ဂနဲ့တောင် မတွေ့ဖူးတာ"

"ဒါဖြင့်"

"သူ့ငယ်ချစ်ဟောင်းက သစ္စာမဲ့လို့တဲ့၊ မိန်းမတွေအားလုံး န်းနေတာလေ"

ဘုရားရေ ... မေမေ့မှာ ဘာအပြစ်ရှိလို့လဲ ...

"သမီးလိုပဲ မေမေက ညှဉ်းပန်းနှိပ်စက်လို့ရမဲ့ မိန်းမဖြစ်နေ ချယ်တာတဲ့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မေမေ ခံစားရတာပဲ ... အရိပ်ရေ ... ဘာထူးသေးလဲ ...

မေဖေ့ရဲ့သားကောင်အဖြစ် ဘ၀ကိုရင်ဆိုင်ရတော့မည် အမိကဒေါ်လေးပဲ ... အရိပ် မလွှဲမသွေ နာခံရမယ်လေ"

ဖြစ်သည်။

"မေမေ အရိပ်ကို သနားတယ် ... ကိုယ်ချင်းစာတယ်၊ သမီး ဘ၀ နစ်မွန်းမှာ ကြောက်တယ်"

မေမေ ရှိနေလို့ တော်သေးသည်။

သနားစရာအနှိပ်စက်ခံဘ၀မှာ နေရသော မေမေသည် စိတ် သဘောထား ဖြူစင်ပြည့်ဝသော မိန်းမကြီးတစ်ယောက်သာ ဖြစ် သည်။

"အရိပ်"

"ရှင်"

"မကြာခင် မေမေ့ဘ၀မျိုး သမီးရောက်တော့မယ် ... သမီး ဘယ်လို ဆုံးဖြတ်မလဲ"

ဒေါ်နှင်းစက်ကလည်း သားကြီးဆန္ဒမရှိဘူးဆိုတာ သိ သည်။ ဖခင်နှင့်အတိုက်အခံ ဖြစ်တော့မယ်ဆိုတာ သိ၏။

"အရိပ် ဘယ်လိုမှ ဆုံးဖြတ်နိုင်ခွင့် မရှိဘူးမေမေ၊ ကိုကို့ဘ က ငြင်းဆန်မှပဲ ဖြစ်မှာပါ"

မိမိ ကိုယ်ချင်းစာပါတယ် ... အရိပ်လေးက သနားစရာ

သားကြီးကတော့ သူ ... ချစ်ခင်နှစ်သက်မှုမရှိတဲ့ မိန်း တစ်ယောက်ကို လက်မထပ်ချင်တာ။

ကိုအဂ္ဂက မချစ်ခင် မနှစ်သက်တဲ့ မိန်းမကို ရွေးချ လက်ထပ်တာ။





"သားကြီးက အရိပ်ကို"

"အရိပ်မှာ လွန်ဆန်နိုင်တဲ့ အင်အားတွေမရှိဘူး မေမေ ...

"မေမေ သဘောပေါက်ပါတယ်"

"မေမေ"

"ဟင်"

"အနားယူတော့နော်"

မေမေသည် အေးချမ်းသည့် မိခင်ဖြစ်သည်။

အသက်ကြီးပြီ။ နားပါစေ ...

"သားတွေက မေမေ ချက်ပြုတ်ပြင်ဆင်ပေးမှ သဘောကျ ကြတာလေ"

မိမိ ပင်ပန်းပါစေ ...

သားတွေ စိတ်ကျေနပ်ပျော်ရွှင်မှုတွေ ရစေချင်သည်။

ကိုအဂ္ဂက အတ္တကြီးသည်။ ရက်စက်၏။

မိမိအား သားတွေနှင့် ချစ်ခင်ရင်းနှီးစွာနေခွင့်မရှိ။

အိမ်မှုကိစ္စတွေပဲ လုပ်စေရသည်။

အပြင်ထွက်ခွင့်မရှိ။

အရိပ်လည်း ခံစားရတော့မယ် ...

မေမေ ကိုယ်ချင်းစာပါတယ် ...

ကိုအဂ္ဂ အမိန့်ဩဇာအောက်ကနေ လွတ်မြောက်ရန်မလွယ်

"ကိုရောင်နီကို သမီး လက်ထပ်ရမယ်"

"သားကြီးမှာ ချစ်သူရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကိုကို့မှာ ချစ်သူရှိတယ်တဲ့ ...

အရိပ်ကို ပွင့်လင်းစွာ ပြောထားပြီးသား ဖြစ်နေသည်။

"ဖေဖေက"

"အရိပ်"

"ရှင်"

"မင်း ထွက်ပြေးမလား"

"ဟင်"

"မေမေ ကိုယ်ချင်းစာလို့ပါ ... အရိပ်ဘဝ နစ်မွန်းတော့မ
လေ"

ဒေါ်နှင်းစက်ကတော့ အရိပ်ကို မိမိဘဝလို စိတ်သော
တွေနှင့် မခံစားစေလိုပေ။ သားကြီးလည်း စိတ်မဆင်းရဲရတော့ ...

ဖခင်နှင့် အတိုက်အခံဖြစ်ပြီး သားကြီးဘဝ နစ်မွန်းမှာ မိ
စိုးရိမ်နေမိသည်။

"ဒေါ်လေးက ရှိသေးတယ်လေ"

"အင်းလေ ... ဘာပဲဖြစ်ဖြစ် ကိုအဂ္ဂ ဆန္ဒကို ဖြည့်ဆွမ်း
လိုက်တာ အကောင်းဆုံးပါပဲ"

အရိပ်ကို မိမိလည်း ဘာတစ်ခုမှ အပြည့်အစုံထော
ကူညီနိုင်မှာ မဟုတ်ပေ။

"အရိပ် ဘာမှမစဉ်းစားနဲ့တော့၊ ဘဝကို ရင်ဆိုင်ပါကွယ်"

ထိုစကားကလွဲပြီး မိမိမှာ ဘာတစ်ခုမှ ပြောစရာမရှိ
ပေ။ အခုတလော ...

မိမိမှာကျန်းမာရေးက ချို့တဲ့လာနေပြီ ဖြစ်သည်။





"မေမေ အနားယူပါ"

"အရိပ်"

"ရှင်"

"အရိပ်ကို မေမေသနားတယ် ... တကယ့်ကို နှင်းစက်
အသေးစားလေး ဖြစ်တော့မယ်"

ဒေါ်နှင်းစက် စိတ်မကောင်းကြီးစွာ ဖြစ်နေမိသည်။

သားကြီးကိုလည်း စိတ်ချမ်းသာစေချင်တယ် ...

အရိပ်ဆိုတဲ့ မိန်းကလေးကိုလည်း သနားနေမိသည်။

မိမိ ဘယ်လိုလုပ်ရမလဲ ...

အခန်းထဲ ဝင်လာခဲ့သည် ...

ကိုအဂ္ဂနှင့်အတူ မနေတာ ကြာပြီပဲ။

မိမိအနေနဲ့ အိမ်ထောင်ရေးသောကတွေ ခံစားခဲ့ရတာ ကြာ
ပြီပဲ။ သားကြီးရော ... မချစ်မနှစ်သက်တဲ့ မိန်းကလေး တစ်
ယောက်ကိုသားကြီး လက်မထပ်လိုပေ။ နှလုံးတွေ စူးအောင့်လာ
သည်။

ဘာပဲဖြစ်ဖြစ် ... မိမိ အိမ်ထောင်ရေး သက်တမ်း တစ်
လျှောက်လုံး ခင်ပွန်းဖြစ်သူရဲ့ ဥပေက္ခာပြုမှုတွေသာ ရင်ဆိုင်
ဖြတ်သန်းခဲ့ရသည်။ ရင်မောစရာပါပဲလား ...

"အား ... ကျွတ် ... ကျွတ်"

အိပ်ရာထဲ လှဲနေမိသည်။ သားတွေက မိမိကိုတော့ ချစ်ပါ
သည် ... ဒါပေမဲ့ ... ဖခင်ကို ကြောက်ကြရသည်။

မိမိကလည်း ဖခင်ရဲ့ထိန်းချုပ်မှုအောက်မှာပဲ ရှိစေချင်တော့



www.burmeseclassic.com

www.burmeseclassic.com



သားတွေကို ဖခင်ပဲ ထိန်းနိုင်မှာ။

"နှင်းစက်"

"ဟင်"

ကိုအင္ဂအသံ ...

မိမိ အထိတ်အလန့်နှင့် လှုးလဲပြီး ထလိုက်မိသည်။

"အား"

ယိုင်ခွေကျသွားသည်။ အားယူပြီး ပြန်ထလိုက်ရ၏။

"ကျွတ် ... ကျွတ်"

"မင်း ... ဘာဖြစ်နေတာလဲ နှင်းစက်"

ဦးအင္ဂကတော့ မိန်းမတွေကို ဦးစားမပေးလိုပေ။

မိမိရင်ထဲမှာ အမြဲတမ်း တငွေ့ငွေ့လောင်ကျွမ်းခံနေ

အပူမီးတွေကို ငြိမ်းအေးဖို့ မိန်းမတစ်ယောက်ကို စားစာခံလက်

ခဲ့၏။

နှင်းစက် ... မင်းမှာ အပြစ်တော့ မရှိဘူး။

အို ... မိန်းမတွေကို မုန်းတယ် ... နာကြည်းနေတယ်

နှင်းစက်သည် မိမိကို ကျိုးနွံပြားဝပ်စွာ ပြုစုခဲ့သော

မယားဖြစ်သည်။ ဇနီးကို သနားသွားမိသည်။ မိန်းမတွေ ...

အရေးပေးလို့ မဖြစ်ဘူး ... နှိမ်ထားမှ ...

သားတွေ လက်ထပ်မဲ့ မိန်းမလည်း အိမ်ရှင်မပီသတဲ့

မျိုးပဲ ဖြစ်စေရမယ် ...

"နှင်ဘာဝင်လုပ်နေတာလဲ ... ငါ ထမင်းစားဖို့ နှင် ပြင်

ပေးရမယ်ဆိုတာ မသိဘူးလား"





"အရိပ်က"

"မင်းပဲလုပ်"

မိမိ ထလိုက်သည်။

ကိုအင္ဂ မျက်ဝန်းတွေထဲမှာ အကြင်နာတွေ လုံးဝ ခန်းခြောက်နေခဲ့၏။ မာထန်နေသည်။

ဒေါ်နှင်းစက် ဘဝကတော့ မထူးတော့ဟု ထင်မှတ်ထားမိသည်။ အိပ်ရာထဲမှ လူးလဲထမိ၏။

"နှင်းစက်"

"ရှင်"

"မင်း သားကြီး ... အရိပ်ကို လက်ထပ်ဖို့ မင်းတိုက်တွန်းစေချင်တယ် နှင်းစက်"

ငယ်စဉ်လေးကတည်းက မိမိသားတွေကို မိမိနှင့်စိမ်းအောင် ထားခဲ့သည်။ သားတွေဆန္ဒကို မိမိ ဆန့်ကျင်ဘက် မပြုလိုပေ။ နှလုံးသားထဲမှာ သောကဝေဒနာတွေ ပြင်းပြစွာ ခံစားခဲ့ရသည်။ ရင်ဘတ်တစ်ခုလုံး တင်းကျပ်စူးအောင့်နေ၏။

နှလုံးရောဂါလား ... မဖြစ်ပါစေနဲ့ ...

မိမိ အိမ်ထောင်ရေးသက်တမ်းတစ်လျှောက်လုံး ခင်ပွန်းအပေါ် ဇနီးမယားကောင်းပီသစွာ တာဝန်ဝတ္တရားတွေ ထမ်းဆောင်ခဲ့သည်။

ကိုအင္ဂထံမှ ပြတ်သားတဲ့ စကားသံတွေကို ကြားရ၏။

"မင်းသားကြီး ငြင်းဆန်ရင် ... သားအဖြစ်ကနေ ငါလုံးဝစွန့်လွှတ်ရလိမ့်မယ်"

မိမိ ဘာပြောနိုင်မှာလဲ ... ရင်ဝဆီမှ ထိုးအောင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

"မင်းသားတွေ အနာဂတ်လမ်း လှပစေချင်ရင် ငါ့အစီအစဉ်တွေကို နာခံပါစေ"

ဦးအဂ္ဂ ပြန်ထွက်သွားသည်။ မိမိ သေချင်တယ် ...

ဒီဘဝက ဝဋ်ကျွတ်ချင်ပြီ။ သားတွေကိုတော့ အေးချမ်းတဲ့ဘဝတွေကို ပိုင်ဆိုင်စေချင်တယ်။ မိမိ ဘာလုပ်ပေးနိုင်မလဲ ...

အမေတစ်ယောက်အနေနှင့် ဘာအသုံးမှမကျဘူး ဖြစ်နေသည်။ မိမိ ထလာခဲ့၏။

မီးဖိုဆောင်ရောက်တော့ အရိပ်က ထမင်းပွဲ ပြင်ဖို့လုပ်နေသည်။

"အရိပ်"

"ဟင် မေမေ ... ဘာလို့ ပြန်ထွက်လာရတာလဲ၊ အနားယူလေ"

"မေမေ ပြင်မယ်"

"အရိပ် ပြင်ပါ့မယ်"

"နေ ... နေ"

"ဖေဖေ့ကြောင့်လား"

"အင်း"

"မေမေရယ်"

အရိပ်မျက်နှာလေးက စိတ်ထိခိုက်ကြေကွဲသွားဟန် ဖြစ်သွားသည်။

"မေမေ့ကို ကြည့်ရတာ နေမကောင်းဘူး။ အရိပ်ကို အားမနာပါနဲ့ မေမေရယ်၊ အိမ်မှုကိစ္စတွေလုပ်တာ အရိပ် ဝါသနာပါ ပါ





တယ်"

မေမေ့ကို အရိပ် သနားနေမိသည်။

ကိုကို့ကို ပြောပြချင်တယ်။

"မေမေ"

"ဟင်"

"အရိပ် မေးစရာတစ်ခုရှိလို့"

"မေးလေ"

"ဖေဖေ့အပေါ် မေမေ အနစ်နာခံနေတာ အချစ်ကြောင့်လားဟင်"

အရိပ်ကို မေမေက ဆတ်ခနဲ မော့ကြည့်လိုက်သည်။

"အချစ်ကြောင့် ... "

"အင်း"

"မေမေနဲ့ကိုအဂ္ဂတို့ တွေ့ကြတယ် ... လက်ထပ်တယ်ဆိုတာလည်း ကိုအဂ္ဂသဘောလောက်ပဲ လုပ်တာ၊ အချစ်တွေ ဘာတွေ မေမေ ဘာမှမသိခင်မှာပဲ ကိုအဂ္ဂရဲ့ နှိပ်စက်ညှဉ်းပန်းမှုတွေကို ခံရတာပဲ"

"ဟင်"

အရိပ်နဲ့ ဘာထူးလဲ ...

မေမေ့ကို ကြည့်ပြီး အချစ်မပါတဲ့ အိမ်ထောင်ရေးကို တည်ဆောက်ဖို့ပင် ကြောက်ရွံ့တုန်လှုပ်နေမိသည်။

ကိုကိုက အရိပ်ကို မုန်းနေတာ ...

ထွက်ပြေးဖို့ကလည်း အရိပ်မှာပြေးစရာမြေ မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လိုက်တာ ... အရိပ်ကတော့ ကိုကို့ကို ချစ်နေ
တယ်။ ပြောရမှာ ရှက်လိုက်တာ ...

"အမေကတော့ သားတွေအတွက်ပဲ ရှိတော့တယ်"

မေမေသည် ရှိရင်းစွဲအသက်ထက် အိုစာနေသည်ဟု ထင်
နေသည်။ ဘဝကို အတော်လေး ရင်ဆိုင်ကြုံတွေ့ခဲ့ရပုံပင်။

ညှိုးနွမ်းရင့်ရော်နေသည်။

"မေမေ ... နေမကောင်းဘူးလား"

"ကောင်းပါတယ်ကွယ်"

ဒေါ်နှင်းစက်ကတော့ မိမိ ရောဂါဝေဒနာအကြောင်း ဘာ
မပြောလိုတော့ပေ။

သေခြင်းတရားကသာ ခန္ဓာဝန်ရဲ့ လွတ်မြောက်ခြင်းဟု
တွေးနေမိသည်။

—

အခန်း ( ၁၄ )

အရိပ်ကို သူ လက်ထပ်ရမှာပဲ။

ဖေဖေ့ အမိန့်ပဲ ... သူ ... အမွေဖြတ်တာကိုတော့ မကြောက်
ဘူး။ မေမေ့ကြောင့် ...

သားကြီး တစ်ယောက်အနေနှင့် ရှေ့ဆောင်လမ်းပြ ဖြစ်သင့်
သည်ဟု ထင်မိသည်။

မေမေ့ကို ကြည့်ရတာလည်း ကျန်းမာရေးကောင်းပုံမရဟု
ထင်မိ၏။ ပြုစုချင်သည်။ ဆေးခန်းတွေ ပြပေးရမယ် ...

သူ့အနေနှင့် ဖေဖေ့ကို အပေးအယူ တစ်ခုတော့လုပ်ရမယ်။

မေမေ့ကို ဆေးကုပေးဖို့ ...

ဘဝရဲ့ သက်တမ်းတစ်လျှောက်လုံးမှာ မေမေ ငြိမ်းချမ်း
သည်မရှိခဲ့။ သူတို့ ကြီးလာပြီ ...

မေမေ့ကို ပစ်ပယ်မထားသင့်ဟု ထင်မိနေသည်။

မဟောသီအား သူ မေ့ပစ်ဖို့ ဆုံးဖြတ်ထားမိ၏။

"ဖေဖေ"

ဖေဖေ့ဆီ သူဝင်လာခဲ့သည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့အရိပ် လက်ထပ်ဖို့ကိစ္စ မင်း စဉ်းစားထားပြီးပြီလား ရောင်နီ"

ဖေဖေက မေးသည်။

"အရိပ်ကို သား လက်ထပ်ဖို့အတွက် ဖေဖေ့ဆီက ပေးဆပ်မှု တစ်ခုတော့ ရှိရမယ်"

သားကြီးကို ဦးအဂ္ဂ ကြည့်မိသည်။

မိမိထံမှ ဘာအခွင့်အရေးမှ တောင်းဆိုဖူးခြင်း မရှိခဲ့။

အခုတော့ ... အရွယ်ရောက်နေပြီ။

မိမိ စိတ်တွေကိုလည်း တစ်ထစ်လောက် လျှော့ပစ်ချင်မိသည်။ အခွင့်အရေး ပေးရမလား ...

သားကို အရိပ်နှင့် တမင် လက်ထပ်စေတာ။

မိမိကဲ့သို့ ချစ်သူရဲ့ သစ္စာမဲ့ခြင်းကြောင့် စိတ်ဝေဒနာတွေ မခံစားစေလို၍ ဖြစ်သည်။

"ပြောစမ်းပါဦး"

"မေမေ့ကို ဆေးကုပေးဖို့ပါ"

"ဟင်"

နှင်းစက် ... တစ်သက်လုံး အရာမသွင်းခဲ့တဲ့ မိန်းမ ...

ခပ်နိမ့်နိမ့် ဆက်ဆံခဲ့သည်။

သားက ထူးထူးခြားခြား အခွင့်အရေးတွေ တောင်းဆိုနေ၏။

"မေမေ အသက်ကြီးပြီ ... လူ့လောကကြီးထဲမှာ မေမေ ဘယ်လောက်အထိ နေရမယ်ထင်လဲ ဖေဖေ"

"ရောင်နီ"





"ဗျာ"

"မင်း အမေဘဝကို ဖေဖေ ကယ်တင်ခဲ့တာပဲ ... ဆင်းရဲနွမ်း ...ပြီး မှီခိုရာ ကင်းမဲ့နေတဲ့ဘဝနဲ့ နေရတာ"

"ဘာပဲဖြစ်ဖြစ် မေမေဟာ သူဌေးကတော်ပဲ ... ဘာအခွင့် ...ရေးမှ မရဘဲ အနှိမ်ခံဘဝနဲ့ နေရတယ် ... ဖေဖေ"

"မင်းအမေက မင်းတို့ကို သွေးထိုးပေးနေတာလား ...ာင်နီ"

ဖေဖေသည် မေမေ့ကို မဲတော့မည်ဆိုတာ သူသိနေသည်။

ဆင်းရဲနွမ်းပါးစွာ နုံချာတဲ့ မေမေ့ဘဝကို သူသနားမိသည်။

ဖေဖေ့ မျက်ဝန်းတွေက တင်းမာခက်ထန်နေသည်။

"ဖေဖေ"

"မင်းအမေ ... ဘာမှမဖြစ်ပါဘူး"

"မေမေ နေမကောင်းဘူး ... ထင်တယ်"

"မင်း တောင်းဆိုချင်တာ ... ဒါပဲလား"

"ဖေဖေ"

"မင်း ဘာမှဆက်မပြောနဲ့တော့ ရောင်နီ ... ဖေဖေ့ အစီ...ဉ်တွေကို မင်းနှာခံပါ"

ဦးအဂ္ဂ အမိန့်ပေးလိုက်မိသည်။

မိန်းမကို အရေးတယူလုပ်ဖို့အတွက် သူ့မှာဆန္ဒရှိမနေပေ။

အလကား မိန်းမတွေ ...

မိမိထားရာမှာနေ စေရာသွားရမယ် ...

နှင်းစက်ကတော့ မိမိအပေါ် တာဝန်ကျေလွန်းတဲ့ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ထောက်ပဲ ဖြစ်သည်။

သားပြောသလို ကျန်းမာရေးချို့တဲ့နေပုံတော့ ရသည်ဟု ထင်မိ၏။ မိမိကတော့ မသိချင်ယောင်ဆောင်နေမိသည်။

အခွင့်အရေး မပေးချင်။

"မင်းအရိပ်ကို လက်ထပ်ပါ"

"ကျွန်တော် ..."

"မင်း ဆင်ခြင်ပေးစရာ မလိုဘူး ရောင်နီ ... ဖေဖေ့စကား ရက်စက်တယ်လို့ မပြောနဲ့"

"ဖေဖေ့ဘဝမှာ မေမေ့အပေါ် မုန်းတီးမှုတွေ မထားတော့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ ဆက်ဆံသင့်နေပြီ ... အသက်တွေ လည်း ကြီးလာကြပြီ ဖေဖေ"

သူ့ ဖြစ်စေချင်တာတွေကို ဖေဖေ နားဝင်စေချင်သည်။

မေမေ့ကို ပစ်ပယ်မထားသင့်ဟု ထင်မိနေ၏။

"နောက်တစ်လအတွင်း မင်းနဲ့အရိပ်ကို လက်ထပ်ဖို့ စီစဉ် မယ်"

"ဖေဖေ"

"မင်း ဘာမှ ဆက်ပြောစရာ မလိုတော့ဘူး ရောင်နီ ... ဒီအတိုင်းပဲ စီစဉ်မယ်"

ဖေဖေက စကားကို ဆက်မပြောတော့ဘဲ လုပ်စရာရှိ အလုပ်တွေကို ဆက်ပြီး လုပ်နေသည်။

သူ့ကို ဥပေက္ခာပြုနေ၏။

"ဖေဖေ"





"မင်း ... သွားတော့"

"ကျွန်တော့ဆန္ဒမပါဘဲ အတင်းအကျပ် မလုပ်ပါနဲ့ ဖေဖေ"

"မင်း"

ဖေဖေ့အကြည့်တွေက ဒေါသတွေနှင့် ဝင်းဝင်းတောက် နေသည်။

"ငါ စကားကို နှစ်ခါမပြောဘူး ရောင်နီ ... မင်း ပြင်ဆင် ထားပါ ... ငါကတော့ အရိပ်ကို မင်းမုန်းတီးနေလေ သဘောကျ လေပဲ"

ဖေဖေသည် စိတ္တဇဆန်လွန်းသော လုပ်ရပ်တွေကို လုပ် ဆောင်နေခြင်းသာ ဖြစ်သည်။ အဓိပ္ပာယ်မဲ့လွန်းနေ၏။

ရိုးအလွန်းတဲ့ အရိပ်ကို လက်ထပ်ပြီး ပျော်ရွှင်ချမ်းမြေ့ ရွ င်းမဲ့သော အိမ်ထောင်တစ်ခုကို မတည်ဆောက်လိုပေ။

ဖေဖေက ငြင်းဆန်၍မရ။

"မင်း ... အရိပ်ကို ချစ်စရာမလိုဘူး ရောင်နီ"

ဖေဖေလည်း ... မေမေ့ကို မချစ်ဘဲနဲ့ လက်ထပ်ခဲ့တာပဲ ဟုတ်လား ... အဓိပ္ပာယ်မဲ့လွန်းတဲ့ ဖေဖေ့လုပ်ရပ်တွေကို ဆန့်ကျင် ခဲ့ပေမဲ့ မေမေက ရှိနေသည်။ မေမေ့ကို သနားတယ် ...

"မင်း ... တခြားမိန်းကလေး တစ်ယောက်ကို လက်ထပ်ဖို့ ည်းစားနဲ့ ရောင်နီ ... မင်းကအကြီး၊ ဖေဖေ့သြဇာအာဏာကို င်းကစပြီး ဆန့်ကျင်မယ်ဆိုရင် ရောင်စဉ့်ကို ငါ ဘယ်လိုလုပ်ပြီး ိန်းချုပ်မလဲ"

"မေမေ့ကိုတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... သွားတော့"

"ဖေဖေ"

"မင်း ... သွားတော့"

သူ ... ထွက်လာခဲ့သည်။

ဖေဖေသည် ဆက်စကားမပြောချင်တော့ဟန်ဖြင့် စာရ စာအုပ်ကို ကြည့်နေ၏။

"မေမေ့ကို ဖေဖေ ပစ်ထားပေမဲ့ ... သားတို့ကတော့ ဆေ ခန်းတွေ ဘာတွေ ပြပေးရမှာပဲ ဖေဖေ"

ဖေဖေ ဘာမှ ထပ်မပြောပေ။

အရိပ် ရောက်လာတော့လည်း မေမေ နည်းနည်းပါး သက်သာသည်ဟု ထင်မိလာသည်။

သူ ... ပြန်ထွက်လာခဲ့သည်။

အရိပ်က သူ့အခန်းထဲ စားသောက်စရာတွေ လာပို့ပေး

သူ သတိရနေတာက မဟေသီပင်။

မဟေသီကို တွေ့ချင်နေမိသည်။

ထိုမိန်းကလေးမျိုးကို သူ့ဘဝလက်တွဲဖော်အဖြစ် ရွေးချ ချင်၏။ မဟေသီက သူ့ကိုမှ မချစ်တာ။

"ကိုကို"

"ဟင်"

"ဒီအကျႌတွေ ကျွန်မ လျှော်ဖွပ်ဖို့ ယူသွားတော့မယ်နော်"

အရိပ်ရဲ့ ကျိုးနွံ့ပြားဝပ်သော လေသံတွေကို သူသဘော မကျဆုံးပင်။





"အရိပ်"

"ရှင်"

"မင်း ... ထိုင်ဦး"

"ဟုတ်ကဲ့"

ကြမ်းပြင်မှာ ကျုံ့ကျုံ့လေး ထိုင်နေတာတွေ့လိုက်ရသည်။

"အပေါ်မှာ ... တက်ထိုင်လေ"

"ကျွန်မ"

"မင်း ... ငါ့ကို ကြောက်နေတာလား အရိပ်"

ဖေဖေက အသေအချာ မှာထားခဲ့သည်။

ကိုရောင်နီကို ပြားပြားဝပ် ကြောက်ရွံ့ရိုသေနေရမယ်တဲ့။

"မင်း ငါ့ကို ကြောက်ချင်ယောင်ဆောင်မနေစမ်းပါနဲ့ အရိပ်"

"ကျွန်မ"

"ထစမ်း"

အရိပ် ကြောက်ကြောက်ရွံ့ရွံ့နှင့်ထပြီး ကုလားထိုင်ပေါ်မှာ ထိုင်သည်။ မေမေ့ကို မြင်ယောင်လာမိ၏။

အရိပ်က မေမေ့လိုပဲလား ...

မေမေက ဖေဖေ့ကို ပိုရှိပင် ပြားဝပ်ရိုသေရသည်ဟု ထင်မိသည်။ အရိပ်ကို အနိုင်မကျင့်လိုတော့ ...

"မင်း သွားတော့ ... အရိပ်"

"ဟုတ်ကဲ့"

သူ ဝတ်ပြီးသား အဝတ်အစားတွေ ယူပြီး ထွက်သွားသည်။

ဒုက္ခပါပဲကွာ ... လုံးဝ မဖြစ်သင့်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကို ပုံစံသွင်းလို့လည်း ဖြစ်မှာမဟုတ်ပါဘူး။

ဖေဖေက တစ်လအတွင်း အရိပ်နှင့်လက်ထပ်ဖို့ စီစဉ်မည် တဲ့။ သူနှင့်အရိပ် နီးစပ်အောင် ခေါ်ဆောင်လာခြင်းသာ ဖြစ်သည်။

“ဖေဖေ့အစီအစဉ်တွေကို သား လက်ခံလိုက်ပါ … မေမေ့ သားတွေဘဝ အေးချမ်းနေစေချင်တယ်”

မေမေသည် ရောင်နီတို့အပေါ် သံယောဇဉ်ကြီးမားလွန်း သော မိခင်တစ်ယောက်သာ ဖြစ်နေသည်။

ဝဋ်ကြွေးတွေ ကြီးမားလွန်းသည်ဟု သူမ စိတ်ထဲမှာ ထင်မိ နေ၏။ အရိပ်ကိုလည်း မနှိပ်စက်ချင်တော့ပါဘူး …

ပုံစံပဲ သွင်းချင်တယ် … အရိပ် ဆယ်တန်းဖြေထားသည်။

အောင်ရင်တော့ ပညာဆက်သင်ဖို့ အားပေးချင်တယ် …

ဖေဖေက လက်ခံမှာမဟုတ် …

မိန်းမတွေကို အဓိပ္ပာယ်မဲ့စွာဖြင့် မုန်းတီးနေသည်။

လက်စားချေနေ၏။

သူတို့ လက်ထက်အထိ လိုက်ပြီး လက်စားချေနေတာတော့ မကောင်းပေ။

“ကိုကို”

ညီရောက်လာသည်။

“ကျွန်တော် ကိုကို့ကို တိုင်ပင်စရာ တစ်ခုရှိလို့”

“ပြောလေ ညီ”

“မဟေသီကို ကျွန်တော် ချစ်သူအဖြစ် ရွေးချယ်လိုက်ပြီ လေ”





“ဘာပြောတယ် ညီ”

“မဟေသီနဲ့ ကျွန်တော် ချစ်သူတွေ ဖြစ်သွားပြီလေ”

“ဟင်”

အရိပ်ကြောင့်လား …

ညီက အရိပ်ကို သနားနေသူ ဖြစ်နေသည်။

“မင်း … အရိပ်ကြောင့် ကိုကိုနဲ့မဟေသီနဲ့ ဝေးအောင် ကြံစည်တာလား ညီ”

ညီ့မျက်ဝန်းတွေက အေးစက်တည်ငြိမ်နေသည်။

မင်းမှာ အချစ်မရှိပါဘူး … မဟေသီ့ကို မင်း မချစ်ဘူး …

ညီဟာ ဖေဖေ့ကိုလည်း လုံးဝ ဆန့်ကျင်ချင်တဲ့ကောင် မဟုတ်ဘူး …

“ညီ … မင်း”

“ကျွန်တော် ရွေးချယ်တာပဲ”

“ဖေဖေက သဘောမတူဘူးဆိုတာ မင်း သိထားတာပဲ”

ညီကလည်း ဖေဖေ ရွေးချယ်ပေးတဲ့ မိန်းမကိုပဲ လက်ထပ် ရမှာ ဖြစ်သည်။

“ဖေဖေ သဘောမတူချင်နေပါစေ ကိုကို … ကျွန်တော် သင်ပြစ်တိနိုးတဲ့ မိန်းမတစ်ယောက်ကိုပဲ ကျွန်တော် ရွေးချယ်လိုက် တော့မယ်”

“မင်း … အရိပ်ကို တော်တော် သံယောဇဉ်ကြီးတာပဲ”

“မေမေ့ကြောင့်ပါ”

“မေမေ”

“အရိပ်လို ဘဝလိုမျိုး မဖြစ်စေချင်တာ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို"

"အရိပ်က ကိုကို့ကို ချစ်တာပါ"

"ဘာ"

"အရိပ်က ကိုကို့ကို ချစ်နေတာ ညီ သိတယ် ... မေမေ ဖေဖေ့ကို ချစ်တာမဟုတ်ဘူး၊ ညီတို့ကြောင့် အနစ်နာခံနေတာလေ"

"ညီ"

"ညီ့ ရွေးချယ်မှုပါ"

ကိုကိုက မဟေသီကို သံယောဇဉ်ငြိတွယ်နေတာ ညီ သိ သည်။ မဟေသီကို ညီ မချစ်ဘူး ... ဒါပေမဲ့ ... လက်ထပ်မယ် ...

ကိုကို့ စိတ်တွေကို ဖြတ်သားသွားစေချင်မိသည်။

အရိပ်ကို လက်ထပ်စေချင်သည်။ ကိုယ်ချင်းစာလို့ပါ။

မေမေ့ဘဝမျိုး အရိပ်ကို မရောက်စေချင်၍လည်းဖြစ်သည်

"အရိပ်ကို လက်ထပ်ပါ"

"မဟေသီက ဒေါ်ခင်ခက်ခက် သမီးလေ၊ ညီ ဒုက္ခရော လိမ့်မယ်၊ ကိုကိုက အကြောင်းမဟုတ်ပါဘူး၊ ပညာစုံနေပြီ၊ အလု အကိုင်တွေနဲ့လေ ညီ"

ညီဟာ သူ့ သံယောဇဉ် အတွယ်တာရဆုံး ညီပါ။

မဟေသီနှင့် ဖေဖေက လုံးဝသဘောတူမှာ မဟုတ်ပေ

ညီ ဒုက္ခရောက်တော့မယ် ...

"ညီ့ ဒုက္ခမရောက်ပါဘူး ကိုကို ... မဟေသီက ချမ်းသာ တယ်လေ"

"မဟေသီကရော ဖေဖေ့သားဆိုတာ သိရင် ညီ့ကို လက် မလား။ ညီ အရမ်းမလုပ်နဲ့နော်၊ ကိုကို အရိပ်ကို လက်ထပ်မှာ





ညီ့ဘဝကိုတော့ ကိုကိုကြောင့် အနစ်မွန်းမခံပါနဲ့ကွာနော်"

ကိုကိုက သူ့ကို သံယောဇဉ်ရှိသားပဲဟု တွေးမိသွားသည်။

အရိပ်ကြောင့်ပါ။ ကိုကိုက မဟေသီ့အား သံယောဇဉ် ငြိတွယ်နေတာ သိနေသည်။ မဟေသီ့အပေါ် ကိုကို့ သံယောဇဉ် တွေ ဖြတ်တောက်ချင်မိ၏။

"ညီ့အတွက် မပူနဲ့"

"ညီ"

"မေမေ့ကို စောင့်ရှောက်ဖို့ပဲ မှာချင်တာပါ"

"မင်း အဓိပ္ပာယ် မရှိတာတွေ မလုပ်စမ်းပါနဲ့ ညီ ... ကိုကို အရိပ်ကို လက်ထပ်မှာပါ"

ရောင်စဉ်ကတော့ ကိုကို ဘယ်လိုပဲ ပြောပါစေ မဟေသီ့ ကို လက်ထပ်မယ်။ အရိပ်ဆိုတဲ့ မိန်းကလေးတစ်ယောက်ကိုပဲ ကိုကို့ဘဝအဖော်အဖြစ် ပီပြင်စွာ ရှိနေစေချင်သည်။

ရောင်စဉ် စိတ်ထဲမှာ အရိပ်ကို အလွန်အမင်း သနားကြင်နာ နေမိ၏။

ထို့ကြောင့်ပင် ... အရိပ်နှင့်နီးကပ်စွာ မနေချင်တော့၍ ဖြစ်သည်။ ဖေဖေ အမွေဖြတ်ချင်လည်း ဖြတ်ပါစေလေ ...

အရိပ်ဘဝလေးကို အေးမြစေချင်တယ် ... ရောင်စဉ့် ဆန္ဒပဲ။

"ညီ ... မင်း"

"အဟက်"

"မင်း မပြည့်စုံသေးဘူး"

"ကိုကို့ထက် ညီက ဘဝကို ရှန်းကန်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညီ"

"အရိပ်ကို စောင့်ရှောက်ပါ၊ မေမေလည်း အရိပ်ရှိနေတော့ သက်သာတာပေါ့၊ ကိုကို ဖြစ်စေချင်တဲ့ ပုံစံသွင်းပေါ့"

ညီသည် သူ့ကို ဘာမှပြောခွင့်မပေးတော့ဘဲ ပြောချင်တာ တော်ပြောပြီး ထွက်သွားတော့သည်။

ရောင်နီ ရင်ထဲမှာ နာကျင်စူးရှတဲ့ဝေဒနာတွေကို ခံစားနေ ရ၏။ မဟေသီကို သူ စွန့်လွှတ်ရမှာပဲ ...

အရိပ် ... မင်းကို ငါ အထင်မကြီးဘူး ...

ငါ အထင်ကြီးတာ မဟေသီပဲ ...

သူသည် ကျောက်ရုပ်တစ်ခုကဲ့သို့ အေးစက်စွာ ထိုင်နေ သည်။

အခန်း ( ၁၅ )

"အငယ်ကောင် ဖေဖေ့ကို ဘာဖြစ်လို့ အာခံရတာလဲ ... ဘာကြောင့် ဖေဖေမကြိုက်တဲ့ မိန်းမမျိုးကို လက်ထပ်ရတာလဲ"

ဒေါသတကြီးနှင့်ပေါက်ကွဲနေတဲ့ ဖေဖေ့ကို သူငေးကြည့်နေ သည်။

သားတွေရဲ့ အနာဂတ်ကိုပါ ထိန်းချုပ်စီမံချင်တာ ဖေဖေ။

သူမှားတယ် ...

ညီက အငယ်ဆိုပေမဲ့ သူ့အတွက် အနစ်နာခံသော ညီတစ် ယောက်သာ ဖြစ်သည်။

"ကိုကို အရိပ်ကို လက်ထပ်ပါ ... မိန်းကလေး တစ်ယောက် ရဲ့ ဘဝကို ကယ်တင်စောင့်ရှောက်ပါ"

အရိပ်အတွက် ညီ စိုးရိမ်နေသည်။

ကိုကို ဖြစ်စေချင်တဲ့ ပုံစံသွင်းလို့ရမယ့် ကောင်မလေး တစ် ယောက်မှ ဟုတ်ပါ့မလား ...

ညီ လက်ထပ်သွားပြီတဲ့ ...

အိမ်ကနေ ထွက်သွားတာ ...



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို ဘယ်လို ရင်ဆိုင်မလဲ …

မပဟသီကို ညီ မချစ်ဘူးဆိုတာ သူ သိနေသည်။

"ခင်ခက်ခက်ရဲ့သမီးကိုမှ ဘာလို့လက်ထပ်ရတာလဲ၊ ငါ့ကို ဘာလို့ စိတ်ဒုက္ခရောက်အောင် လုပ်ရတာလဲ"

ဖေဖေသည် သူ့ကို ဆန့်ကျင်တော့ အကြီးအကျယ် ဒေါသ ဖြစ်နေသည်။

ဘယ်သူ့အပေါ်မှ ကိုယ်ချင်းစာတရား မရှိခဲ့သော ဖေဖေယ်

ကိုကို မှားတယ် … ညီ … မင်း တမင်လုပ်သွားတာ …

ကိုကို့အတွက်ပါ …

ညီသည် တစ်ဖွတ်ထိုး လုပ်တတ်ပေမဲ့ အနစ်နာခံတတ် သည်။

အရိပ်ကိုလည်း သနားနေပုံပင် …

တမင် … အနစ်နာခံလိုက်တာပါ …

သူ့စိတ်ထဲမှာ ထိခိုက်ကြေကွဲမှုတွေ ခံစားနေရသည်။

"ရောင်နီ"

"ဗျာ"

"ရောင့်စဥ့်ကို အမွေဖြတ်မယ် … အဖေကိုအာခံချင်တဲ့ ကောင် … သင်းဘဝကို သင်း … ရင်းပါစေ … အမွေဖြတ်ကြောင်း သတင်းစာမှာ သွားထည့်စမ်း"

"ဖေဖေ"

သူ … မလုပ်စေလိုပေ … ညီ့မှာ အပြစ်မရှိပါဘူး …

မိဘစကားကို နာခံတဲ့သားပါ …

ဖေဖေ စီမံတာပဲ နာခံမယ်လို့ အမြဲတမ်းပြောနေတတ်





ညီ။ ညီ ဘာဖြစ်သွားရတာလဲ … သူ့အတွက်ပါ …

သားလိမ္မာတစ်ယောက်ဖြစ်စေရန် ညီက သားမိုက်အဖြစ် ခံနိုက်တီးခဲ့သည်။

"ဒီကောင့်ကို ငါ့သားအဖြစ်ကနေ စွန့်လွှတ်မယ် … မင်း သတင်းစာထဲ သွားထည့် ဒီကောင်နဲ့မင်း လုံးဝမဆက်သွယ်ရဘူး"

ဖေဖေက ပြောနေသည်။ သူက သိနေ၏။

ကိုကိုကြောင့်ဆိုတာ သိပါတယ် ညီရယ် …

"ရောင်နီ"

"ဗျာ"

"မင်းအရိပ်ကို လက်ထပ်ပါ"

သူ … ငြင်းဆန်ခွင့်မရှိ … ညီဆန္ဒပဲ …

အရိပ်ဆိုတဲ့ မိန်းကလေးကို သူလက်ထပ်ရမည်။

"မကြာခင် စီစဥ်မယ် … မင်းကိုငါ ထပ်ပြီး အဆုံးရှုံးမခံနိုင် တော့ဘူး"

ဖေဖေက သူဖြစ်စေချင်တာကို အကောင်အထည်ဖော်ချင် နေသည်။

"ရောင်စဥ် တော်တော်မိုက်တဲ့ကောင်ပဲ … ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး ရောင်နီ … ဒီကောင် ငါ့သား မဟုတ်တော့ဘူး"

ဖေဖေ့ကို မဆန့်ကျင်ဖို့ ညီက အထပ်ထပ် မှာသွားသည်။

ညီ … ကိုကို စိတ်မကောင်းဘူးကွာ … ဘာလုပ်ရမလဲ …

မပဟသီကို သူ ညီမတစ်ယောက်အဖြစ်သာ ပတ်သက် ဆက်ဆံရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အရိပ်ကို လက်ထပ်ပါ"

ညီအသံတွေကို သူကြားယောင်ပြီး ဖေဖေ့ဆန္ဒတွေကို လက်ခံဖို့ ဆုံးဖြတ်လိုက်သည်။

"ခင်ခက်ခက် သမီးကိုမှ ဘာလို့ လက်ထပ်ရတာလဲ ... ငါ့ အသက်ကြီးမှ သားသမီးတွေရဲ့ မလေးမစား လုပ်တာကို ခံရတာ လဲ"

ဖေဖေ ဒေါသတွေ အကြီးအကျယ် ဖြစ်နေတော့သည်။

"မနက်ဖြန် ... သတင်းစာထဲမှာ ပါပါစေ"

ဖေဖေ ထွက်သွားသည်။

ရောင်နီကတော့ ညီကို အမွေဖြတ်ကြောင်း သတင်းစ ကြော်ငြာ မထည့်လိုပေ။ စိတ်ထိခိုက်နေသည်။

ညီ ဘာကြောင့် မပေါသီကို လက်ထပ်သွားရလဲဆိုတာ ... နေ၏။ ကိုကိုက ညီကို အမွေဖြတ်တာမျိုး လက်မခံချင်ဘူး။ မပြ စေချင်တာပါ။

"သား"

"ဟင် မေမေ"

မေမေ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေနဲ့ပါ ပြည့်နက် တာ တွေ့ရသည်။

"မေမေ စိတ်မကောင်းဘူးကွယ် ... သားငယ် ဘာဖြစ် ခိုက်မဲ့ရတာလဲ ... မင်းအဖေ အမွေဖြတ်တော့မယ်"

"ဖေဖေ စိတ်ဆိုးတုန်းခဏပါပဲ မေမေရာ ... ဘာမှ စိ မကောင်း မဖြစ်နဲ့နော်"





မေမေ့ကိုတော့ သူအားပေးနှစ်သိမ့်စကားတွေ ပြောနေမိ သည်။ ညီက မေမေ့ကိုချစ်တယ်။

မေမေ ခံစားနေရတာကို နားလည်မှု ရှိနေသည်။

သူပဲ ...

အကြီးဖြစ်ပြီး မေမေ့အပေါ် ငဲ့ညှာထောက်ထားမှုမရှိခဲ့ပေ။

"မေမေ"

"ဟင်"

"ညနေ ဆေးခန်းပြရအောင်"

"မေမေ ဘာမှ မဖြစ်ပါဘူး ... အရိပ်ကလည်း မေမေ့ကို ...ပါတယ် သားရယ်"

ဆေးခန်းမပြချင်ပါဘူး ... မိမိက သေချင်တာပါ ... မထူးတော့ပါဘူး ... ရင်ထဲမှာ ... စူးအောင့်နေသည်။

"မေမေ ပေနေလို့ မဖြစ်ဘူး ... ညနေ ဆေးခန်းကို သွားပြရ ..."

"မေမေ မပြဘူး"

"ဘာဖြစ်လို့လဲ မေမေ"

"မင်း ဖေဖေက မေမေ့အပေါ် စေတနာမရှိပါဘူး။ ဘယ်သူ ...ည်း ဒုက္ခမပေးချင်ဘူး"

ဒေါ်နှင်းစက်ကတော့ မိမိကိုယ်မိမိ နားလည်ပြီးဖြစ်သည်။ ကိုအဂ္ဂကတော့ မိမိအပေါ် စေတနာလုံးဝ ရှိမှာမဟုတ်ဘူး။ ဆေးခန်းလည်း မပြချင်တော့ပါ။

သားငယ်အတွက် စိတ်ထိခိုက်ကြေကွဲမှုတွေ ခံစား နေရ



www.burmeseclassic.com

www.burmeseclassic.com



"မေမေခံစားနေရတာက သားကြီးအတွက်ပဲ ... သားငယ် ကတော့ ဘဝပျက်ပြီ"

"မဟေသီ မိဘတွေကလည်း ချမ်းသာပါတယ် မေမေ ... ဘာမှ စိတ်ပူစရာ မရှိပါဘူး"

"သားကြီးလည်း သားငယ်အဖြစ်မျိုးတွေ ထပ်ဖြစ်တာ မခံနိုင်ပါဘူး ... မေမေ ဘာမှလဲ မတတ်နိုင်ဘူး"

မေမေ့ ဘဝတစ်လျှောက်လုံး စိတ်သောကတွေနှင့်ပဲ ပန်းနေရသည်။

ရောင်နီ စိတ်တွေကိုပဲ တင်းကျပ်မှု လျော့နည်းသွားအော လျှော့ချပစ်မိ၏။

"မေမေ အနားယူပါ ... "

"သေခြင်းတရားပဲ မေမေ့ဘဝအတွက် အနားယူခြင်း တ ပါပဲလေ"

"မေမေရယ်"

သူ ... မေမေ့ကို ဖေးမကာ အိမ်ခန်းဆီ လိုက်ပို့မိသည်

အရိပ်က မေမေ့အခန်းကိုသန့်ရှင်းရေး လုပ်ပေးနေ၏

ဖေဖေ ရက်စက်တယ် ...

သူတို့ မေမေနှင့်အတူ နေပေမဲ့ ဒီခန်းကို မရောက်ဖူးခဲ့

ဖေဖေက သွားခွင့်မပြု ...

အရိပ်ကို မျက်နှာပူစွာဖြင့် မျက်နှာချင်းမဆိုင်ရဲအောင် သွားမိသည်။

ဖေဖေသည် အရိပ်ကိုလည်း မေမေ့ကဲ့သို့ပင် သဘော နေ၍ဖြစ်၏။





မိန်းမတွေကို ခပ်နှိမ်နှိမ်ဆက်ဆံတတ်တာ ဖေဖေ့အကျင့် င် ...

"ညနေကျရင်တော့ မေမေ့ကို ဆေးခန်းသွားပြမှ ဖြစ်မယ် အရိပ်၊ မေမေ့ကို ဂရုစိုက်ပါ"

"ဟုတ်ကဲ့"

"မေမေ"

"ဟင်"

"ညီ့အကြောင်း မတွေးပါနဲ့ ... ညီ လက်ထပ်လိုက်တဲ့ မိန်း လေးက ချမ်းသာပါတယ်"

"သားငယ်အတွက်ပဲ မေမေ စိတ်ပူနေတယ်ကွယ်"

ကိုအဂ္ဂ အတ္တကြီးတယ် ...

ကိုယ်ချင်းစာတရားတွေ အကြင်နာတရားတွေ ရှိတာ ဘူး။ စိတ်ပူလိုက်တာ ...

"သားငယ် အမွေဖြတ် ခံလိုက်ရပြီလား ... သားအဖြစ်က ကိုအဂ္ဂက စွန့်လွှတ်လိုက်ပြီလားဟင်"

မေမေ မျက်ရည်တွေ ကျလာပြီး မေးနေသည်။

ရောင်နီ စိတ်မကောင်းစွာဖြင့် မေမေ့အခန်းထဲမှ ထွက်လာ ၏။

ဘာတွေ ဖြစ်ကုန်ပြီလဲ ...

ညီရော ... အခြေအနေ ကောင်းရဲ့လား ...

မဟေသီသည် သူ့ကို ချစ်မြတ်နိုးသော မိန်းကလေး တစ် က်သာ ဖြစ်သည်။ ညီ ငြိမ်းချမ်းမှာပါ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ဝင်ခွင့်ပြုပါ ..."

အရိပ် အသံကို အပြင်မှကြားနေရသည်။

"ဝင်ခဲ့"

သူ ... လေသံခပ်မာမာပင် ပြောလိုက်မိတော့သည်။

အရိပ် ဝင်ခဲ့၏။

"ပြော"

"ကျွန်မ မေမေနဲ့ပတ်သက်ပြီး တစ်ခုလောက် ပြောချင်လို့ပါ"

"ပြော"

"မေမေ့မှာ နှလုံးရောဂါဝေဒနာ အပြင်းအထန် ခံစားနေ တယ်လို့ ထင်လာမိလို့ပါ"

"ဟင်"

"ညက မေမေ မောနေတယ် ... လူတွေရှေ့မှာ မေမေ နေကောင်းချင်ယောင်ဆောင်နေတယ်လို့ ကျွန်မထင်တာပဲ"

မေမေ့ကို အရိပ်သနားတယ် ... သူ့ငွေးကတော်တဲ့ ...

ဆင်းရဲစုတ်ပြတ်နေသော မေမေ့ကို အရိပ် မိခင်တစ်ယောက်ကဲ့သို့ ချစ်ခင်နေမိသည်။

"မေမေ့ကို ဆေးကုပေးပါ"

"မင်း ပြောချင်တာ ဒါပဲလား"

"မေမေက နေကောင်းပါတယ် ပြောတာနဲ့ ဆေးခန်းမပြ နေမှာစိုးလို့ပါ"

"မင်း သွားတော့"





"ဟုတ်ကဲ့"

"အရိပ် ... နေဦး"

"ရှင်"

"မင်း ဘာဖြစ်လို့ ငါ့ကို ဒီလောက်အထိ ကြောက်ရွံ့တုန်လှုပ်နေရတာလဲ"

"ကိုကို့ကို ကျွန်မ ရိုသေလေးစားတာပါ"

"မင်း မေမေ့လို ဘဝမျိုးရောက်မှာ မကြောက်ဘူးလား"

အရိပ်ရဲ့ မျက်ဝန်းလေးတွေက ပြူးကြောင်စွာဆတ်ခနဲ ရွေ့သွားသည်။

ညီ ပြောသလိုပဲ အရိပ်ဟာ အေးချမ်းတည်ငြိမ်ပြီး ချောမောလှပတဲ့ မိန်းကလေးပဲ ...

ရောင်နီ ပုံစံသွင်းလို့ရမလား ... အရိပ် ...

မင်းကို အရာရာ ကြောက်ရွံ့တုန်လှုပ်နေတတ်တဲ့ မိန်းကလေးတစ်ယောက် မဖြစ်စေချင်ဘူး။

အမြဲတမ်း တက်ကြွရှင်သန်နေတဲ့ မိန်းကလေး တစ်ယောက်အဖြစ်ပဲ ရပ်တည်နေစေချင်တယ် ...

"မင်း ထိုင်ဦး ... အရိပ်"

"ရှင်"

"ထိုင်လေ"

သူမ ဝင်ထိုင်သည်။

"အရိပ်"

"ရှင်"

"မင်းကို ငါ လက်ထပ်ဖို့ ဘယ်လိုပဲဖြစ်ဖြစ် လက်ခံရမှာ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ အရိပ်"

"ရှင်"

သူမ မျက်နှာပူလိုက်တာ ...

ကိုကိုအကြည့်တွေကို သူမရှောင်ရှားရန် ခေါင်းလေးငုံ့လိုက်မိသည်။

"ငါ့ကို မော့ကြည့်စမ်း"

မင်းအဲ့ဒီလို ကြောက်ရွံ့တုန်လှုပ်နေတဲ့ ပုံစံကိုပဲ ငါမကြ... တာပဲ အရိပ် ...

"အရိပ်"

"ရှင်"

"ဘာရှင်လဲ"

သူ ... ဟောက်ပစ်လိုက်မိသည်။

အရိပ် ဘာကြောင့် ကြောက်ရွံ့တုန်လှုပ်နေရတာလဲ။

"ငါက ဖေဖေ မဟုတ်ဘူး ... ဖေဖေ့အယူအဆတွေကိုလည်း ငါ လက်မခံဘူး ... ငါ မိန်းမတွေကို မုန်းတီးနာကြည်းစရာ ... အကြောင်းမှ မရှိဘူး အရိပ်"

ဖေဖေက အရိပ်ကို အသေအချာ ညွှန်ကြားထားပြီး... ဖြစ်သည်။ ကိုကို ဘယ်လောက်ပဲ ပုံစံသွင်းပါစေ၊ မင်းဘက်က ... နာစရာ မလိုဘူးတဲ့။

ဘာအခွင့်အရေးမှလဲ ယူစရာမလိုဘူးဟု ပြောထားခဲ့သ...

"နင့်ဘဝကို နင် မမေ့နဲ့နော် ပန်းအရိပ်၊ ငါ့သားကို ... ပြားဝပ်စွာ ရိုရိုသေသေ ဆက်ဆံရမယ် ... နှင်းစက်လိုပဲ နှင်... မယ် ... မနာခံရင် နင်တို့တူဝရီးကို မြတ်လေးဆီ ပြန်ပို့မယ်"





လေးလေးဆီ ပြန်ရောက်သွားရင်တော့ ငရဲခန်းထဲပြန်ရောက်သွားတာနဲ့ အတူတူပဲ။ ဒေါ်လေးအတွက်ပါ။

အရိပ်လည်း ဒေါ်လေးကြောင့် ဒီဘဝမှ လွတ်မြောက်အောင် ကြိုးစားဖို့ မဖြစ်နိုင်သေးပေ။

"အရိပ်"

"ရှင်"

"ငါ့ကို ကြောက်စရာမလိုဘူး၊ ရိုသေလေးစားနေစရာလည်း မလိုဘူး၊ ပြီးတော့ မင်းအဝတ်အစားဝတ်တာ ပြင်ရမယ်"

စုတ်စုတ်ပြတ်ပြတ် ညိုးညိုးနွမ်းနွမ်းဖြစ်နေ၍ လုံးဝ သဘောမကျဘူး။

"မနက်ဖြန် စတိုးဆိုင်သွားမယ်၊ မင်းအတွက် အဝတ်အစားတွေ သွားဝယ်မယ်"

"ဟင့်အင်း ... ဟင့်အင်း ... ကျွန်မ ဘာမှမဝယ်ဘူး၊ ဘာမှ ...ည်းမယူဘူး၊ ကျွန်မ ဝတ်တတ်သလိုပဲ ဝတ်ပါရစေ"

"မင်း ဘာလို့ငြင်းတာလဲ"

သူ ... ဒေါသတကြီးနှင့်အရိပ်မျက်နှာလေးကို စေ့စေ့ကြည့်...ပြီး မေးမိသည်။ အရိပ်က လုံးဝငြင်းဆန်သောအမူအရာမျိုး ဖြစ်နေ...၏။

"မင်းက ငါ့အစီအစဉ်တွေကို ဆန့်ကျင်တာလား အရိပ်"

"ကျွန်မ ဆန်းဆန်းပြားပြားတွေ မဝတ်ရဲလို့ပါ"

"ဘာ"

ငယ်ရွယ်ချောမောသော အရိပ်သည် ကိုယ့်ကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လှလှပပ ဝတ်စားပြင်ဆင်ဖို့ ကြောက်ရွံ့တုန်လှုပ်နေသည်။

ရိုးအ ထုံထိုင်းနေတာလား ...

"ကျွန်မ သွားတော့မယ်"

"နေဦး"

"ရှင်"

"ထိုင်နေစမ်း"

ကျွန်မ ... ရှင်ရှေ့မှာ မနေရဲတော့ဘူး။

အဝတ်အစား အလှအပတွေကို ဘယ်မိန်းကလေးက မနှ

သက်ဘဲနေမှာလဲ ကိုကိုရယ် ... အရိပ်ဘဝက မေမေ့လိုပါပဲ။

တွန်းလှန်ဆန့်ကျင်နိုင်တဲ့ အင်အားတွေ မရှိတာတော့ အ

ပဲ။ ကိုကို့ရှေ့မှာ မနေချင်ပေ။

ရောင်စဉ်အိမ်က ထွက်သွား၍ ဖေဖေ ဒေါသတွေနှင့် အငြ

အကျယ် ပေါက်ကွဲနေသည်။

အရိပ် ထွက်လာခဲ့၏။

"အလကား အသုံးမကျတဲ့ မိန်းမပဲ"

ကိုကို့ရဲ့ ဒေါသတကြီး ပြောဆိုလိုက်သံတွေက အရိပ်နော

မှ ကပ်ပြီးလိုက်လာခဲ့သည်။

ခန်း ( ၁၆ )

မဟေသီမိခင်သည် ဖေဖေ့သားဖြစ်တဲ့ သူ့ကို လက်မခံပေ။

"မင်းအဖေက အတ္တကြီးတယ်၊ တစ်ကိုယ်ကောင်းဆန်တယ်၊

လိုယောက်ျားတစ်ယောက်ရဲ့သားကို ... ငါလုံးဝ လက်မခံနိုင်ဘူး

ရောင်စဉ်"

ရောင်စဉ် မတတ်နိုင် ... မဟေသီနှင့်သူလက်ထပ်စာချုပ်မှာ

က်မှတ်ရေးထိုးပြီးပြီ။ ဖေဖေ့ကြောင့်ပါ။

ကိုကိုက ဘဝကို သူ့လိုရုန်းကန်လှုပ်ရှားနိုင်မှာ မဟုတ်ဘူး

ထင်မိသည်။ ပြီးတော့ ... အရိပ်ကြောင့် ...

မေမေနှင့် ပတ်သက်ပြီး သူ့မှာ ကိုယ်ချင်းစာမှုတွေ ရှိနေ

ည်။ ကိုကိုသည် စိတ်သဘောထား ဖြူစင်သူဖြစ်၍ ဖေဖေ့

ာက် မုန်းတီးနာကြည်းမှုတွေနှင့် အရိပ်ကို နှိပ်စက်မှာ မဟုတ်

ထင်မိ၏။

မဟေသီကို သူ ချစ်ခင်မှု ရှိ မရှိ ဆိုတာတော့ အခုအချိန်မှာ

မှ မပြောလိုတော့ပေ။ သူနှင့် ပုခုံးချင်းယှဉ်မဲ့ မိန်းမတစ်ယောက်

သူ လက်မထပ်လိုတာတော့ ဖေဖေ့စိတ်တွေနှင့် သွား၍ တူနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီလားမသိ။ မဟေသီမေမေက လက်မခံတော့လည်း ဘဝကို ရုန်းကန်ဖို့ သူစဉ်းစားနေသည်။

"မောင် ကျောင်းဆက်တတ်ပါ … မဟေသီ အလုပ်ဝင်လုပ်မယ် … မဟေသီ့မှာ ကိုယ်ပိုင်ပစ္စည်းတွေလည်း ရှိပါသေးတယ် မောင်"

သူ … အတွေကြီးမားသည်။ မဟေသီ့ကို မသိကျိုးကျွံ ပြုနေခဲ့၏။ ကျောင်းဆက်တက်သည်။

ဖေဖေ့သားပီသစွာ မိန်းမတစ်ယောက်အပေါ်ကို ကိုယ်ချင်းမစာတတ်ဘဲ ဖြစ်ခဲ့ရ၏။ သူကျောင်းဆက်တက်ပေမဲ့ ညပိုင်းအလုပ်တစ်ခုခုရရန် ကြိုးစားနေသည်။ မဟေသီ့ကို မာန်မာနမထောင်လွှားစေရန်ဘဲ ပညာပေးထားခြင်းဖြစ်၏။

"မောင် ညအရမ်းမိုးချုပ်တယ်နော် … မဟေသီ အရမ်းစိတ်ပူတာပဲ"

သူ … ရှင်းမပြခဲ့ …

မဟေသီ့အား သူနည်းနည်းတော့ ဥပေက္ခာပြုထားသလို နေထိုင်ပြုမူခဲ့သည်။

ညဘက်မှာ သူ အလုပ်လုပ်နေတာ …

တစ်ခါတစ်လေလည်း … အိမ်မပြန်ချင်၍ ညဥ့်နက်အောင် နေထိုင်ခဲ့ခြင်းသာ ဖြစ်သည်။

သူငယ်ချင်းတစ်ယောက်နှင့် ညဈေးတွင် ဈေးရောင်းနေခဲ့၏။ မဟေသီ မသိ။

"မောင် နေချင်သလိုနေပါ … ကျွန်မ စိုးရိမ်လို့ မေးတာပါနော်"





မဟေသီက ဘာမှ မပြောခဲ့။

သူမမှာ ရှိတဲ့ လက်ဝတ်လက်စားတွေ ထုခွဲပြီး အိမ်ငှားသည်။ အိမ်အသုံးအဆောင်ပစ္စည်းတွေကို ဝယ်ယူခဲ့သည်။

သူ့အတွက် လိုလေသေးမရှိအောင် ပြုစုယုယခဲ့သည်။

ဖေဖေ့စိတ်တွေ သူ့ခန္ဓာကိုယ်မှာ ကိန်းအောင်းနေပြီလားသိဘူး။ မဟေသီ့ကို ရက်စက်ချင်သည်။

အချစ်ဆိုတာကို ဘာလို့မစဉ်းစားချင်သလို ဖြစ်နေရတာလဲ။

အရိပ်ကိုရော … ဖြူစင်တဲ့ စေတနာမေတ္တာတွေနဲ့ပါ။

အရိပ်ကိုတော့ မေမေနှင့်ကိုယ်ချင်းစာပြီး သနားနေမိသည်။

တခြားမရှိပါဘူး။ ကိုကိုနဲ့ လက်ထပ်မဲ့ မိန်းကလေးပဲ။

မဟေသီက ချမ်းသာကြွယ်ဝတဲ့ သူဌေးသမီးဖြစ်နေသည်။

အရေးပေးလျှင် သူ့ကိုပုန်းချင်းယှဉ်လာမဲ့ မိန်းမတစ်ယောက် …လာမှာလည်း စိတ်တွေ ပူလာမိ၏။

ဥပေက္ခာပြုထားတာက အကောင်းဆုံးပဲ။

မဟေသီနှင့် စကားပင် ဟာဟာမပြောမိ။

သူ … ညဥ့်နက်မှသာ အိမ်သို့ ပြန်လာတတ်သည်။

မဟေသီသည် သူ့ကို ထမင်းပွဲ အသင့်ပြင်ဆင်ကာ စောင့်…နေဆဲပင်ဖြစ်၏။

"ငါ … စားခဲ့ပြီ"

"မောင် စားခဲ့ပြီလား … ဒါဆိုလည်း မဟေသီပဲ စားလိုက်…မယ် … အဆာတောင် လွန်နေပြီ"

မဟေသီက သူနှင့် ထမင်းအတူစားသောက်ရန် ပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ သူ ဘာပဲပြောပြော သူမဘက်က ဒေါသဖြစ် စိတ်ဆိုးတာ တွေ မရှိခဲ့။

"နောက်တစ်ခါ ငါ့ကို မစောင့်နဲ့ မဟေသီ ... မင်း စားနှင့် ငါ ... ညစာ စားချင်မှ စားမယ်"

ဈေးရောင်းရင်း အပြင်မှာ ဝယ်စားလိုက်တာပဲဖြစ်သည်။

ရုံးသွား ... ထမင်းဟင်းချက် ...

မိသားစုတာဝန်တွေကိုလည်း ထမ်းဆောင်နေသော မဟေ သီသည် ဆင်းရဲနွမ်းပါးသိမ်ငယ်စွာ နေထိုင်ရသော ဘဝကို မညည်း မညူ အပြုံးမပျက် နေထိုင်ခဲ့သည်။

"မောင်"

သူ ... ငြိမ်သက်နေမိသည်။

မဟေသီသည် ကော်ဖီခွက်လေးနှင့် သူ အိပ်စက်သော အခန်းထဲ ဝင်လာ၏။

မျက်လုံးတွေ မှိတ်ထားသော သူ့အနားမှာ ဝင်ထိုင်သည်။

"မောင်"

သူ မျက်လုံးတွေကို မဖွင့် ...

"ကော်ဖီ သောက်ဦးလေ"

"တော်ပြီကွာ"

"မောင်"

"ဘာလဲ ... မဟေသီ"

"မောင် အရမ်းပင်ပန်းနေပြီလားဟင်"

ပင်ပန်းခနတာက မဟေသီဆိုတာ သူလည်း သိထားသည်





အလုပ်တစ်ဖက်နှင့် အိမ်မှုကိစ္စတွေတစ်ဖက်နှင့် ပင်ပန်း နွမ်းနယ်နေ၏။ သူမ ... အပြုံးမပျက်ပေ ...

"မောင်သက်သာသလိုနေပါနော်၊ ကျွန်မ စိတ်မကောင်းဘူး၊ မောင့်ဘဝ ဒီလောက်အထိ မနိမ့်ကျသင့်ဘူး ထင်ပါတယ်"

မင်းကရော မဟေသီ ... ချမ်းသာတဲ့ မိန်းကလေး ...

ကိုယ်နဲ့လက်ထပ်ပြီး မင်း ဆင်းရဲဒုက္ခတွေ ရောက်နေတာ မဟုတ်လား ...

"မောင်"

"ကိုယ် ... အိပ်တော့မယ်"

"ဆေးလိမ်းမလားဟင်"

သူတစ်ကိုယ်လုံး မလုပ်ဖူးတဲ့ အလုပ်တွေလုပ်ရ၍ ညောင်း ညာ ကိုက်ခဲနေသည်။ ဆေးလိမ်းချင်၏။

မပြောချင် ... ငြိမ်သက်နေမိသည်။

"ကျွန်မ ဆေးလိမ်းပေးမယ်နော် မောင်"

မောင့်ကို ကျွန်မချစ်တယ်ဟူသော မဟေသီ့စကားတွေ ကြားယောင်လာမိသည်။ မဟေသီ ဆေးလိမ်းနေ၏။

မေမေ့ကို သတိရလာမိသည်။

မဟေသီ့ထက်ပင် ဆင်းရဲနွံ့ချာသော မေမေ့ဘဝကို သူတို့ အတွက် မေမေ ကျေနပ်စွာ ခံယူနေခဲ့၏။

မေမေ့ကို ချစ်လို့လား။ အချစ် ...

ဆေးလိမ်းတဲ့ အရှိန်ကြောင့် သူ့ခန္ဓာကိုယ်မှ ကိုက်ခဲမှုတွေ သက်သာသွားသလို ဖြစ်သွား၏။

အိပ်ပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟေသီကတော့ မောင့်ဘေးနားမှာ ဝင်ပြီး အိပ်လိုက်၏။

မောင်က မဟေသီကို မချစ်ပေမဲ့ ဟေသီ ကျေနပ်ပျော်ရွှင်နေမိသည်။ မာမီက မောင့်ဖခင်နှင့် ရန်သူတွေတဲ့ ...

အတိတ်က ... ချစ်သူတွေ ...

မောင်က သူမအား ဘာကြောင့် လက်ထပ်ခဲ့သည်ကို စဉ်းစားမရအောင် ဖြစ်နေသည်။

ချစ်၍တော့ မဟုတ်။ ဘာပဲဖြစ်ဖြစ် ...

မောင်နှင့် လက်ထပ်ရတာကိုပင် မဟေသီ ကျေနပ်နေမိသည်။ ချမ်းသာတာ ဆင်းရဲတာကို သူမ ဘာမှမစဉ်းစားချင်တော့ပေ။ မောင့်ဘေးနားမှာ ဝင်အိပ်နေသည်။ အိပ်ပျော်သွား၏။

မနက်မိုးလင်း၍ သူမနိုးလာတော့ မောင်က အနားမှာ မရှိတော့ပါ။ သူမ ထလိုက်သည်။ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွား၏။

မဟေသီ ဘာဖြစ်နေတာလဲ။

မောင်နှင့်ပတ်သက်ပြီး မဟေသီ ဘယ်လိုပဲနေရနေရ ကျေနပ်နေမိသည်။ မျက်နှာသစ်လိုက်၏။

ညဦးနက်မှပြန်လာတာ မောင်များ အလုပ်တွေလုပ်နေမလား။ ကျွန်မပဲ အနစ်နာခံချင်ပါတယ်။

မောင်ရဲ့ဇနီးမယားတစ်ယောက်အဖြစ် တာဝန်ကျေပွန်စွာနေချင်သည်။ သူမ ထမင်းဟင်းတွေ ချက်ပြုတ်ပြီး အလုပ်သို့ ထွက်လာခဲ့၏။

"မဟေသီ"

"ဟင် ... မာမီ"

"ဖြစ်ရလေ သမီးလေးရယ်"





မာမီသည် သူ့ကို စိတ်မကောင်းဖြစ်နေပုံပင်။

"မာမီ ... သမီးဆီ လာတာလား"

"ဟုတ်တယ်"

"အိမ်ပေါ်တက်လေ"

မာမီ ရောက်လာတာ သူမကို ခေါ်ဖို့ဆိုတာ သိနေသည်။

"သမီး"

"ရှင်"

"ညည်းယောကျ်ားက ... သင်းအဖေလိုပဲ အတ္တကြီးတဲ့ယောကျ်ားတစ်ယောက်ပဲဆိုတာ မာမီကြားရတယ် မဟေသီ"

"မောင်က"

"မာမှီဆီ လိုက်ခဲ့ပါ"

"ဟင်အင်း"

"ဘာ"

"သမီး မောင်နဲ့ပဲ နေရတာ ပျော်ပါတယ် မာမီ"

"သမီးပုံ အရင်ကနဲ့တူသေးလို့လား ... စုတ်ပြတ်နေတာပဲ၊ ...း ပြန်လိုက်ခဲ့နော်"

ဒေါ်ခင်ခက်ခက်ကလည်း ကိုအဂ္ဂသားနှင့် သဘောမတူပေ။

သင်းက တစ်ကိုယ်ကောင်းဆန်တယ် ... အတ္တကြီးတယ်။

ထို့ကြောင့်ပင် သူမ စွန့်ခွာလာခဲ့ခြင်းသာ ဖြစ်သည်။

"သင်းအဖေက မိန်းမတွေကို နှိပ်စက်နေတဲ့လူ၊ သင်းကရော ...ကို နှိပ်စက်နေပြီ မဟုတ်လား"

"မဟုတ်ပါဘူး မေမေ ... မောင်က ကျောင်းတစ်ဖက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လည်း လုပ်ပါတယ်၊ သမီးက ယောကျ်ားဖြစ်တဲ့ မောင့်ကို ဦးစားပေးတာပါ"

"မဟောသီ"

"ရှင်"

"သမီးအကြောင်းတွေ အကုန်သိထားပြီးပြီ၊ သင်းနှိပ်စက်နေတယ်တဲ့"

"မဟုတ်ပါဘူး မာမီ"

"မာမီ စိတ်သောကရောက်အောင် မလုပ်ပါနဲ့ ... မာမီတစ်ယောက်တည်း၊ သမီး ... ပစ်ထားမလား"

မောင် ဆင်းရဲနေတာကို သူမ လုံးဝမကြည့်ရက်အောင် ဖြစ်နေမိသည်။ ချမ်းသာစေချင်တယ် ... မာမို့ကို တောင်းပန်နေမိသည်။ မိုက်မဲတဲ့သမီး ... ကိုအဂ္ဂကို မိမိ ချစ်ခဲ့မိပေမဲ့ အတ္တဆန်တာကိုတော့ သဘောမကျခဲ့ပေ။

"မာမီ လက်မခံဘူး ... ကိုအဂ္ဂနဲ့လည်း ခမည်းခမက် မတော်နိုင်ဘူး သမီး"

"ဦးအဂ္ဂကို မာမီ မပတ်သက်ချင်ရင်နေပါ ... မောင်နဲ့သမီးကိုတော့"

"တိတ်စမ်း မဟောသီ ... ဒီကောင့်ကို ဘာမက်မောနေတာလဲ ... မာမီနဲ့ လိုက်ခဲ့၊ သမီး ဖြစ်ပျက်နေတာတွေ မာမီ မခံစားနိုင်လို့"

မာမီ မျက်ရည်ကျသည်။ သူမကတော့ မောင့်ကို ထားခဲ့ပြီး မလိုက်လိုပေ။ အေးအတူ ပူအမျှပဲ။





"သမီး မလိုက်ဘူး"

"ညည်းကို သူက ချစ်လို့လား မဟောသီ"

မောင်က ကျွန်မကို မချစ်ဘူး ... ကျွန်မဘက်ကပဲ ချစ်ခဲ့တာပါ။ မာမို့အကြည့်တွေကို သူမ ရှောင်လွှဲလိုက်မိသည်။

"သမီးမလိုက်ဘူး မာမီ၊ ဘာပဲဖြစ်ဖြစ် သမီးက မောင့်ဇနီးမယား ဖြစ်နေပြီ"

"မဟောသီ"

"မာမီ"

"ညည်းတို့ တရားဝင် လက်ထပ်ခဲ့ကြလို့လား"

"ဟင်"

မောင်နှင့်ကျွန်မ ဘယ်တရားရုံးမှာမှ လက်မထပ်ခဲ့ကြပေမဲ့ ရပ်ကွက်လူကြီးတွေရှေ့မှာတော့ လက်ထပ်ခဲ့ကြသည်။

"ညည်းကို ခေါ်သွားပြီး ရပ်ကွက်လူကြီးတွေ ရှေ့မှာပဲ အသိအမှတ်ပြုပြီး ... အကြင်လင်မယားအဖြစ် ပေါင်းသင်းနေခဲ့တာပဲ မဟုတ်လား"

"အဲဒါလည်း တရားဝင်တာပဲ မဟုတ်လား"

"ညည်းယောကျ်ားက တရားရုံးမှာ တရားဝင်လက်ထပ်ဆင့်တယ်"

မာမီက မောင့်ကို အပြစ်မရှိ အပြစ်ရှာနေတာဟု ထင်မိသည်။

"မလိုပါဘူး မာမီရာ ... ရပ်ကွက်လူကြီးတွေ အသိအမှတ်ပြုထားတာပဲ"

မောင်နှင့်ကျွန်မ နှစ်ယောက်အတူ ရပ်ကွက်ရုံးလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း လင်မယားအဖြစ် အသိအမှတ်ပြု လက်မှတ်ရေးထိုးခဲ့သည်

တရားရုံးတွေ ဘာတွေမှာတော့ တရားဝင် လက်မှတ်မထိုး
ပေ။

"ညည်း ယောကျ်ားက ညည်းအပေါ် ဘာတစ်ခုမှ အ
အနက်မရှိဘူး၊ တန်ဖိုးလည်း မထားဘူး"

မောင်သည် တစ်နေ့ကျရင်တော့ ကျွန်မအပေါ် ချစ်ခင် မြ
နိုးတွယ်တာလာမှာပါဟု ယုံကြည်ထားမိသည်။

"ညည်း ... ဘာလို့ ဒီလောက်အထိ ဒုက္ခခံနေရတာလဲ သမီး"

"သမီးက မေမေ့လို မဟုတ်ဘူး"

"ဘာအေ့ ... "

"ယောကျ်ားတစ်ယောက်ကို အကျိုးအမြတ်ကြည့်ပြီး မ
ချင်တော့ဘူး"

သမီးဖြစ်သူအား ဒေါ်ခင်ခက်ခက် စူးစိုက်စွာကြည့်မိသည်

ပြောတတ်နေပြီပဲ။

"ယောကျ်ားတစ်ယောက်ကို အရှုံးပေးပြီး ချစ်တာ
သမီးဘဝ ဘာတွေ တိုးတက်မှုတွေ ဖြစ်လာမလဲ"

"မာမီ"

"အမိပ္ပာယ်မရှိတာတွေ ညည်းမလုပ်ချင်ပါနဲ့"

"သမီးက မောင့်ဇနီးမယား ဖြစ်နေပြီ၊ မောင်နဲ့ပဲ ဘ
ရင်ဆိုင်မယ်"

သမီးသည် ရောင်စဉ်ဆိုတဲ့ ကောင်လေးကို ဖွဲ့လမ်းနှစ်
နေပုံပင်။ ဒေါ်ခင်ခက်ခက်လည်း အဆင့်အတန်း ခွဲခြားတာ
မဟုတ်ပေ။ ကိုအဂ္ဂသား ဖြစ်နေလို့ပါ။

သမီးကို မိမိသမီးမှန်း သိ၍ ကိုအဂ္ဂဘက်မှ အမွေဖြတ်





ပင်။ ဘယ်လောက်အထိ ဒေါသတွေထွက်ဖို့ ကောင်းလဲဟု တွေး
မိနေသည်။

"သမီး မာမီနဲ့လိုက်ခဲ့ပါ၊ အဓိပ္ပာယ်မရှိပါဘူး၊ ကိုယ့်ကို မုန်းတီး
နေတဲ့ ယောကျ်ားတစ်ယောက်အတွက် အနစ်နာမခံပါနဲ့"

"ဟင်အင်း ... သမီး ဘဝကို ရှန်းကန်မယ်၊ မောင့်ကို သမီး
သစ္စာမဲ့ပြီး စွန့်ခွာမသွားနိုင်ဘူး"

"သမီးက ဒီလောက်အထိ သစ္စာရှိပြနေတာလား"

"မောင့်ကို သမီး ချစ်တယ် ... မာမီ"

"ဖြန်း"

"ဟင်"

မာမီ ပြန်လှည့်ထွက်သွားသည်။သူမ မျက်ဝန်းတွေထဲမှ
မျက်ရည်တွေ ပြည့်လျှံကျလာတော့၏။

မာမီရယ် ... သမီးကို ခွင့်လွှတ်ပါ။ မောင့်အပေါ် သစ္စာမဲ့တဲ့
မိန်းမတစ်ယောက်အဖြစ် အရောက်မခံနိုင်လို့ပါ။

မာမီ ကားထွက်သွားသည်နှင့် တသိမ့်သိမ့် ရှိုက်ငိုပစ်လိုက်
မိသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၇ )

ညီ ဆင်းရဲ ဒုက္ခရောက်နေပြီလားဟု သူ တွေးနေမိသည်။

မေမေ့က ဆေးခန်းပြဖို့ လက်မခံ။

သေခြင်းတရားကိုပင် လွတ်မြောက်ခြင်းဟု မေမေတွေးနေ ပုံရသည်။ ဖေဖေက အရေးပင် မလုပ်။ သူ ပြောချင်သည်။

မေမေ သနားပါတယ်။ ရင်ထဲမှာ ပြည့်ကျပ်နေသည်။

အရိပ်ကိုလည်း သူ ပုံစံသွင်းဖို့ လုံးဝမဖြစ်နိုင်ဘူး ဖြစ်နေ နုံနုံချာချာနှင့် နေနေဆဲပင်။

သူ ... လုံးဝ သဘောမကျမိ။

လက်ထပ်ဖို့ကိစ္စ ဖေဖေ တစ်ယောက်တည်း စီစဉ်နေသည်။

"မေမေ သိပ်ပြီး နေမကောင်းသေးဘူး ... ဖေဖေ လက်ထပ် ဖို့ကိစ္စ ခဏလောက်"

"မင်း ... အရိပ်ကို လက်မထပ်ချင်လို့ အကြောင်းပြနေတာ မဟုတ်လား"

ဖေဖေက တစ်ယူသန် ... အကြြင်နာလည်း မရှိ ...





ညီ့အတွက်လည်း ဘာတစ်ခုမှ ထည့်ပြီး စဉ်းစားခြင်းမရှိပေ။

ဖေဖေ လုပ်ချင်တာတစ်ခုကိုပဲ အာရုံစိုက်ပြီး လုပ်ဆောင် နေသည်။

"လက်ထပ်တာ ဘာမှ ရေးကြီးခွင်ကျယ် လုပ်နေမှာမှ မဟုတ်တာပဲ ... ရုံးတက်လက်မှတ်ထိုးတာပဲလေ၊ မနက်ဖြန်ပဲ စီစဉ် တော့မယ်"

"ဖေဖေ"

"မင်းအမေအကြောင်း ထည့်မပြောနဲ့ကွာ၊ ဘာမှ မဟုတ်ဘူး၊ ရေးကြီးတာက အရိပ်နဲ့ သား လက်ထပ်ဖို့ပဲ"

ဖေဖေ ဇွတ်စီစဉ်နေသည်။

ယောကျ်ားတစ်ယောက်ဖြစ်ပြီး မိန်းကလေးတစ်ယောက်ကို ဒုက္ခပေးဖို့ လက်ထပ်တာမျိုး သူ သဘောမကျမိပေ။

"မင်း အသင့်ပြင်ထားပါ"

ဖေဖေ လုပ်ချင်တာ လုပ်တော့မယ် ...

သူ ... အရိပ်ကို မနှစ်သက်မိ။

မိန်းမတစ်ယောက်ကို လက်ထပ်တာ အစေအပါးမှာတာမှ မဟုတ်တာပဲ။

"ဖေဖေ"

"ပြော"

"ဖေဖေ့အနေနဲ့ မေမေ့ကို လက်ထပ်ခဲ့တဲ့ ပုံစံမျိုးနဲ့တော့ သား အိမ်ထောင်ရေးကို တစ်ထပ်တည်း မကျစေချင်ဘူး"

"အတူတူပဲ ရောင်နီ ... မင်းကို ပခုံးချင်းယှဉ်မဲ့ မိန်းမ တစ် ယောက်ကို လက်ထပ်ရင် မင်းအပေါ် တစ်နေ့သစ္စာမဲ့မှာပဲ၊ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်မှာပဲ”

“အဲဒါ ပုံသေမဟုတ်ဘူး ဖေဖေ၊ ဒီလိုဖြစ်ရင် ဒီလိုပဲ ထပ်ဖြ ရမယ်ဆိုတဲ့ တွက်ချက်တာမျိုးကတော့ ဖေဖေ ... မှားနေပြီ”

“ရောင်နီ ... မင်းက သားကြီး ... ငါ့စကားတွေကို မနာခံရ ဘူးဆိုရင်တော့ မင်းအိမ်ပေါ်က ဆင်းသွားနိုင်တယ်”

ဖေဖေ ပြတ်သားစွာ ပြောပြီး သူ့ရှေ့မှထွက်သွားတေ သည်။

သူ ... ကျန်ခဲ့သည်။

ညီလို ထွက်သွားရင် ကောင်းမယ် ... မဖြစ်သေးပါဘူး ...

ညီ အနစ်နာခံလိုက်တာတွေ အလကား မဖြစ်အောင်တေ လုပ်ဆောင်ရမည်။

ပြီးတော့ ... မေမေ ရှိသေးတယ် ...

သူသာ ထွက်သွားလျှင် မေမေ စိတ်ထိခိုက်ပြီး အသ ဆုံးရှုံးနိုင်တယ် ...

အင်အားတွေ ချည့်နဲ့နေသော မေမေ့ကိုသနားမိသည်။

မနက်ဖြန်တဲ့ ... အရိပ်ကို လက်ထပ်ရမယ် ...

ဘယ်လိုမှ ပြုပြင်၍မရ ...

အရိပ်ကို ကြည့်ရတာ အရာရာကို ကြောက်ရွံ့တုန်လှုပ် ဟန်ဖြစ်နေသည်။ သူ့အနားလည်းမကပ် ...

ဒုက္ခပါပဲ ... အိမ်ထောင်ရေးသုခ ဆိုတာမရှိ ...

စိတ်ဆင်းရဲခြင်း သောကတွေနှင့် ပြည့်နှက်နေမှာပဲဟု တွေးနေမိသည်။

သူ ... အပြင်ထွက်ဖို့ အခန်းထဲက ထွက်လာမိသည်။





အရိပ်က သူ့စီးမဲ့ဖိနပ်ကို တိုက်နေတာ တွေ့လိုက်ရ၏။

စိတ်ပျက်သွားမိသည်။

မိန်းမ တစ်ယောက်အနေနှင့် ယောကျ်ား တစ်ယောက် ဝေယျာဝစ္စတွေကို အိမ်ရှင်မ ပီသစွာ လုပ်ဆောင်ပေးတာမျိုးကို တော့ သူ လက်ခံ၏။

ပြားဝပ်ကျိုးနွံနေတာမျိုးတော့ သဘောမကျမိ။

ဖေဖေ့စည်းကမ်းချက်တွေကို အရိပ်က တစ်သဝေမတိမ်း လိုက်နာနေသည်။

သူ့ဇနီးပါဟု သူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ ထုတ်ဖော် ပြောဆိုဖို့ပင် မတင့်တယ်သော ဇနီးမယားအဖြစ် အရိပ်က နုံချာနေ ၏။

ဒုက္ခပါပဲ။ ဖေဖေ့ လုပ်ရပ်တွေ မှားနေပြီ။

မဖြစ်သင့်ဘူး ...

သူ့အနေနှင့် ပွဲလယ်တင့်သော ဇနီးမယားမျိုးကိုပဲ လက် ထပ်ချင်မိသည်။

အပြင်ထွက်တော့မည့်ဟန် ဖြစ်နေသော သူ့ထံ အရိပ်က ိနပ်လာပေး၏။ မေမေလည်း ဒီလိုပဲ ...

ကြီးကျယ်ခမ်းနားလှန်းသော ယောကျ်ားတစ်ယောက်ရဲ့ အလုပ်အကျွေးသက်သက် ဖြစ်နေရသည်။

ကားဖလေးကလည်း အရိပ် တိုက်ထားသဖြင့် ပြောင်လက် နေ၏။ အိမ်မှာ အလုပ်သမား မရှိ။ မေမေပဲ လုပ်ရသည်။

သူတို့ ကြီးပြင်းလာတော့ ကားရေဆေးတဲ့အလုပ် သူတို့



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကို လုပ်ရ၏။ ဖေဖေက လူတစ်မျိုးပဲ ...

ကပ်စရာမရှိ ကြံဖန်၍ ပေကပ်တတ်လေ့တော့ ရှိတတ်သည်။

ကားပေါ်တက်ပြီး သူ မောင်းထွက်လာခဲ့ရ၏။

မနက်ဖြန် ... အရိပ်ကို သူ လက်ထပ်ရတော့မယ် ...

မလွဲမသွေပဲ ... တရားရုံးမှာ လက်ထပ်ရမှာ ...

မင်္ဂလာအိပ်ခန်းကိုပင် ဖေဖေ ကိုယ်တိုင် ဦးစီးပြီး ပြင်ဆင်ထားသည်။ ဘာမှ ခမ်းနားမှု မရှိ။

ဖေဖေ ကိုယ်တိုင်လည်း ထိုအတိုင်းပင် လက်ထပ်ယူခဲ့ခြင်းဖြစ်သည်။

"အရိပ်က အရမ်းရိုးသားအေးချမ်းတဲ့ မိန်းကလေး ... သားဖေဖေ့ကိုလည်း ကြောက်တယ်၊ ရှိသေလေးစားတယ်၊ မိန်းမဆိုတာ ဗိုင်းကောင်းကျောက်ဖိ မိန်းကလေးမျိုးမှ ဘဝတစ်လျှောက်လုံး လက်တွဲသင့်တယ်"

ဖေဖေ ပြောတာတွေကိုတော့ သူလက်ခံပါတယ်။

ဒါပေမဲ့ ...

တမင်နှိမ်ချဆက်ဆံစေတာမျိုးတော့ သဘောမကျတာပါ။

အရိပ်က ပုံသွင်း၍မရ ...

စတိုးဆိုင်တွေ သူခေါ်သွားကြည့်မိသည်။

မလိုက်ပေ။ ငြင်းဆန်နေသည်။

သူ ... စိတ်ပျက်မိသည်။

ရုံးရောက်တော့ ညီ့ကို သတိရလာမိတော့၏။

ကျောင်းဆက်တက်နေတယ်လို့ ပြောသံ ကြားရသည်။





မဟေသီကတော့ အလုပ်ဝင်လုပ်နေတယ်တဲ့ ...

နှစ်ဖက်မိဘတွေက အမွေဖြတ်ထားတော့ ညီ ဒုက္ခများရောက်နေမလား ...

သူ ... ထောက်ပံ့ချင်မိသည်။ ညီ့ကို သွားတွေ့မယ်။ မတွေ့တာ ကြာနေပြီ။

မေမေ့အကြောင်းတွေနှင့် သူအရိပ်ကို လက်ထပ်ရတော့မည့်အကြောင်း ပြောချင်မိသည်။

ကျောင်းကို လိုက်သွားတော့ ညီ့ကို မတွေ့ပေ။

ညီ ဈေးရောင်းနေတယ်တဲ့ ... အတန်းဖော်တစ်ယောက်က ပြောသဖြင့် သူ စိတ်မကောင်း ဖြစ်သွားရသည်။

သူ လိုက်သွားတော့ ညီ ဈေးရောင်းနေ၏။

"ညီ"

"ဟင် ... ကိုကို"

ညီ့ ရုပ်သွင်သည် ဘဝကို ရုန်းကန်လှုပ်ရှားမှု မာန်အပြည့်ဖြစ်နေသည်။ အံ့ဩစရာတော့ ကောင်း၏။

ဒီလောက်အထိ ဘဝကို ကြမ်းကြမ်းတမ်းတမ်း ဖြတ်သန်းနိုင်လိမ့်မည်ဟု သူလုံးဝ ထင်မှတ်မထားမိခဲ့ပေ။

အခုတော့ ... ညီက လမ်းဘေးဈေးသည်ဘဝ ...

"ညီ"

"ကိုကို"

"မင်း ဘယ်လိုဖြစ်နေတာလဲကွာ၊ ဘဝကို ဒီလောက်အထိ ဲ ရုန်းကန်ရလား၊ မဟေသီရော"

"အိမ်မှာ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"မဟေသီ ကျောင်းဆက်မတက်တော့ဘူးဆို"

"အင်း"

"မဟေသီဟာ ညီ့အတွက် အနစ်နာခံလွန်းပါတယ်၊ ညီနဲ့ အဆင်ပြေရဲ့လား"

"ပြေပါတယ် ကိုကို၊ အရိပ်နဲ့ကိုကိုရော"

"မနက်ဖြန် လက်ထပ်ကြမယ် ညီ"

"ကောင်းတယ်"

ညီ့မျက်နှာက ပြုံးပျော်သွားတော့သည်။

"ကိုကို့ကို ညီ ယုံကြည်တယ်၊ အရိပ်အပေါ် မတရားအနိုင်ကျင့် နှိပ်စက်တာမျိုးတွေ ကိုကိုလုပ်မှာ မဟုတ်ပါဘူး"

အရိပ်အတွက် ရောင်စဉ် စိတ်ပူစွာဖြင့် ပြောမိသည်။

မရိုးသားသော စိတ်ကြောင့် မဟုတ်။ မေမေနှင့် တူလို့ပါ။

ကိုယ်ချင်းစာစိတ်တွေနှင့် အရိပ်အား သူ့စိတ်ထဲမှာ သနားကြင်နာနေမိသည်။

"ကိုကို"

"ဟင်"

"အရိပ်ကို ချစ်ပါ၊ ကြင်နာပါ၊ စိတ်ပျက်ညစ်ညူးစရာကောင်းတဲ့ ဖေဖေတို့အိမ်ထောင်ရေးဘဝ သားစဉ်မြေးဆက် စိတ်ဒဏ်ရောက်အောင် မတည်ဆောက်ချင်ပါနဲ့ ကိုကို"

"မင်းရော"

မဟေသီ့မှာ အပြစ်မရှိဘူးဆိုတာ သူသိမြင်လာမိသည်။

ညက ... မိန်းမဖြစ်သူရဲ့ ပြုစုမှုတွေကို ပထမဆုံးအကြိမ် ခံစားလိုက်ရသည်။





မဟေသီ ဆေးလိမ်းပေး၍ သူ့တစ်ကိုယ်လုံး ကိုက်ခဲနာကျင်မှု ဝေဒနာတွေ ပျောက်ကင်းသက်သာသွားခဲ့ရ၏။

"ညီ"

"ဗျာ"

"မင်းအတွက် လုံလောက်တဲ့ အရင်းအနှီးတွေ ကိုကို ထုတ်ပေးမယ်ချင်တယ်"

"မယူချင်ဘူး ကိုကို"

"အမိပွာယ်မရှိတာပဲ ညီ ... ဖေဖေ့စည်းစိမ် ဥစ္စာတွေကို မင်းလည်း ခံစားသင့်တာပဲဟာ"

"ညီ့ကို အမွေဖြတ်ထားတာပဲ၊ သားအဖြစ်ကနေ စွန့်လွှတ်ထားပြီးပြီ၊ ညီ ဘဝကို ရှန်းကန်တည်ဆောက်ချင်တယ် ကိုကို"

"မင်း ပြောင်းလဲသွားတာ ကိုကိုကြောင့်ဆိုတာ ကိုကို သိပါတယ်ကွာ"

"မေမေရော နေကောင်းလား ကိုကို ... ညီ့အတွက် ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့ ... မေမေနဲ့အရိပ်ကိုပဲ ဂရုစိုက်ပြီး စောင့်ရှောက်ပါ"

"ညီ"

"ကိုကို"

"မင်းက ဖေဖေ့စကားကို နာခံဖို့ ဆုံးဖြတ်ထားတဲ့ကောင်ပဲ ညီကလေ မိန်းမတွေကို ဖေဖေ့လို သဘောထားခဲ့တာပဲ ... မဟုတ်ဘူးလား"

"ညီကတော့ ဖြစ်တဲ့ဘဝမှာ ရင်ဆိုင်နိုင်ဖို့ သတ္တိတွေ အပြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပါတယ် ကိုကို"

ညီ့ကို အရင်းအနှီးတွေပေးတာ ညီက လက်မခံပေ။

"လက်မခံပါရစေနဲ့ ကိုကို ... ညီ ဘဝကို ရှန်းကန်ချင်လို့"

"မေမေ နေမကောင်းဘူး ညီ ... မင်း ဒီလိုဘဝမျိုးမြင်ရ မေမေ အရမ်း စိတ်ထိခိုက်ကြေကွဲရမှာပဲ"

"မေမေ့ကို ညီ့အိမ်မှာ ခေါ်ထားရင် ကောင်းမလား"

"မေမေက နေပါ့မလား"

မေမေသည် ဖေဖေအနှိပ်စက်ခံဘဝမှာပဲ နေသားကျ ဖြစ်သည်။ သူက ဆေးခန်းပြဖို့ ဖွတ်အတင်း စီစဉ်တာပင် လက် ဘဲ နေ၏။

"မေမေ့ကိုရအောင် ခေါ်ထားမယ် ကိုကို ... ဘဝ လျှောက်လုံး စိတ်သောကတွေနဲ့ မေမေ နေခဲ့ရတာ ... ဒီဘဝ လွတ်မြောက်သင့်ပြီ"

"ညီတောင် ဘဝကို ရှန်းကန်နေရတာ မဟုတ်လား။ မေ ကို ခေါ်ထားချင်ရင် ကိုကိုပေးတဲ့ ငွေကြေးကို လက်ခံပါ"

"ဟင့်အင်း ကိုကို ... ညီ ဖေဖေ့ဆီက ဘာမှ မလိုချင်ပါ ညီ့ဘဝအတွက် ညီအစွမ်းကုန် ကြိုးစားတည်ဆောက်မှာပါ"

"မင်း မဟေသီ့ကို မေမေ့ဘဝမျိုး ရောက်အောင် မတွ ဖို့တော့ ကိုကို ပြောချင်တယ်"

မဟေသီ့ကို သူ့ညီမလေး တစ်ယောက်အဖြစ် သတ် ထားမိသည်။ ညီ့ကို မဟေသီ ဘယ်လောက်အထိ ချစ်ကြော အသိဆုံးသူ ဖြစ်ခဲ့၏။





စိတ်ပျက်ညစ်ညူးဖွယ်ကောင်းတဲ့ မိသားစု အရှုပ်အထွေး တွေကို ရှင်းပစ်ချင်မိသည်။ ဖေဖေက မရ ...

"ကိုကို"

"ဟင်"

"မေမေ့ကို ဂရုစိုက်ပါ ... မေမေ့ကို ခေါ်ထားနိုင်ဖို့ ညီ အစွမ်းကုန် ကြိုးစားမယ်"

ညီ့မှာ ဘဝကို ရှန်းကန်တည်ဆောက်နိုင်တဲ့ အစွမ်းအစတွေ အပြည့်ရှိနေကြောင်း သူတွေ့နေရသည်။

ဖေဖေကတော့ လုံးဝ ခွင့်မလွှတ်ပေ။

"ကိုယ်ရင်ဆိုင်ရတဲ့ ဘဝတစ်ခုလုံးကို အကောင်းဆုံး ဖြစ် အောင်တည်ဆောက်ပါ ညီရယ်"

ညီသည် ပင်ပန်းနွမ်းနယ်ဟန်မရှိဘဲ မျက်ဝန်းတွေက ရွှင် လန်း တက်ကြွနေ၍ သူ့စိတ်ထဲမှာ အေးသွားရသည်။

"ကိုကို သွားတော့မယ် ... လိုအပ်တဲ့ အကူအညီတွေရှိရင် အားနာစရာ မလိုဘူးနော်ညီ ... ပြောပါ"

ညီက ခေါင်းညိတ်ပြသည်။

သူ့ကြောင့် ဒီဘဝမျိုးခံယူလိုက်တာ သူသိနေ၏။

သားသမီးတွေ ပြုစုပျိုးထောင်တဲ့နေရာမှာ မိဘတွေရဲ့ ပြု ပြင်ထိန်းကျောင်းမှုတွေ မှန်ကန်ဖို့လည်း လိုအပ်သည်ဟု ထင်မိနေ သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

“အရိပ်”

“ဟင်”

“ဒီနေ့ ... မင်းနဲ့ကိုယ် လက်ထပ်ရမယ်”

“အင်း”

အရိပ် မျက်ဝန်းတွေက တည်ငြိမ်အေးစက်တဲ့ အငွေ့အသက်တွေ လွှမ်းမိုးနေသည်။ စိတ်ဝင်စားပုံမရ။

“မင်း ... စိတ်ဝင်စားရဲ့လား အရိပ်”

“ရှင်”

“ကိုယ့်ကို စိတ်ဝင်စားရဲ့လား အရိပ်”

“ရှင်”

“ကိုယ့်ကို လက်ထပ်ဖို့ မင်းစိတ်ဝင်စားရဲ့လား အရိပ်”

“ကျွန်မဘဝက ဘာကိုမှ ငြင်းပိုင်ခွင့်မရှိတဲ့ဘဝပါ ... ကိုကို့ ကိုလည်း ကျွန်မကို မချစ်မနှစ်သက်ဘဲ လက်ထပ်ရတာမျိုး ကျွန်မ လုံးဝမဖြစ်စေချင်တာပါ”





မင်းကို ငါမချစ်ဘူး အရိပ်။

ဒါပေမဲ့ ...

လက်ထပ်ဖို့ ရှောင်လွှဲ၍မရနိုင်ဘူးဆိုတာ ကိုယ်သိနေတယ်။

“မင်းကို ငါမလွှဲမသွေ လက်ထပ်ရမယ်ဆိုတော့ ငါဘာဘော ..တဲ့ ပုံစံမျိုး မင်း နေထိုင်ပြုမူသင့်တယ် အရိပ်”

“ရှင်”

ဦးအဂ္ဂက မနေရဘူးတဲ့ ...

ဘာအခွင့်အရေးမှ တောင်းဆိုစရာ မလိုဘူးတဲ့ ...

“မင်း ငါ့စကားတွေကို မနာခံရင်တော့ မင်းလေးလေးဆီ ..အပ်မယ်”

သူမကတော့ ဒေါ်လေးကြောင့်ပါ။

မှီခိုအားထားရာမဲ့နေတဲ့ ဒေါ်လေးနှင့်သူမဘဝကို ထောက်..း ငဲ့ညှာပြီး သူမပဲ အနစ်နာခံရတော့မည်ဖြစ်သည်။

ကျွန်မ ... ကိုကို့ကို ချစ်တယ် ...

ကျွန်မ ရင်ထဲက အချစ်တွေကို ဘယ်လို ထုတ်ဖော်ပြသရ..။ တကယ်တမ်းကျတော့ ... ကိုကိုက ကျွန်မကို လက်မထပ်..င်တာပါ။

“ကိုကို”

“ပြော”

“ကျွန်မကို လက်မထပ်ချင်ဘူး မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



ကိုကို ဘာမှ မပြောပေ။

ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းပဲဆိုတာ ကျွန်မသိ
တယ်။

"ငါ လက်ထပ်မဲ့မိန်းမ ... ငါ့ဘဝလက်တွဲဖော်ဟာ မင်း
မိန်းမမျိုးတော့ မဖြစ်စေချင်ဘူး"

ကျွန်မကို ပြုပြင်စေချင်တဲ့ ဆန္ဒတွေ ... ကိုကို့မှာရှိနေ
ကျွန်မ သိပါတယ်။ မဖြစ်နိုင်တာဘဲ ...

ကိုကိုဆန္ဒတွေအတိုင်း ကျွန်မလိုက်နာချင်ပေမဲ့ မဖြစ်နိုင်
အခြေအနေ ဖြစ်နေတယ်လေ။ ငိုချင်လာသည်။

နှုတ်ခမ်းသားတွေ တဆတ်ဆတ်တုန်ယင်လာရ၏။

"မင်းဘာလို့ ခေါင်းမာချင်ရတာလဲ မိန်းမတစ်ယောက်
အစေအပါးသာသာလောက်ပဲ ထားတတ်တဲ့ ဖေဖေ့အယူအဆ
ကို လက်မခံဘူး"

မင်းဘာလို့ ငြင်းဆန်နေရတာလဲ ...

ငါ့ကို ဒီလောက်အထိ ဘာလို့ ကျိုးနွံပြားဝပ်နေရတာ

အရိပ်ကို သူသိနေသည်။

မွေးကြီးကြောင့် သူ့ကို လက်ထပ်တာဟုပင် ...

အေးအေးဆေးဆေး နေထိုင်စားသောက်ရရင် ပြီးရော
တဲ့သဘောလား ... မိန်းမဆိုတာ ဘဝရဲ့ လက်တွဲဖော်ပဲဟာ ...

ကိုယ် နှိမ်ချ မဆက်ဆံချင်ဘူး ...





အရိပ်က တုံ့ဆိုင်းနေတယ် ... ကြောက်နေတယ် ...
ကိုယ် မကြိုက်တာပဲ။ မေမေ့ကို သနားတယ် ...
ကိုယ်ချင်းစာမိနေလို့ အရိပ်ကို မြှောက်စားပေမဲ့ လက်မခံ
နေတတ်သလို နေတာပဲ မကြိုက်တာ ...

"မင်း ဆယ်တန်းအောင်ပြီးပြီပဲ ... ကျောင်းဆက်တက်ရမယ်
...ဝ်"

"ဟင့်အင်း"

"ဘာ"

အရိပ် လန့်သွားသည်။

သူ့အသံတွေကလည်း ဒေါသတကြီးနှင့် ကျယ်လောင်မြည်
...ည်းသွားရ၏။

"မင်း ... ဘာလုပ်မလဲ"

မင်း အစေအပါးတစ်ယောက်ဘဝနဲ့ တစ်သက်လုံး နေသွား
...မှာလား ... ဒုက္ခပါပဲကွာ ...

အရိပ် မျက်ဝန်းလေးတွေက ပြူးကြောင်စွာဖြင့် ကြည့်နေ
...ည်။ ကြောက်ရွံ့တုန်လှုပ်နေ၏။

သူ ... မှတ်မိနေသည်။

မေမေသည် ဖေဖေ့ကို အလွန်ကြောက်ရွံ့ရှိသေခဲ့ရ၏။ မှ
ထိုအဖြစ်အပျက်တွေကို သူငယ်စဉ်ကတည်းက မနှစ်မြို့ခဲ့
အရိပ်က ပြုပြင်လို့ မရဘူး ... ရိုင်းတယ် ...

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ကိုကို့ အိပ်ရာခင်းတွေ ခြင်ထောင်တွေကို ကျွန်မ လဲပေး ချင်လို့ပါ"

"လဲထားပြီးသား မဟုတ်လား အရိပ်"

"နေ့တိုင်း လဲပေးချင်တာပါ"

အရိပ်သည် သူမနှင့်ပတ်သက်သည့် တာဝန်တွေကို လိုက် ရှာပြီး လုပ်နေသည်။

"မလဲနဲ့တော့"

"ဟုတ်ကဲ့"

"မင်း သွားတော့ အရိပ် ... ငါအမုန်းဆုံး မိန်းမတစ်ယောက် ရဲ့ပုံစံက မင်းပုံစံမျိုးပဲ"

သူ ... ဒေါသဖြစ်ဖြစ်နှင့် ပြောမိလိုက်သည်။

ဖေဖေ ဘာတွေ လုပ်နေလဲ ...

အရိပ် ပြန်ထွက်သွားသည်။

ခပ်တုံးတုံး မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ သူဝန်ခံ နေမိ၏။ ဖေဖေ ရောက်လာသည်။

"မင်း အဆင်သင့်ပြင်ထားတော့ ရောင်နီ ... ဖေဖေ လာ မှတ်ထိုးဖို့ အားလုံး စီစဉ်ထားပြီးပြီ"

သူ ... ငြင်းဆန်ခွင့်မရှိ။

ဖေဖေက သူ့ဆန္ဒတွေအတိုင်း လုပ်ဆောင်ရမှ ကျေနပ် ဖြစ်သည်။ အမွေဖြတ်တာ သူ့အတွက် အကြောင်းမဟုတ်





မေမေက ရှိနေသေးသည်။

မေမေ့ကို စိတ်သောကတွေ အရောက်မခံနိုင်ပေ။

"ရောင်နီ"

"ဗျာ"

"မင်း လက်ထပ်ဖို့ အစီအစဉ် လုပ်တော့"

"ဟုတ်ကဲ့"

"အရိပ်ကို မင်း ... ဘာအခွင့်အရေးမှ ပေးစရာမလိုဘူးနော် ရောင်နီ"

"ဖေဖေ"

"ပြော"

"ကျွန်တော့် အိမ်ထောင်ရေးကို ... "

"ဖေဖေ စီမံတာကိုပဲ မင်း လက်ခံစမ်းပါ ... အရိပ်ဟာ မင်း အမိန့်ကို နာခံမဲ့ မိန်းမတစ်ယောက်ပဲ ... ဘာမကောင်းစရာရှိလဲ ရောင်နီ"

"ကျွန်တော်ဘဝတစ်လျှောက်လုံး စိတ်ပျက်ညည်းညူစရာ ကောင်းတဲ့ အိမ်ထောင်ရေးတစ်ခု"

"မိန်းမတွေက အရေးပေးလို့ မကောင်းဘူး၊ မင်းအပေါ် မှာရှိမယ်ထင်လား၊ ဖောက်ပြန်မှာ ... ဖေမေ့ဘဝကောင်းတာပဲ ထယ်တော့ အိမ်မှုကိစ္စတွေ၊ ကိုယ့်ဝေယျာဝစ္စတွေလုပ်ဖို့ပဲ လိုအပ် တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး ဖေဖေ"

"ဖေဖေ့ကို မင်းကပါ အာခံချင်တာလား"

"ကျွန်တော် မေမေ့ကို ဆေးခန်းပြချင်တယ်"

ဖေဖေ ဘာမှမပြော ...

"သိပ်ပြီး ရေးကြီးခွင်ကျယ်တော့ လုပ်မနေနဲ့"

မေမေ့အပေါ် ဖေဖေလုံးဝ စေတနာမပါပဲ ဖြစ်နေသည်။

"မေမေ့မှာ ဘာအပြစ်တွေ ရှိနေလို့လဲ"

"မိန်းမတွေအားလုံး အပြစ်ရှိတာပဲ"

"မဟုတ်သေးဘူး ဖေဖေ"

"မင်း ဘာမှမသိပါဘူး ရောင်နီ၊ အရေးကြီးတာ မင်းအရိပ်ကို လက်ထပ်ဖို့ပဲ"

ဖေဖေ ဘာမှမပြောတော့ ...

အေးစက်တဲ့ ဖေဖေ မျက်ဝန်းတွေကို သူပြုပြင်ပြောင်းလဲ ပစ်ချင်မိသည်။

မိန်းမတွေနှင့် ပတ်သက်ပြီး ... ဖေဖေ့အယူအဆတွေကို သဘောမကျမိပေ။

တစ်ဇွတ်ထိုး တစ်ယူသန်ဆန်သော ဖေဖေ့လုပ်ရပ်တွေ[illegible]ည်။ အတွက် သူ့မှာ တားဆီးနိုင်စွမ်းတွေ ကင်းမဲ့နေရသည်။

"မင်းအရိပ်ကို လက်ထပ်ဖို့ အဆင်သင့် ပြင်ထားပါ ... ဖေဖေ[illegible] တရားရုံးမှာ အားလုံး အစီအစဉ်တွေ လုပ်ထားပြီးပြီ ရောင်နီ"





"ဖေဖေ"

ဖေဖေ ထွက်သွားသည်။

ရောင်နီကတော့ ဖေဖေ့ကို တုံ့ပြန်နေ၍ ဘာမှအကျိုးရှိမှာ မဟုတ်ဘူး ... ညီ့ကိုလည်း ဖေဖေ လုံးဝလှည့်မကြည့်ပေ။ ဖေဖေ့ စိတ်ဓာတ်တွေက မာကျောခက်ထန်တတ်တဲ့ အကျင့်စရိုက်တွေ ဖြစ်နေသည်။ ညီနှင့် တူနေ၏။

မတတ်နိုင်တော့ဘူး ...

သူ ... အရိပ်ကို လက်ထပ်ဖို့ပဲ ရှိသည်။

"အရိပ် ... မင်း ဘာလို့ ကြောက်ရွံ့နေရတာလဲကွာ ... [illegible]အအ မိန်းမတစ်ယောက် ဖြစ်နေရတာလဲ"

သူ အော်ဟစ်ပစ်ချင်နေမိသည်။

"မေမေ"

မေမေ့အတွက် သူ့ဘဝတွေကို အနစ်မွန်းခံရတော့မည် [illegible]သည်။

ညီ့ဆန္ဒတွေပဲ ... သူ့အတွက် အနစ်မွန်းခံနေသော ညီ ... ဈေးသည်ဘဝနှင့် လမ်းဘေးမှာ အပင်ပန်းခံပြီး ညီ လုပ်နေ

ဖေဖေက အဆင်သင့် လုပ်ထားဆို၍ သူ့ အဝတ်အစားတွေ [illegible]မပါဘဲ ပြင်ဆင်နေရ၏။

အချိန်မပေးတော့ဘူး ... အရိပ်ကို လက်ထပ်ရတော့မယ်။

"သား"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ထပ်ရောက်လာသည်။

ကြိုးမိန့်ပေးခြင်းခံရသော လူတစ်ယောက်ကဲ့သို့ ဖေဖေ့အသံကြောင့် ထိတ်လန့်တုန်လှုပ်သွားသည်။

"မင်း ... အဆင်သင့် ဖြစ်ပြီလား"

"ဟုတ်ကဲ့ ဖေဖေ"

"သွားမယ်"

သူ ... အပြင်ထွက်လာခဲ့သည်။

ဖေဖေနှင့် အရိပ် ဧည့်ခန်းမှာ စောင့်နေကြတာ တွေ့ရ

အရိပ်အဒေါ်လည်း ပါ၏။ မေမေတော့ မပါပေ။

သားတစ်ယောက်ရဲ့ လက်ထပ်ပွဲမှာ မေမေ ဘာကြောင့် မပါရတာလဲ။ ရင်တဲမှာ နာကျင်နေသည်။

မေမေ သိတောင် သိပ့်မလား ... အရိပ် ပြောမှာပဲ ...

"သွားကြမယ်"

အရိပ် အလှအပတော့ နည်းနည်း ပြင်ထားသည်။

ချောမောဂုပတဲ့ မျက်နှာလေးက နည်းနည်းတော့ လ ဆန်း နေ၏။ မင်း ပျော်နေလား ... ပျော်မှာပေါ့ ...

မင်း လက်ရှိရင်ဆိုင်နေတဲ့ ဘဝထက် သာနေတာကိုး

ဝင်းတောက်နေတဲ့ မျက်ဝန်းလေးအစုံနှင့် ဖျတ်ခနဲ ရင် ရသည်။

သူ ... အကြည့်ကို လွှဲပစ်လိုက်၏။

ဖေဖေရှေ့မှ ဦးဆောင်ပြီး တရားရုံးသို့ ထွက်လာခဲ့ကြသည်





အရိပ်လည်း သိပါတယ် ...

ကိုကို လက်ထပ်ချင်တဲ့ မိန်းကလေးက ကျွန်မ မဟုတ်တာပဲဟာ ... ကျွန်မ ဘယ်လို ပြုပြင်ရမလဲ ... ဖေဖေက လက်မခံဘူး။

အဓိက ... သူမ သနားမိတာတော့ မေမေပဲ။

ကိုကိုနှင့်သူမ လက်ထပ်တော့မဲ့ အကြောင်းပြောတော့ မေမေ့ မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်နေသည်။

"သားက လက်ခံလား"

"ဟုတ်ကဲ့ မေမေ"

"ကောင်းပါတယ်လေ ... အရိပ်ကို မေမေ့ချွေးမအဖြစ် သဘောကျပါတယ် ... သားက ကိုအင်္ဂလောက် မိန်းမတွေအပေါ် သဘောထား မသေးသိမ်ပါဘူး"

မေမေ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။ နှုတ်ခမ်းတွေက တဆတ်ဆတ်တုန်ယင်ပြီး ကြေကွဲမှုတွေ ခံစားနေရသည်။

"မေမေ ဝမ်းသာပါတယ် ... ကျေနပ်ပါတယ်ကွယ်"

လက်ထပ်ပွဲမှာတော့ မေမေ လိုက်ပါခွင့် မရှိတာတော့ ဖေဖေ ရက်စက်လွန်းသည်ဟု ထင်မိသည်။

အရိပ်က ဘာပြောနိုင်မှာလဲ ... ပြောခွင့်မရှိ ...

ဖေဖေသည် မိန်းမတွေကို အခွင့်အရေးပေးဖို့ ဝန်လေးနေ ဘတ်သည်။ ကိုကိုကတော့ သူမကို အခွင့်အရေးတွေ ပေးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကြောင့် ...

သွက်လက်ဖျတ်လတ်ပြီး ကိုကို့လုပ်ငန်းတွေမှာ အကူအညီ ပေးနိုင်မဲ့ မိန်းမ ... ပွဲလယ်တင့်တဲ့ မိန်းမတစ်ယောက်ကိုပဲ ကိုကို လက်ထပ်ချင်ခဲ့တာ မဟုတ်လား ...

"မင်း ကျောင်းဆက်တက်စရာ မလိုဘူး အရိပ်၊ အိမ်မှုကိစ္စ တွေပဲ လုပ်ရမယ်"

ဖေဖေ့ အမိန့်ပဲ ...

အရိပ်ဘဝမှာ ဘာတစ်ခုမှ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် မရှိခဲ့ပေ။

တရားရုံးရောက်လာသည်။ အရိပ် ရင်တွေ တုန်နေ၏။

ကိုကိုကတော့ အေးစက်စက်နှင့် စိတ်မသက်မသာ ဖြစ်နေပုံပင်။ ဖေဖေ့ အမိန့်ညွှန်ကြားချက်ကို မလွန်ဆန်နိုင်လို့သာ ကိုကို လက်ထပ်တာ မဟုတ်လား ...

"ရောင်နီ"

"ဗျာ ဖေဖေ"

"တရားသူကြီးရှေ့မှာ အသက်မပါသလိုကြီး လုပ်မနေနဲ့နော်"

သူ ... စိတ်မပါ ... ဖေဖေ့ကြောင့် ...

တရားရုံးမှာ အရိပ်နှင့်သူ တရားဝင် အကြင်လင်မယားအဖြစ် လက်မှတ်ရေးထိုးခြင်းကိစ္စ ပြီးဆုံးသွားသည်။

စိတ်တွေ လေးလံသွားရ၏။ ညီ့ကို သတိရမိလာသည်။

အရိပ်နှင့် သူ့ကို ညီက လက်ထပ်စေချင်၏။





သနားလို့တဲ့ ...

သူ့အနေနှင့် အရိပ်ကို မုန်းတီးရွံ့ရှာနေတာမျိုးမဟုတ်ပေမဲ့ အရိပ်ပုံစံတွေအပေါ် ဘယ်လိုမှ ခံစား၍ မရဖြစ်နေသည်။

လက်မှတ်ရေးထိုးပြီးသည်နှင့် တရားရုံးကအထွက်တွင် သူ တစ်ယောက်တည်း ကားတစ်စီးမောင်းပြီး သူ့အလုပ်ကို ထွက်လာခဲ့မိ၏။ ဖေဖေက တစ်မျိုးပဲ ...

မိန်းမတွေအပေါ် အငြိုးအတေး ကြီးမားလွန်းနေတာဟု ထင်မိသည်။

အရိပ်နှင့် လက်ထပ်ပေးပေမဲ့ အရိပ်ကို ချစ်ချစ်ခင်ခင် ပေါင်းပါဟု မပြောခဲ့။

မိန်းမတစ်ယောက်ကို ဥပေက္ခာပြုလေ ဖေဖေက ပိုကြိုက်လေပဲ။

"ညီ"

ညီ့ဆီ ရောက်သွားသည်။

"ကိုကို အရိပ်နဲ့ လက်မှတ်ထိုးလိုက်ပြီ"

ညီ့မျက်ဝန်းတွေက ဝင်းလက် တောက်ကပလာပြီး ပျော်သွားသည်။

"ကိုကို"

"ဟင်"

"အရိပ်ကို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ဆက်ဆံပါနော်၊ မေမေ့လို ဘဝမျိုးမရောက်ပါစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အရိပ်က မေမေ့ပုံစံ တစ်ထပ်တည်းကျနေတာ"

"ဖေဖေ့ကြောင့် ထင်တာပဲ ကိုကို ... အရိပ်ကို ကြည့်ရတာ တစ်စုံတစ်ယောက်ရဲ့ လွမ်းမိုးမှုတွေ ခံနေရသလိုပဲ"

"မဆိုင်ပါဘူး ညီရာ ... အရိပ်ကိုက ခပ်တုန်းတုန်း ခပ်ညံ့ညံ့ မိန်းကလေးပါ"

"ဘာပဲဖြစ်ဖြစ် ကိုကိုနဲ့ အရိပ်ဘဝ အေးချမ်းတည်ငြိမ်စေ ချင်တာပဲ ကိုကို"

"မင်းရော ညီ"

"ကြိုးစားနေပါတယ်"

"မဟေသီက မင်းကို သိပ်ချစ်တဲ့ မိန်းကလေးပါ ... မင်း အတွက်လည်း အရမ်းအနစ်နာခံတဲ့ မိန်းကလေးပဲ ... မဟေသီ ကိုလည်း ညီ ကြင်ကြင်နာနာ ဆက်ဆံစေချင်တယ်"

ညှိုးညှိုးနွမ်းနွမ်းလေး ဖြစ်နေတဲ့ ညီ့နားကနေ ထွက်လာခဲ့ မိသည်။

စိတ်ထဲမှာ ထိခိုက်ကြေကွဲနေရ၏။

သူ့ထောက်ပံ့မှုတွေကိုလည်း ညီက လက်မခံပေ။

စိတ်ညစ် စိတ်ရှုပ်ထွေးစရာ အခြေအနေတွေကို ဖယ်ရှား ရှင်းလင်းပစ်နိုင်မဲ့ နည်းလမ်းတစ်ခုခုတော့ ရှိနေရင် သိပ်ကောင်း မှာပဲဟု သူတွေးနေမိသည်။

အခန်း ( ၁၉ )

နံစ်ယောက်အိပ်ခုတင်ကြီးကို ကြည့်ပြီး သူမကြောက်ရွံ့ တုန်လှုပ်နေမိသည်။

ကိုကိုကတော့ တော်တော် စိတ်မသက်မသာဖြစ်နေမှာပဲဟု သူမတွေးနေမိ၏။

အရိပ်အား ချစ်၍ လက်ထပ်တာမှ မဟုတ်တာပဲ။

မလွဲသာ မရှောင်သာ၍ ကိုကို လက်ထပ်ခဲ့ရခြင်း ဖြစ်သည်။

ကော်ဖီခွက်လေးချပြီး စာဖတ်နေတဲ့ ကိုကို့အနားကနေ ထွက်လာခဲ့၏။

စာကိုပဲ သဲသဲမဲမဲ ဖတ်နေပြီး သူမအား အရေးပင်မစိုက်ပေ။ ရင်ထဲမှာ နာကျင်သွားရသည်။

"အရိပ်"

"ဟင် ဒေါ်လေး"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးတော့လေ အခုမှပဲ သက်ပြင်းမောကြီး ပြုတ်ထွ
သွားတော့တယ်၊ညည်းသာ လက်မထပ်ဖြစ်ရင် ကျုပ်ဘယ်လောက်
စိတ်မောရမလဲ"

ဒေါ်လေးကတော့ ယောက်ျားကို ကြောက်ရသူပီပီ အရိပ်
အတွက် ထည့်ပြီးမစဉ်းစား ...

"အရိပ်"

"ဟင်"

"ဒေါ်လေး ပြန်တော့မယ်"

"အင်း"

"ညည်း လေးလေးက ခေါ်နေပြီ ... မနက်ဖြန်ပဲ အစောကြီး
ထပြီး ဒေါ်လေး ပြန်တော့မယ်နော်"

"ဟုတ်ကဲ့"

ဟုတ်ကဲ့က လွဲပြီး သူမမှာ ပြောစရာစကားတွေ မရှိတော့
ပေ။

သူများတွေ အေးချမ်းပါစေ ...

ဒေါ်လေး စိတ်ချမ်းသာဖို့အဓိကပဲဟု တွေးနေမိသည်။

"ညည်း မောင်ရောင်နီကို ချစ်တယ်မဟုတ်လား အရိပ်"

သူမ ခေါင်းညိတ်ပြလိုက်မိသည်။

"အချစ်ဆိုတာ အသွားအပြန်ရှိပါတယ် သမီးရယ်"

သူမ ငိုပစ်ချင်တဲ့စိတ်တွေကို အတော်လေး ထိန်းချုပ်ထား

ဖိုးလပြည့်စာပေ



ရသည်။

ကိုကိုက သူမကို ချစ်တာတောင်မှ ဖေဖေက လက်ခံမှာ
မဟုတ်ပေ။

ဘာအခွင့်အရေးမှ မတောင်းဆိုရဘူးတဲ့ ...

"သမီး သွားအိပ်တော့လေ"

မင်္ဂလာဦးညတဲ့ ...

အရိပ်အတွက်ကတော့ ဘာအဓိပ္ပါယ်မှ မရှိပါဘူးလေ။

ကိုကိုက အရိပ်ကို ပုံစံသွင်းပေမဲ့ တကယ့်ကို မနေတတ်
မထိုင်တတ်တာက အရိပ်ပဲ ဖြစ်နေသည်။

ဒေါ်လေးက သူ့အခန်းထဲ ဝင်သွား၏။

သူမ ငေးကြောင်စွာ ရပ်နေမိသည်။

မေမေ ...

အိပ်ပြီလား ...

ကိုကို့မေမေဆိုပေမဲ့ သူမကတော့ မိခင်အရင်းကဲ့သို့ ထင်
မှတ်နေမိသည်။

စိတ်သဘောထား ဖြူစင်တဲ့ မေမေ။

သူမ ဘယ်သွားရမှန်းမသိသဖြင့် မေမေ့ အခန်းထဲဝင်လာ
မိသည်။

"ဟင် ... သမီးလေး အရိပ် မအိပ်သေးဘူးလား"

သူဌေးကတော်တစ်ယောက်ဖြစ်သော မေမေသည် ဆင်းရဲ
ချောလွန်းသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"အရိပ်"

"နေကောင်းလားဟင်"

"ကောင်းပါတယ်"

သားကြီးက ဆရာဝန်ခေါ်လာပြီး ပြပေးသည်။

မိမိအား အနားယူပါတဲ့။

ကိုအဂ္ဂရောက်လာပြီး မိမိအား ပိုက်ဆံကုန်အောင် အလ

ကား ဖြုန်းနေတာတဲ့။

မင်း ဟန်ဆောင်နေတာတဲ့ ...

သားကြီး စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့ဟု

ရက်စက်စွာ ပြောထွက်ခဲ့သည်။

အရိပ်လေးရော ...

မိမိ ကိုယ်ချင်းစာမိနေသည်။

"အရိပ်"

"မေမေ"

"သမီး မအိပ်သေးဘူးလား"

"မေမေ ... အရိပ် ဒီမှာပဲ အိပ်ပါရစေနော်"

"မဟုတ်တာပဲ၊ မင်္ဂလာဦးညမှာ ဒီလိုခွဲမအိပ်ရဘူးလေ၊ သွား

အိပ်ပါ အရိပ်ရယ် ... သည်းခံခြင်းက အောင်မြင်ရာပါပဲ ... သား

ကိုအဂ္ဂလောက် အတ္တမကြီးပါဘူး"

အရိပ်သိပါတယ် ...





ကိုကိုက စိတ်သဘောထား ပြည့်ဝတဲ့ ယောကျ်ား တစ်

ယောက် ပါပဲ။

ဒါပေမဲ့ ...

ဖေဖေ ဦးအဂ္ဂကြောင့် ...

မေမေ့လိုတော့ မပြောလိုပေ ...

"ကိုကို့ကို အရိပ်ကြောင့် စိတ်အနှောင့်အယှက်တွေ မဖြစ်စေ

င်လို့ပါ၊ ကိုကိုက အရိပ်နဲ့ လက်ထပ်လိုက်ရတာလေ၊ အခုလောက်

ရင် ကိုကို အရမ်းစိတ်သောကတွေ ခံစားရမှာပဲ"

"အရိပ်"

မေမေ စိတ်မကောင်းလိုက်တာ ...

အရိပ် အဖြစ်တွေမျိုး မေမေလည်း တစ်ချိန်က ခံစားရတာ

ယောကျ်ားရဲ့ ဥပေက္ခာပြုမှုတွေ ...

မထေမဲ့မြင် ပြုမှုတွေ ...

အရေးအရာ မလုပ်ဘဲ ပစ်ပယ်ထားခြင်း ခံရမှုတွေ။

"ကိုကို့ကို အရိပ်ချစ်တယ်"

ကိုအဂ္ဂကတော့ မိမိ တဖြည်းဖြည်း မှုန်းတီးလာခဲ့မိသည်။

သားတွေ သံယောဇဉ်ကြောင့် ဘဝကို ဖြစ်သလို ရုန်းကန်ခဲ့

သည်။

အသက်ကြီးပြီ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမာရေး မကောင်းတော့ ...

အရိပ်လေးအား မိမိ ကိုယ်ချင်းစာမိနေသည်။

"အရိပ်"

"မေမေ"

"အားငယ်နေလား"

"အင်း"

မေမေ့အား အမှန်အတိုင်းပင် ဝန်ခံလိုက်မိသည်။

"မေမေ ငယ်ငယ်ကတည်းက ဒီလိုပါပဲ"

ကိုအဂ္ဂက တမင်ပင် သူ့အမိန့်ဩဇာကို နာခံမဲ့ ဆင်းရဲနွမ်း
သော မိန်းကလေးတစ်ယောက်အား ရွေးချယ်ခဲ့သည်။

ကံဆိုးသူက မိမိပဲ ...

"အရိပ်လေး"

"ရှင်"

"မေမေ လိုက်ပို့ပေးမယ်နော်"

"ဟင်အင်း"

"သမီး ဘာမှမကြောက်ပါနဲ့ကွယ် ... ဘဝကို ရင်ဆိုင်
မေမေ့တုန်းက အနားမှာ အားပေးမယ့်သူတောင် ရှိတာမဟုတ်
အရိပ်"

အားပေးနှစ်သိမ့်မည့်သူလည်း တစ်ယောက်တလေပင်
တားဆီးမည့်သူလည်း မရှိ။





ကိုအဂ္ဂ နှိပ်စက်သမျှ ခါးစည်းပြီး ခံစားနေခဲ့ရသည်။

"သမီး ပြန်ပါ ... ဘဝဆိုတာ ဒီလိုပဲလေ ... ရင်ဆိုင်ရမှာပဲ
ကြောက်နေလို့ မဖြစ်သေးဘူး"

"မေမေရယ်"

အရိပ်မှာ မိဘတွေ မရှိကြတော့ဘူး။

မွေးကင်းစအရွယ်လေးမှာပင် ကွယ်လွန်ခဲ့ကြသည်။

အဒေါ်နှင့် နေရ၏။ အသက်ကြီးမှ အိမ်ထောင်ပြုခဲ့သော
ဒေါ်သည် ယောက်ျားကို အလွန်အမင်း ကြောက်ရသူ ဖြစ်နေ
သည်။

ဦးလေးက နှိပ်စက်၏။

အကြင်နာတရားကင်းမဲ့သည်။

ယုတ်မာကောက်ကျစ်သော ယောက်ျားတစ်ယောက်သာ
နေခဲ့၏။

အရိပ်ဘဝက မအေးချမ်းခဲ့ ...

"သမီး သွားတော့နော်"

"အင်း"

"သားက ကိုအဂ္ဂလို သမီးလေးအပေါ် မရက်စက်ပါဘူး၊
ကျင့်မှာလည်း မဟုတ်ပါဘူး"

မေမေ အတင်းသွားခိုင်းနေ၍ အရိပ် အခန်းထဲပြန်သွားမိ

အခန်းထဲရောက်တော့ ကိုကိုအိပ်ရာပေါ် လှဲအိပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အရိပ် မအိပ်ရဲ ...

အမှန်တကယ်တော့ ...

ကိုကို့စိတ်တွေ အနှောင့်အယှက်ဖြစ်အောင် မလုပ်ချင်ပါဘူး

နှစ်ယောက်အိပ်ခုတင်ကြီးသည် အရိပ်အတွက် စိတ်ချော ချားစရာ ကောင်းနေသည်။

ကိုကို့ဘေးနားမှာ ဝင်မအိပ်ရဲပေ ...

အရိပ်နဲ့ မတန်ပါဘူး ကိုကိုရယ် ...

နိမ့်ကျလွန်းတဲ့ အရိပ်ဘဝကို အထင်သေးနေခဲ့တာ ကိုး မမှားပါဘူး ...

အရိပ် ... ကြမ်းပြင်မှာပဲ စောင်လေးခြုံပြီး အိပ်ဖြစ်လိုက် သည်။

ညဦးအတော်နက်မှ မှေးခနဲ အိပ်ပျော်သွားတော့၏။

ရောင်နီ အိပ်ရာမှ နိုးလာတဲ့အချိန်တွင် အရိပ်ကြမ်းပြင်မှာ အိပ်ပျော်နေသည်။

ဒီမိန်းကလေး သနားစရာပဲ ...

အရာရာ ကြောက်ရွံ့တုန်လှုပ်နေမယ်ဆိုတာ သိနေ

"မင်း အရိပ်ကို ဘာအခွင့်အရေးမှ ပေးစရာမလိုဘူး"

ဖေဖေက ပြောခဲ့သည်။

သူ့မိန်းမပဲ ...

ဘဝခရီးတစ်လျှောက်လုံးရဲ့ လက်တွဲဖော်။

တမင်သက်သက် နှိမ်ချဆက်ဆံတာမျိုး သူ့လုံးဝမလုပ်





ပေ။

သူ ...

အိပ်ရာမှ ထလာခဲ့သည်။

အရိပ် အိပ်နေတဲ့အနား ရောက်လာ၏။

အပြစ်ကင်းစင်တဲ့ မျက်နှာလေး ...

အနီးကပ် ကြည့်တော့မှ အလွန်ချစ်စရာကောင်းတဲ့ မျက်နှာ လှလှလေးပဲလားဟု တွေးမိလာရသည်။

ကိုကို ကိုယ်ချင်းစာပါတယ် အရိပ်ရယ် ...

မင်းက ကိုကို့ တရားဝင် ဇနီးမယားတစ်ယောက်ပါပဲ။

"အရိပ်"

"ဟင်"

သူ့ကိုမြင်တော့ အရိပ်အထိတ်တလန့်နဲ့ လူးလဲထလိုက် သည်။

"ဟင် ကိုကို"

"ထလေ ... ဘယ်မှာ အိပ်နေတာလဲ၊ ဘာဖြစ်လို့ ကိုကို့ဘေး ဝင်မအိပ်ရတာလဲ"

"ဟို ... ဟို ... ကိုကို့စိတ်တွေ အနှောင့်အယှက်ဖြစ်မှာ စိုး ပါ ... ကျွန်မ ... ကျွန်မ ... "

"အရိပ်"

"ရှင်"

"ထ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို"

"အိပ်ရေးမဝသေးရင် ခုတင်ပေါ်မှာ တက်အိပ်လေ"

သူက အရိပ် လက်လေးကို ဆွဲယူလိုက်တော့ မျက်ဝန်းပြူး ကြောင်ကြောင်လေးများဖြင့် ကြည့်နေသည်။

"ထလေ"

"ကိုကို"

"အရိပ်"

"ကျွန်မ"

ကျွန်မ ...

အိမ်မက်မက်နေလား ...

ကိုကို့ရဲ့ ကြင်နာစွာ ဖေးမယုယမှုကို မထင်မှတ်ဘဲ ကျွန်မ ခံယူလိုက်ရသည်။

အံ့သြတုန်လှုပ်သွားရ၏။

"အရိပ် ... ထလေ"

"ကျွန်မ အိပ်ရေးဝပါပြီ ... အလုပ်တွေ လုပ်ရဦးမယ်၊ မေမေက ကျွန်းမာရေး မကောင်းဘူးလေ"

"အရိပ်"

"ဟင်"

"နေဦး"

"ရှင်"





"နောက်ဆိုရင် မင်းရော မေမေရော အိမ်မှုကိစ္စတွေကို လေးလေးလံလံကြီး လုပ်စရာမလိုတော့ဘူး၊ အိမ်ဖော်တွေ ငှားမယ်"

"ဟင့်အင်း ... ဟင့်အင်း ... ကျွန်မ ဘာအခွင့်အရေးမှ မလိုချင်ပါဘူး ... ကျွန်မကို ဘာမှမပေးပါနဲ့"

အရိပ် ငြင်းဆန်နေမိသည်။

နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ် တုန်ယင်လာတဲ့ အထိ ကြောက်ရွံ့နေမိ၏။

ဖေဖေ့ကြောင့်ပါ ...

"နင် ဘာအခွင့်အရေးမှ မယူရဘူး"

ဖေဖေ့ စကားတွေကို သူမ ကြားယောင်လာပြီး အထိတ်တလန့် ငြင်းဆန်မိသည်။

ကိုကို့နဲ့ဝေးမှာ ကြောက်တယ် ...

ကျွန်မကို ဦးလေးဆီ ပြန်ပို့လိုက်မှာလည်း ကြောက်နေမိတယ် ...

"ကျွန်မ အိမ်မှုကိစ္စတွေကို လုပ်ပေးနိုင်ပါတယ် ကိုကို ... အလုပ်သမားတွေ ဘာတွေ ငှားပေးစရာ မလိုပါဘူး"

သူမ ...

ပျာပျာသလဲ ပြောမိသည်။

ကိုကို့အကြည့်တွေက စူးခနဲ သူမထံ ရောက်လာတော့သည်။

"အရိပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မင်းက ဘာဖြစ်နေတာလဲ"

"ကျွန်မ ဘယ်လိုဘဝမှာပဲ နေရနေရ နေတတ်ပါတယ်"

အရိပ်အား စိတ်ပျက်စွာဖြင့် သူကြည့်နေမိသည်။

သူ့ဇနီးမယားတစ်ယောက်အဖြစ် မြေတောင်မြှောက်ပေးတာ လက်မခံပေ။

"အရိပ် ... မင်းဘာဖြစ်နေတာလဲ၊ ဘာဖြစ်လို့ ဒီလောက်အထိ အောက်ကျခံနေရတာလဲ"

ကိုကို့အဖေက သူမအား နှိပ်ကွပ်ထားတာ ဘယ်သူမှ မသိပေ။

"မရဘူး ... မင်းကို ခပ်ညံ့ညံ့ မိန်းမတစ်ယောက် ဘဝကနေ လွတ်မြောက်အောင် လုပ်ပစ်ရမယ်"

"ဟင့်အင်း ကိုကို ... ရှင့်ဆီက ကျွန်မ ဘာအခွင့်အရေးမှ မယူချင်ပါဘူး၊ ကျွန်မ နေတတ်သလိုပဲ နေပါရစေ"

"အရိပ်"

သူ့မျက်ဝန်းအကြည့်တွေက ဒေါသတွေနှင့် မာထန်သွားသည်။

"မင်း ဘာကြောင့် ဒီလောက်အထိ ငြင်းဆန်နေရတာလဲ"

အရိပ် ဘာပြောရမလဲ ...

ကိုကို့ရဲ့ ချစ်ခြင်းမေတ္တာတွေကို ကျွန်မ ခံယူချင်ပါတယ်။ ကံကြမ္မာက ကျွန်မဘက်မှာ ရှိမနေပါဘူး ကိုကိုရယ် ...





"မင်းထွက်သွားစမ်း အရိပ်"

ကိုကို သူမအား ကြမ်းတမ်းစွာဖြင့် နှင်ထုတ်နေသည်။

စောစောက ...

နူးညံ့ပျော့ပျောင်းတဲ့ ကိုကို့အမူအရာတွေ ပျောက်ကွယ်သွားခဲ့သည်။

"မင်း သွားလေ"

သူမ ပြေးထွက်လာခဲ့မိသည်။

"အရိပ်"

"ဟင် ဖေဖေ"

"ဘာဖြစ်လာတာလဲ"

သူမ ဘာမှ ပြောမနေတော့ဘဲ ထွက်လာခဲ့သည်။

ဦးအဂ္ဂ သားအခန်းထဲ ဝင်လာခဲ့၏။

"အရိပ်ကို စိတ်ဒုက္ခရောက်အောင်လုပ်တာ ဖေဖေ သဘောပါတယ်၊ မိန်းမဆိုတာ ဘယ်တော့မှ အရေးအရာ မလုပ်ရဘူးကွ"

ဖေဖေရဲ့ ရက်စက်တဲ့အပြုံးတွေကို သူငေးကြည့်နေမိသည်။

ဘာဖြစ်လို့များ ...

ခပ်ညံ့ညံ့ မိန်းကလေးတစ်ယောက်နဲ့ သူ့ကို လက်ထပ်စေခဲ့ရတာလဲ ...

"မိန်းမတွေကို နှိမ်ထားမှ တော်ကာကျတာကွ၊ ခင်ခက်ခက်လိုမျိုး မိန်းမကိုတော့ ဖေဖေ အရမ်းမုန်းတယ် ... ဒီမိန်းမ ဖေဖေ့ကို ထားခဲ့ပြီးသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ကြောင့် မိန်းမတွေအားလုံးကို မုန်းနေတာတော့ မကောင်းပေ။

သူ ...

လက်မခံနိုင် ...

ဖေဖေ မှားနေတယ် ...

အရှမ်းမှားယွင်းနေတယ် ...

မတရားဘူး ...

ထားရာနေ စေရာသွားမဲ့ မိန်းမကို ဖေဖေက ရွေးချယ်သည်။

နှိပ်စက်ညှဉ်းပန်းမှုတွေကို ဖေဖေက အားပေးနေခဲ့၏။

အသက်ရှူရတာပင် မွန်းကျပ်လာသည်။

"ဖေဖေ ကျွန်တော့်ကို ဘာကြောင့် မိန်းမတစ်ယောက် အတင်းအကျပ် လက်ထပ်စေရတာလဲ ... ဘာဖြစ်လို့လဲ၊ ကျွန်တော် တစ်ယောက်တည်းနေတာ မကောင်းဘူးလား၊ ဖေဖေ"

"မင်းတို့ တစ်နေ့နေ့မှာ မိန်းမတစ်ယောက်ကို ရွေးချယ်ပြ မှာပဲ၊ ဖေဖေ လက်မခံတဲ့ မိန်းမဖြစ်နေမှာ စိုးလို့ ဖေဖေကိုယ်တ စိတ်တိုင်းကျ ရွေးချယ်ပေးခဲ့တာလေ၊ မမှန်ဘူးလား။ ဟား ဟ ဟား"

ဖေဖေ အရူးတစ်ယောက်ကဲ့သို့ ကျေနပ်စွာ အော်ဟစ်ရယ် မောနေသည်။





"အား ... ကျွတ် ... ကျွတ်"

"ဖေဖေ ဘာဖြစ်တာလဲ"

"ရင်ဘတ်ထဲက ရှူးအောင့်နေတယ် သားရယ် ... အခု တလော ဖေဖေ အရှမ်းမောချင်နေတယ်"

ဆရာဝန်ပြရန် ခေါင်းမာစွာ ငြင်းဆန်နေသော ဖေဖေသည် တစ်ပတ်လောက် သူ့အိပ်ခန်းထဲမှာ ငြိမ်သက်စွာ အနားယူနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၀ )

ဖေဖေကို ဆေးရုံတင်ရသည်။

အဏ္ဏကြီးမားသော ဖေဖေသည် အရိပ်ကို ဦးစားမပေး၍ တတွတ်တွတ် မှာနေ၏။

"ဖေဖေ နေကောင်းအောင်နေပါ"

"ဖေဖေ နေကောင်းပါတယ် ... ဘာမှမဖြစ်ဘူး ... မနက်ဖြန် ဆေးရုံက ဆင်းတော့မယ်"

"နေပါဦး ဖေဖေ ... ကျန်းမာရေးအရ သေသေချာချာ စစ် ဆေးပါဦး၊ ဖေဖေ့ကို ဆရာဝန်က အနားယူရမယ်လို့ ပြောထားတယ် မဟုတ်လား"

"ဖေဖေ ဘာမှ မဖြစ်တာပဲ ... မနေချင်တော့ဘူး သား အလုပ်တွေ ရှိသေးတယ်"

"ဖေဖေ့စီးပွားရေးလုပ်ငန်းတွေကို ခဏမေ့ထားလိုက်ပါ ...





သား ရှိသားပဲ"

"မဖြစ်ပါဘူး ... မင်းနဲ့စိတ်မချရသေးဘူး၊ လုပ်စရာတွေ အများကြီး ရှိနေသေးတာလေ"

ဖေဖေ့ကြောင့် ခက်သည်။

ဘယ်အရာကိုမှ စိတ်မချ ...

တစ်ယူသန် တစ်ဇွတ်ထိုးနိုင်သော ဖေဖေ့ စိတ်တွေကို ဘယ်တော့မှ ဖျောင်းဖျနားချ၍ ရနိုင်မှာမဟုတ်ဟု ထင်သည်။

မာန်မချ ...

"သား"

"ဗျာ"

"အရိပ်ကို ခပ်နှိမ်နှိမ် ဆက်ဆံနော် ... ဘာမှ အရေးပေးစရာ မလိုဘူး၊ မိန်းမတွေကို ဘာမှ အရေးပေးစရာ မလိုဘူးသား ... ဘုန်းတက်တယ်"

ဖေဖေ့ကို သူ ဘာမှမပြောလိုတော့ပေ။

ကျန်းမာရေး မကောင်းတဲ့အချိန်တွင် ဖေဖေနှင့် အတိုက် အခံ မလုပ်ချင်တော့ ...

ညီ ရောက်လာသည်။

ဖေဖေ့ကိုတွေ့ချင်ကြောင်း ခွင့်တောင်းပေမဲ့ ဖေဖေက လုံးဝ ခွင့်မပြုခဲ့ပေ။

"မတွေ့ချင်ဘူး၊ ငါ့သားလည်း မဟုတ်ဘူး ... ငါအမွေပြတ်



www.burmeseclassic.com

www.burmeseclassic.com



စွန့်လွှတ်ထားပြီးသားပဲ ရောင်နီ"

တကယ်တော့ ...

သူက ဖေဖေ့စကားတွေကို မနာခံတတ်တဲ့ သားပါ။

ညီ့ကြောင့် ဖေဖေ့စကားတွေကို နားထောင်ဖြစ်သွားခြင်း ဖြစ်သည်။

အရိပ်ကို သူ လက်ထပ်လိုက်တာ ညီ့ဆန္ဒတွေကြောင့်ပါ။

"ခင်ခက်ခက် သမီးကိုမှ သင်းလက်ထပ်တယ် ... ငါ့ကို ဘယ်လောက်အထိအာခံလဲ၊ ငါ ဘယ်တော့မှ ခွင့်မလွှတ်နိုင်တော့ဘူး ရောင်နီ"

ဖေဖေသည် လူတွေကို လုံးဝခွင့်လွှတ်တတ်ခြင်း မရှိပေ။

အငြိုးမပြေတတ်။

သဲသဲမဲမဲ မုန်းတီးနာကြည်းနေတတ်လေ့ရှိသည်။

မေမေလည်း ဖေဖေ့အနား ကပ်ခွင့်မရှိခဲ့ပေ။

"ညီ"

"ကိုကို"

"ဖေဖေ့အကြောင်း ညီလည်း သိသားပဲကွာ ... ဖြည်းဖြည်းတော့ ဖေဖေ လက်ခံလာမှာပါ"

"ရပါတယ် ကိုကို"

"ညီ့ပုံစံက အရင်ကနှင့်မတူဘဲ တည်ငြိမ်ရင့်ကျက်မှုတွေ့လာရသည်။





ဘဝကို ရုန်းကုန်လှုပ်ရှားနေ၏။

"ညီ အိမ်ကို လာခဲ့ပါလား၊ မေမေနဲ့ တွေ့ရအောင်လေ၊ ဖေဖေမှမရှိတာ"

"မေမေ့ကိုတော့ တွေ့ချင်တယ် ... ဒါပေမဲ့ ကျွန်တော်က သားအဖြစ်ကနေ စွန့်လွှတ်ထားတာပဲ ... မလာတော့ပါဘူး ကိုကို"

"မေမေ့ကိုတော့ ညီ ဥပေက္ခာ ပြုမထားသင့်ပါဘူး ညီ"

"လောလောဆယ် ကျွန်တော့်ဘဝအတွက် ရုန်းကန်နေရသေးတယ် ... ကျွန်တော့်ကို မြင်ရင် မေမေ စိတ်မကောင်းဖြစ်သွားမှာ သေချာတယ်"

ညီ ပြန်သွားသည်။

သူလည်း ညီ့ကို စိတ်အနှောင့်အယှက် ဖြစ်အောင်ဘာမှ မလုပ်လိုတော့ပေ။

စိတ်မကောင်းစွာဖြင့် ကျောနိုင်းထွက်၍ ခွာလာခဲ့သည်။

အိမ်ပြန်ရောက်လာ၏။

မေမေ့ကတော့ ကျွန်းမာရေးကို ဂရုမစိုက်ဘဲ အိမ်မှုကိစ္စတွေလုပ်နေသည်။

"မေမေ"

"ဟင်"

"ဖေဖေကတော့ နေကောင်းနေပါပြီ၊ မေမေလည်း အနားယူပါနော် ... အရိပ်ရော"



www.burmeseclassic.com

www.burmeseclassic.com



"အရိပ်က အရမ်းအားကိုးရတယ် သားရယ် ... မေမေ့အပေါ် အရမ်းညာတာတယ်"

အရိပ်ကို မေမေ့လို ပုံစံမျိုးတော့ အဖြစ်မခံနိုင်ပေ။

ညှိုးနွမ်းချည့်နဲ့လွန်းတဲ့ မေမေ့ကို တက်ကြွလန်းဆန်းစွာ နေစေချင်သည်။

"သားငယ်ရော ... မင်းတို့ ဖေဖေကို လာမတွေ့ဘူးလား သားကြီး"

သားငယ်ကို ဒေါ်နှင်းစက် တွေ့ချင်နေမိသည်။

"ဖေဖေက အတွေ့မခံနိုင်ဘူးတဲ့"

"သားငယ် ... နေကောင်းရဲ့လား။ ဆင်းရဲဒုက္ခတွေ ရောက်နေပြီလားကွယ်"

သားငယ် ...

ဆင်းရဲနွမ်းပါးစွာ ဘဝကိုရုန်းကန်လှုပ်ရှားနေရပြီလား ...

မေမေ စိတ်မကောင်းပါဘူး ...

ကိုအဂ္ဂ အတ္တကြီးတယ် ...

တစ်ကိုယ်ကောင်းဆန်တဲ့ ယောကျာ်းတစ်ယောက်ပဲ ဖြစ်သည်။

"မေမေဟာ အစွမ်းအစ မရှိတဲ့ မိန်းမတစ်ယောက်ပါ ... သားတွေအတွက် ဘာတစ်ခုမှ ဖြည့်စွမ်းမပေးနိုင်ဘူး"

အရိပ်ကိုလည်း မေမေ့လို သားတွေကို မစောင့်ရှောက် မဖြ





စုနိုင်တဲ့ မိန်းမတစ်ယောက်မျိုး အဖြစ်မခံနိုင်ပေ။

ထက်မြက်သွက်လက်တဲ့ မိခင်ကောင်းတစ်ယောက်ပဲ ဖြစ်စေချင်မိသည်။

အရိပ်က ပုံစံသွင်းလို့မရ ...

သူ ...

စိတ်ပျက်နေမိသည်။

"ကိုကို"

အရိပ် ရောက်လာသည်။

"ထမင်းစားတော့မလား"

ပုံသေလုပ်စရာရှိတာကို တာဝန်အရ အရိပ်လုပ်ပေးနေသလို ဖြစ်နေသည်။

အသက်ဝင်မှု မရှိ။

အေးစက်နေတဲ့ အရိပ် မျက်ဝန်းတွေကို သူအားမရပေ။

"ကိုကို ... ကျွန်မ ထမင်းပွဲပြင်လိုက်ရတော့မလား"

သူမ စိတ်ပူသွားမိသည်။

ကိုကို့ ဆန္ဒတွေကို ကျွန်မ လိုက်လျောဖြည့်စွမ်းပေးချင်ပါတယ် ...

ဖေဖေ့ကြောင့်ပါ ...

ကျွန်မဘဝမှာ ဖေဖေ့အရိပ်ကလွဲပြီး တခြားမှီခိုတွယ်တာ စလမ်း မဲ့နေတယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com



လေးလေးဆီ ပြန်ပို့ခံရမှာ အကြောက်ဆုံးပင်။

ပြီးတော့ ...

ကျွန်မ ကိုကိုနဲ့ မခွဲနိုင်ဘူး။

ဝေးရမှာ ကြောက်တယ် ...

ဖေဖေက ကျွန်မကို ဘာအခွင့်အရေးမှ မယူရဘူးလို့ တင်းကျပ်စွာ တားမြစ်ထားတယ် ...

ကိုကိုရယ် ...

ကျွန်မကို စိတ်ကုန်နေပြီလား ...

စိတ်ပျက်နေပြီလားဟင် ...

"ကိုကို"

"ငါ ထမင်းမစားဘူးလို့ ပြောထားပြီးပြီပဲ အရိပ် ... မင်းဘာမှ ထပ်ပြီး မေးနေစရာမှ မလိုတာပဲ"

"ကိုကို ထမင်းစားလာတာ ဟုတ်ရဲ့လားလို့ပါ"

"အဲဒါ မင်းကိစ္စ မပါဘူး ... ငါ့ကို ထမင်းဟင်းချက်ကျွေးလောက်ပဲ မင်းမှာ တာဝန်ရှိတယ်လို့ ထင်နေလား"

မင်းရဲ့ စက်ရုပ်တစ်ရုပ်လိုပဲ အသက်မပါဘဲ လှုပ်ရှားနေတာမျိုးတွေကို ငါ အမြင်ကတ်ဆုံးပဲ ပန်းအရိပ် ...

သူတို့တွေလို မိခင်ရဲ့ အကြင်နာမေတ္တာ ပြုစုယုယမှုတွေကို မရခဲ့ပေ။

ဖခင်နှင့် မိခင်ရဲ့ အိမ်ထောင်ရေးသည် အေးချမ်းသာယာ





ရှိခဲ့ပေ။

မေမေသည် အနှိမ်ခံဘဝ သက်သက်ဖြင့်သာ အိမ်ထောင်ရေးကို ဖြတ်သန်းခဲ့ရသည်။

"မေမေဟာ ဘာအစွမ်းအစမှ မရှိတဲ့ မိန်းမ ... သားသမီးတွေရဲ့ဘဝကို ဘာတစ်ခုမှ မဖြည့်စွမ်းပေးနိုင်ခဲ့ဘူး"

အရိပ်က မေမေ့လို ဘဝမျိုးကို တစ်ထပ်တည်း ပုံစံဝင်ချင်နေသည်။

ညှိုးဖျင်းလွန်းတယ် ...

ဒီလောက် ညှိုးဖျင်းလွန်းတဲ့ မိန်းမတစ်ယောက်နှင့် ဘဝတစ်လျှောက်လုံး လက်တွဲရမလား ...

မဖြစ်နိုင်ဘူး ...

အရိပ်ကို မပေါင်းတော့ဘူး ...

ရင်သွေးလေးတွေ မွေးဖွားလာမှာကိုလည်း သူစိုးရိမ်နေသည်။

"မင်း ထွက်သွားလေ အရိပ် ... နောက်တစ်ခါ ငါ မခေါ်ဘဲ ငါ့အနားကို မင်း ... လာစရာမလိုဘူး"

အရိပ် ထွက်သွားသည်။

ဖေဖေနှင့် မေမေတို့ရဲ့ အိမ်ထောင်ရေးမျိုး ရှောင်နိုင်ရမလိုသားပေ။

သားသမီးမျိုးဆက်တွေလည်း အရိပ်လို မိန်းကလေး တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့် ဘဝကို မဆက်လိုတော့ ...

"သား"

"ဗျာ ... မေမေ"

မေမေ ပြန်၍ဝင်လာသည်။

သူတို့ကိစ္စတွေနှင့် ပတ်သက်ပြီး မေမေ ဘယ်တော့မှ ဝင်ရောက်ပြောဆိုခြင်း မရှိခဲ့ပေ။

"မေမေ"

"မင်းတို့ဖေဖေလို အရိပ်အပေါ် မရက်စက်စေချင်ဘူး သား"

"အရိပ်က ဖေဖေ သွင်းတဲ့ပုံစံ ဝင်နေတယ် မေမေ"

"အဲဒါ ... မင်းဖေဖေကြောင့်ပါ သား"

"ဗျာ"

"အရိပ်ဘဝ မေမေ့ထက်တောင် ဆိုးဝါးတဲ့ အခြေအနေပါ သား"

ဒေါ်နှင်းစက်ကလည်း အရိပ်အတွက် ရင်ထဲမှာ မခံစားနိုင်လောက်အောင် ဖြစ်ရသည်။

အရိပ်လေးကို သနားတယ် ...

မိမိလို ဘဝမျိုး အဖြစ်မခံနိုင်။

"မင်းအဖေက အရိပ်ကို ရွေးချယ်တာလေ ... အရိပ်လေး ဘဝက ကိုယ်ပိုင်ဆုံးဖြတ်ချက် ဘာတစ်ခုမှ မရှိဘူး။ သူ့လေးလေး ပြန်သွားရမှာ"





သူမ ဘဝရဲ့ ငရဲတွင်းပဲ ...

မေမေက အရိပ် အကြောင်းတွေကို ပြောပြနေသည်။

"မင်း ဖေဖေက မေမေ့ကို တမင်သက်သက် ညှဉ်းပန်း နှိပ်စက်နေတယ် ... နှိမ်ချဆက်ဆံနေတယ်သား"

မေမေ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံလာသည်။

"အရိပ်ကို သားက နှိပ်စက်ညှဉ်းပန်းမလို့လား"

"မဟုတ်ပါဘူး မေမေ ... သား ဖြစ်စေချင်တာတွေ အရိပ်က လိုက်နိုင်ဘူး ... အရိပ်ဘဝကို မြေတောင်မြှောက်ပေးနေတာ အရိပ် လက်မခံဘူး"

"မင်းအဖေကြောင့်ပဲ သားရယ် ... မင်းရဲ့ဇနီးမယား တစ် ာက်အနေနဲ့ အခွင့်အရေးယူတာနဲ့ အရိပ်ကို သူ့လေးလေးဆီ ို့မှာလေ"

အရိပ် ကြောက်ရွံ့တုန်လှုပ်နေတာ ဖေဖေကြောင့်ဟု မေမေ ပြောသည်။

"မင်းအဖေကို မင်းကိုယ်တိုင်တောင် မဆန့်ကျင်ဘူး မဟုတ် "

မေမေ ပြောတာလည်း ဟုတ်သည်။

အရိပ်ကိုပဲ သူက သဲသဲမဲမဲ ရန်လိုနေသယောင် ဖြစ်နေ၏။

အထင်အမြင် သေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားတို့ဖေဖေလို တစ်ကိုယ်ကောင်း မဆန်ပါနဲ့ ... အဌ
မကြီးပါနဲ့ သားရယ်"

အရိပ်အပေါ် သူ မာကျောခက်ထန်စွာ ပြောဆိုဆက်ဆံေ
တာတွေကို သူ နောင်တတွေ အတော်လေးရသွားသည်။

သူတို့ မှားနေတာ ...

ဖေဖေကြောင့် အရာရာကို အရိပ် ကြောက်ရွံ့နေတယ်
တာ သိလိုက်ရသည်။

"အရိပ်က သားကို ရွေးချယ်တာမှ မဟုတ်တာ ... သာ
ဖေဖေက သားအတွက် အရိပ်လို သူထားရာနေ စေရာသွားမဲ့ 
နွမ်းနွမ်း မိန်းကလေးတစ်ယောက်ကို ရွေးချယ်ခဲ့တာပဲ"

အရိပ်ရယ် ...

မင်းဟာ သနားစရာကောင်းလွန်းတဲ့ မိန်းကလေး တ
ယောက်ပဲ။

ကိုကို မှားတယ် ...

ဖေဖေကြောင့် အရိပ်အရာအားလုံးကို ကြောက်နေရသည်

ကိုကို သိသင့်တယ် ...

"မေမေ ... သားမှားပါတယ်၊ အရိပ်ကို သား အခုပဲသွား
တောင်းပန်လိုက်ပါ့မယ်"

"ကောင်းတယ်သား ... အပြစ်မဲ့တဲ့ မိန်းကလေးတ
ယောက်ကို အဓိပ္ပာယ်မဲ့ မနှိပ်စက်ချင်ပါနဲ့"





သူ ...

အရိပ်ဆီ ရောက်လာခဲ့သည်။

ချောင်လေးမှာ ထိုင်ပြီး၊ အရိပ် မျက်ရည်တွေ ကျနေ၏။

"အရိပ်"

"ဟင်"

သူ့ကို တွေ့လိုက်သည်နှင့် အရိပ် အထိတ်အလန့်ဖြင့် မော့
ကြည့်လိုက်သည်။

"မင်း ... ငိုနေတယ်"

"ဟို ... ဟို"

အရိပ်က မျက်ရည်တွေကို သုတ်သည်။

"ဘာဖြစ်လို့ ငိုရတာလဲ ... အလွယ်တကူ စိတ်ပျက်
အားလျှော့တတ်တာကို ကိုကို သဘောမကျတာဘဲ အရိပ်"

အရိပ်ဘေးတွင် သူ ဝင်ထိုင်လိုက်သည်။

ထပြေးဖို့ ဟန်ပြင်လိုက်တဲ့ အရိပ် ကိုယ်လုံးလေးကို သူ
ဆတ်ခနဲ ပက်ထားလိုက်၏။

"ဟင်"

အရိပ် ကြောက်လွန်း၍ အသားလေးတွေပင် ဆတ်ဆတ်
ခုန်နေသည်။

"ဖေဖေ့ကို အရိပ် ကြောက်နေတာလား"

အရိပ် ဘာမှ မပြောပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ ကြောက်စရာမလိုဘူး အရိပ် ... ကိုကို့ဇနီးဖြစ်နေပြီ
အရိပ်ကို စိတ်အနှောက်အယှက်ဖြစ်အောင် လုပ်မိတာ ကိုကို
တောင်းပန်ပါတယ်ကွာ ... နော် ... "

အရိပ်ကတော့ အထိတ်တလန့် ဖြစ်နေမိသည်။

ကိုကို့ဆီက ချစ်ခြင်းမေတ္တာတွေကို အရိပ် အမြဲတမ်း မျှော်
လင့်နေခဲ့တာပါ။

ဒါပေမဲ့ ...

အရိပ် မမျှော်လင့်ရဲပါဘူး။

ဖေဖေက ရှိနေသေးသည်။

အရိပ်ကို အခွင့်အရေး ယူတာနှင့်ကိုကိုနှင့် ခွဲပစ်မည်တဲ့

"အရိပ်"

"ဟင်"

"ကိုကို ဇနီးမယားအဖြစ် အရိပ်ဘဝကို တင့်တယ်စေ
တယ်"

"ဟို ... ဟို"

"ဖေဖေ့ကြောင့်လား အရိပ်"

"အင်း"

သူ ချစ်ဇနီးမျက်နှာလေးကို မြတ်နိုးစွာ ကြည့်မိသည်။

ရိုးသားတာ အထင်သေးစရာမဟုတ်ဟု သူ့စိတ်ထဲမှာ တေး
နေမိသည်။





အရိပ်ကိုယ်လေးကိုတင်းကျပ်စွာ ဖက်ထားလိုက်မိ၏။

"ကိုကို အရိပ်ကို ချစ်တယ် ... အရမ်းချစ်တယ် အရိပ် ...
ဘာမှ အားမငယ်နဲ့နော် ... ဖေဖေ့ရှေ့မှာ ကြောက်ချင်ယောင်
ဆောင်နေပေါ့ ... အခု ... ဖေဖေမှ မရှိတာဘဲ၊ အရိပ် ကိုကို့ကို
ချစ်တယ် မဟုတ်လားဟင်"

"ကျွန်မ ... ကျွန်မ ... ကိုကို့ကို သိပ်ချစ်ပါတယ် ... ကိုကိုနဲ့
ဝေးရမှာ ကြောက်နေတယ်၊ ဖေဖေ့စကားတွေကို တစ်သဝေမတိမ်း
နားထောင်ခဲ့တာ ကိုကိုနဲ့ ဝေးရမှာ ကြောက်လို့ပါ ကိုကိုရယ်"

"အရိပ်ရယ်"

အရိပ်ကိုယ်လေးက သူ့ရင်ခွင်ထဲသို့ မှီတွယ်အိကျလာသည်။

သူ တင်းကျပ်စွာ ပွေ့ဖက်ထားပစ်လိုက်မိ၏။

အရိပ် မျက်နှာလေးကို ကြင်နာစွာ နမ်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၀ )

အရိပ်ကို ချစ်မြတ်နိုးပြီဖြစ်ကြောင်းပြောသောအခါ ညို မျက်ဝန်းတွေထဲမှာ ဝမ်းသာပျော်ရွှင်မှုတွေ ဝင်းလက် တောက်ပသွားသည်။

"အပြစ်မဲ့တဲ့ မိန်းကလေးတွေအပေါ် ကိုကိုတို့ ယောကျ်ားတွေက အနိုင်မကျင့်သင့်ဘူး ညို"

ကိုကို ဘာကိုရည်ရွယ်ပြောနေကြောင်း ရောင်စဉ် သိလိုက်ပြီ ဖြစ်သည်။

မဟေသီကို ပြောနေတာပါ။

ရောင်စဉ့် စိတ်ထဲတွင် မဟေသီကို စိမ်းနေဆဲပင် ဖြစ်သည်။

မချစ်ခဲ့ ...

ဘာဖြစ်မှန်းမသိပေမဲ့ ချစ်သူတစ်ယောက်ကဲ့သို့ ကြင်ကြင်နာနာ ရင်းရင်းနှီးနှီး ဆက်ဆံ၍ မရသေးဘဲ ဖြစ်နေသည်။





"မေမေက အရိပ်ကို သားတို့က ရွေးချယ်တာတဲ့ ... အရိပ်မှာ ဘာအပြစ်ရှိလို့ မုန်းတီးနေရတာလဲတဲ့ ... အရိပ်က ဖေဖေ့ကို ကြောက်ရတော့ ကိုကို အရေးပေးပေမဲ့ ဘာအခွင့်အရေးမှ မယူရဲဘူး ဖြစ်နေတယ်"

ကိုကို ပြောနေတာက မဟေသီကိုလည်း ညို ရွေးချယ်တာလို့ ပြောချင်တာ မဟုတ်လား ...

"ညို"

"ကိုကို"

"မင်း မိန်းမကိုခေါ်ပြီး မေမေနဲ့ လာတွေ့ပါလား ... အိမ်မှာ ဖေဖေမှ မရှိတာ၊ မေမေက မင်းကို အရမ်းတွေ့ချင်နေတယ် ညို"

မေမေ့ကိုတော့ သူ တွေ့ချင်စိတ်တွေ ပြင်းပြနေမိသည်။

သူတို့အတွက် အနစ်နာခံလွန်းသော မေမေ မဟုတ်လား။

"မေမေ့ကို ခေါ်ထားဖို့ ညို ကြိုးစားနေတာ ... မကြာခင် အောင်မြင်တော့မယ် ကိုကို"

မေမေ့ကို ခေါ်ထားမယ် ...

စိတ်သောက ကင်းဝေးစွာ မေမေ ဘဝတွေကို ရှေ့ဆက်ဖြတ်သန်းစေရမယ်။

"မေမေ ... နေကောင်းလား"

"ကောင်းပါတယ် ... အမြဲတမ်း စိတ်ဓာတ်ကြံ့ခိုင်ခဲ့တဲ့ မေမေဟာ ... မင်းအတွက် နည်းနည်းတော့ ချုံးကျသွားတယ် ရောင်စဉ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မေမေ့ကို လာတွေ့နိုင်အောင် ကြိုးစားပါ့မယ် ကိုကို ... ဖေဖေ့ကိုလည်း ဆေးခန်းမှာပဲ ဆေးကုသမှုဆက်ပြီး ခံယူပါဦးလို့ ... ကိုကို ဖျောင်းဖျပါဦး"

"ဖေဖေက ခေါင်းမာတယ် ... ကိုကိုလည်း ပြောနေတာပဲ၊ အရိပ်ကိုတောင် ဖေဖေ့ရှေ့မှာ သိပ်အရေးမပေးရဲသေးဘူး ညီ"

"မေမေ့ကို ပြောလိုက်ပါ ... ညီ လာတွေ့မယ်လို့"

"မေမေ့ကိုတော့ ညီလာတွေ့ပါ ... သားငယ်ကို အရမ်းတွေ့ချင်နေတယ် ... ဖေဖေ မရှိတုန်း မဟေသီကိုပါခေါ်ခဲ့ပြီး ... ညီ လာတွေ့စေချင်တယ်"

မဟေသီကိုလည်း ညီမလေး တစ်ယောက်အဖြစ် သတ်မှတ်ထားမိသည်။

စိတ်သဘောထား ဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ပဲ ဖြစ်၏။

ညီကိုလည်း ချစ်သည်။

သံယောဇဉ်ကြိုးစွာဖြင့် အနစ်နာခံသော မဟေသီပင်။

"ကိုကို သွားမယ်"

ကိုကို ထွက်သွားသည်။

အရိပ်ကို ချစ်မြတ်နိုးတယ်ဆိုတဲ့ ကိုကိုရဲ့စကားကို ကြားတော့ သူ ဝမ်းသာမိသည်။

ရောင်စဉ် ဖြစ်စေချင်တာပဲ ...

"ကိုကိုတို့ဟာ မေမေ ရှိနေပါလျက်နဲ့ မိခင်ရဲ့ အကြင်နာ





အယုယကို မခံစားခဲ့ရဘူး ညီ ... ဖေဖေက ရက်စက်လွန်းတယ်၊ ကိုညီအစ်ကို ရင်ထဲမှာ တစ်ခုခု လစ်ဟာနေသလိုပဲလေ"

ကိုကိုတို့ သားစဉ်မြေးဆက် ထိုအဖြစ်မျိုးတွေ ရင်မဆိုင်စေချင်ဘူး။

ညီ တွေဝေနေမိသည်။

မဟေသီ ...

ချမ်းသာကြွယ်ဝတဲ့ မိန်းကလေး ...

သူကိုလည်း ချစ်မြတ်နိုးလွန်းသော မိန်းကလေး ဖြစ်နေသည်။

သူ ...

မှားတယ် ...

မေမေ့လို မိခင်မျိုး မဟေသီကို ရောက်သွားအောင် သူ တွန်းပို့နေသလို ဖြစ်နေရသည်။

အိမ်ပြန်လာခဲ့၏။

မဟေသီ အိမ်ရာထဲမှာ လဲနေတာတွေ့ရတော့ သူစိတ်ပူသွားသည်။

မိန်းမနှင့် ပတ်သက်လာလျှင် သူ အရေးအရာ မလုပ်ဘဲ့တာကြာပြီ။

"မဟေသီ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ...

ထသည်။

"အား ... "

ခေါင်းက မထူနိုင်အောင် မူးသွားသဖြင့် ပြန်လှဲနေရသည်။

"မဟေသီ ... မင်းဘာဖြစ်တာလဲ ... နေမကောင်းဘူးလား မောင့်ကို ပြောစမ်း"

မောင်တဲ့ ...

မဟေသီခေါင်းလေး ထောင်မတ်လာရတော့သည်။

"ကျွန်မ ... ကျွန်မ ခေါင်းတွေ တအားမူးနေတယ် ... ဆေး ရှိုးနော် မောင် ... ကျွန်မ ဘာမှမဖြစ်ပါဘူး၊ မောင် ထမင်းစားတော့ မလားဟင်"

"မဟေသီ ... မင်း ဆေးခန်းမပြဘူးလား"

"ပြတယ်မောင်"

"ဘာပြောလဲ ... "

"ဟို ... ဟို ... ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီတဲ့"

"ဟား"

မောင်သည် ဝမ်းသာအားရနှင့်သူမအား သိမ်းကျုံးဖက်ထား သည်။

သူမ အံ့ဩတုန်လှုပ်စွာဖြင့် မောင့်ကို ငေးစိုက်ကြည့်မိ

ရင်သွေးလေး ရှိတာသိလျှင် မောင် စိတ်ညစ်သွားမည် ဟု သူမ ထင်မှတ်ထားမိခဲ့သည်။





အခုတော့

မောင်က ပျော်ရွှင်ဝမ်းသာနေ၏။

သူမကိုယ်လုံးလေးအား တင်းကျပ်စွာ ပွေ့ဖက်ထားခဲ့ သည်။

လက်ထပ်ပြီးကတည်းက မောင်သည် သူမအား အရေး တယူမလုပ်ခဲ့ပေ။

သူမ ဝမ်းသာအားရနှင့် မောင့်ရင်ခွင်ထဲ တိုးဝင်ဖက်တွယ် ထားမိသည်။

"ကျွန်မမှာ ရင်သွေးလေးရှိနေတာ မောင်သိရင် စိတ်ညစ် စိတ်ပျက်သွားမယ်လို့ ထင်မိတာပါ"

"မောင် မှားပါတယ် မဟေသီရယ်၊ အပြစ်မဲ့တဲ့ မဟေသီ ကို မောင် နှိပ်စက်ညှဉ်းပန်းခဲ့တယ်၊ မောင် ယောကျ်ားမပီသခဲ့ တာပါ"

မဟေသီကို သူကိုယ်တိုင် ရွေးချယ် လက်ထပ်ခဲ့သည်။

အပြစ်မဲ့သော မဟေသီကို မုန်းတီးစွာ အထင်သေးမိ၏။

"တကယ်တော့ မဟေသီက အပြစ်မဲ့ပြီး မောင့်ကို သိပ်ချစ် တဲ့ မိန်းကလေးပါ"

"မောင်ရယ်"

ကျွန်မ ဝမ်းသာလိုက်တာ ...

မောင့်အချစ်တွေကို တစ်နေ့ ရယူပိုင်ဆိုင်မှာပဲလို့ ကျွန်မ မျှော်လင့်ခဲ့တာ အခုတော့ ဖြစ်ခဲ့ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးခန်းပြရအောင် မဟေသီ ... ပြီးတော့ မေမေ့ဆီသွားမယ်၊ ဖေဖေ ဆေးရုံမှာ ရှိနေတုန်း မေမေ့ကို ခဏလောက် သွားတွေ့ရအောင်"

"ကျွန်မ နေကောင်းသွားပါပြီ မောင် ... အရင်က ကျွန်မ အရမ်းအားငယ်နေခဲ့တာပါ။ အခုတော့ ... မောင်ရဲ့ ချစ်ခြင်းမေတ္တာတွေက ကျွန်မအတွက် အင်အားတွေ ဖြစ်သွားရပါပြီ မောင်ရယ်"

သူမ အင်အားပြည့်ဝသွားပြီး ထလိုက်မိသည်။

နည်းနည်းယိုင်သွားသဖြင့် မောင်က အထိတ်အလန့်နှင့် ထွေးပွေ့ခဲ့၏။

"ဖြည်းဖြည်းလုပ်ပါ မိန်းမရယ် ... မောင်တို့ရင်သွေးလေးကိုလေ ဖခင်မေတ္တာရော မိခင်မေတ္တာပါ အပြည့်အဝရအောင် ဖြုစောင့်ရှောက်ရမယ်"

"အင်း"

"မေမေ့ကို သွားတွေ့ကြရအောင်နော် မဟေသီ"

"ဖေဖေ့ကို ကြောက်တယ် မောင် ... ဖြစ်ပါ့မလား"

"ဖေဖေက ဆေးရုံမှာ ရှိနေတယ်လေ၊ မေမေ့ကို မြေးရတော့မယ်ဆိုတဲ့ အကြောင်းနဲ့ ချွေးမချောချောလေးကို သွားပြမလို့"

မောင့်ဖေဖေက အတ္တကြီးပြီး တစ်ကိုယ်ကောင်းဆန်သည်ဟု မာမီက ပြောသည်။

မဟေသီကိုလည်း မုန်းနေ၏။





"မေမေက အရမ်းသနားစရာ ကောင်းတဲ့ မိန်းမတစ်ယောက်ပဲ မဟေသီရယ် ... မောင်တို့နဲ့အတူတူ ခေါ်ထားဖို့ မောင်ကြိုးစားနေတယ်"

"ကောင်းတယ် မောင် ... မေမေရှိတော့ ကျွန်မ အားရှိတာပေါ့"

မေမေနှင့် တွေ့ဖို့ သူ့ အိမ်ကို ပြန်လာခဲ့သည်။

ကိုကိုလည်း ရှိနေ၏။

"မေမေ"

"ဟင် ... သားငယ်လေး"

သားငယ်အား တွေ့လိုက်ရသဖြင့် ဒေါ်နှင်းစက် ဝမ်းသာအားရ ဖြစ်သွားရသည်။

မတွေ့တာ ကြာ၍လားမသိ ပိုပြီး ရင့်ကျက်တည်ငြိမ်သွားသည်ဟု ထင်မိ၏။

"ဒါ သားမိန်းမလေ မေမေ၊ မဟေသီတဲ့၊ အခု မေမေ့မြေးသားတောင် မဟေသီမှာ ရှိနေပြီ"

"ဟုတ်လား ... မေမေ ဝမ်းသာလိုက်တာကွယ်၊ တစ်ခုတော့ မေမေ မှာချင်တယ်၊ မိသားစုတွေ ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင်နဲ့ ဘဝကို တည်ဆောက်ကြဖို့ အထူးသဖြင့် ယောကျ်ားလေးတွေက ပိုပြီး တာဝန်ရှိတယ်၊ သမီးလေးကို သား ချစ်ချစ်ခင်ခင် ဆက်ဆံနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေမေ"

"သမီးကတော့ မေမေ့ကို အရမ်းကျေးဇူးတင်တာပဲ ... မေမေ့ရဲ့အဆုံးအမနဲ့ မောင်က အိမ်ထောင်ဦးစီးရဲ့တာဝန် ပိုပြီး ကျေပွန်လာတယ် ... သမီးကိုလည်း ပိုချစ်လာတယ်လေ"

"မေမေ သားတို့နဲ့လိုက်နေနော် ... အသက်ကြီးပြီ၊ စိတ် အေးချမ်းသာ နေသင့်ပါပြီ"

"နောက်တော့ မေမေ လာနေပါ့မယ်၊ လောလောဆယ် တော့ မဖြစ်သေးဘူး သားရယ်၊ အရိပ်လေး ရှိနေသေးတယ်"

အရိပ်ကို မပြီး ကိုအဋ္ဌ နှိပ်စက်မှာကိုလည်း စိတ်ပူရသေး သည်။

"မေမေ သားတို့ ကန်တော့ပါတယ် ... ပြန်တော့မယ်နော်"

"အေး ... အေး"

သူတို့ ပြန်တော့မည့်အလုပ်တွင် မမျှော်လင့်ဘဲ ... ရောက်လာတော့သည်။

ဆေးခန်းကနေ ကိုယ့်သဘောနဲ့ကိုယ် ဖေဖေ ပြန်ဆင်း ခြင်းဖြစ်၏။

"မင်း ... မင်း ... ဘာဖြစ်လို့ ဒီရောက်နေတာလဲ၊ မင်း ... မင်း ... ငါ့သား မဟုတ်ဘူး ... ဒီမိန်းမယုတ်မရဲ့ သမီး ... ဘာဖြစ်လို့ ငါ့အိမ်လာရတာလဲ၊ ထွက်သွားစမ်း ... အခုချက်ချင်း ပြန်ထွက်သွားစမ်း"

ဖေဖေသည် ဒေါသတကြီးနှင့် အော်ဟစ်နေတော့သည်။

"ဖေဖေ သတိထားပါ၊ ဖေဖေ အသက်လည်း ကြီးပါပြီ၊ ကျန်းမာရေးလည်း မကောင်းတာ၊ မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင် နေသင့်ပါပြီ"

ရောင်နီကတော့ ဖေဖေ့ကို ဖျောင်းဖျနားချနေမိသည်။

"မရဘူး၊ ငါ လက်မခံဘူး၊ ငါ့စကား နားမထောင်တဲ့ ကောင်၊ ငါ့သားမဟုတ်ဘူး ... မင်း ငါ့ဆီကနေ ဘာမှ မျှော်လင့်မနေနဲ့၊ ငါ အသက်ရှင်နေသရွေ့ မင်းကို ခွင့်မလွှတ်ဘူး"

ညီကတော့ ဖေဖေနှင့် ဆန့်ကျင်ဘက် ပြောမနေတော့ဘဲ ငြိမ်သွားသည်။

"မင်း ... မင်း ... ဘာကြီးကျယ်ခမ်းနားနေတာလဲ၊ မင်း ... သားကို မင်းခေါ်တွေ့ရအောင် ဒီအိမ်က မင်းအိမ်လား နှင်းစက်"

မေမေကတော့ ခေါင်းငုံ့ခံပြီး ငြိမ်သက်နေသည်။

ယောကျ်ားကို ဘယ်တော့မှ ခွန်းတုံ့မပြန်တတ်သော မိန်းမ ... ယောက်ပါပဲ။

"မင်း ဘဝမေ့နဲ့ နှင်းစက် ... ဆင်းရဲငတ်ပြတ်နေတဲ့ဘဝက ... ကို ကယ်တင်လာတာ၊ မင်း အိမ်ပေါ်က ဆင်းသွားစမ်း၊ အခု ... ချင်း အိမ်ပေါ်ကနေ ဆင်းသွားစမ်း"

မေမေ့ကို ဒေါသတကြီးနှင့် အိမ်ပေါ်ကနေ မောင်းချ ... သည်။

"ဖေဖေ သား တောင်းပန်ပါတယ်၊ မိသားစု ပျော်ပျော်ပါးပါး







www.burmeseclassic.com

www.burmeseclassic.com



နေကြရအောင်နော် ... ဖေဖေ ကျန်းမာရေး မကောင်းဘူး မဟုတ်လား။ စိတ်ကို လျှော့ပါ ဖေဖေ”

“မလျှော့ဘူး ... ငါဘယ်တော့မှ မလျှော့ဘူး၊ မင်း ... မင်းရော ငါ့စကားကို နားမထောင်ဘူး ... မင်း ... မင်း”

“ဖေဖေ”

“အား ... ကျွတ် ... ကျွတ်”

“ဖေဖေ”

“ဖေဖေ”

ဖေဖေ ရင်ဝကိုဖိရင်း လဲကျသွားတော့သည်။

“ဖေဖေ”

“ဖေဖေ”

ဖေဖေ့ကို ပွေ့ချီပြီး ဆေးခန်းသို့ အမြန်ဆုံးပို့ပေးခဲ့ရသည်။

အတ္တကြီးလွန်းသော ဖေဖေ ...

တစ်ကိုယ်ကောင်းဆန်လွန်းသော ဖေဖေ ...

အရာအားလုံးကို ဖေဖေ့အမိန့်ဩဇာအောက်မှာသာ ဖြ... ပြားဝပ်ဝပ် ရှိနေစေချင်ခဲ့တာ ဖေဖေ့ မာန်မာနတွေသည် သေ... တရား၏ ခေါ်ဆောင်သွားခြင်း ခံလိုက်ရသည်။

ဖေဖေ အသိ ပြန်မလည်လာတော့ ...

အသက်ဝိညာဉ် ကင်းမဲ့သွားပြီ ဖြစ်သည်။

ဆရာဝန်တွေ ခွင့်ပြုချက်မရဘဲ ဆေးရုံကနေ ဖေဖေ ... သဘောနှင့်ကိုယ် ပြန်ဆင်းလာ၏။





စီးပွားရေး လုပ်ငန်းတွေတင်မက ...

မိသားစုအရေးအခင်းတွေကို မာန်မာနကြီးစွာ ကိုယ့်ဆန္ဒအတိုင်းသာ ပြုမူလုပ်ဆောင်လိုခဲ့သည်။

အမုန်းတွေ ...

နာကြည်းမှုတွေနှင့် အငြိုးအတေးကြီးသော ဖေဖေရဲ့ဘဝချုပ်ငြိမ်းသွားပြီ ဖြစ်သည်။

“ကိုအဂ္ဂ ... ရှင် နောက်ဘဝအဆက်ဆက် စိတ်ရှုပ်ထွေးညစ်ညူးစရာကောင်းတဲ့ မာန်မာနတွေ ရှင့်ဆီမှာ ကင်းမဲ့နေပါစေ”

ဖေဖေ အသုဘတွင် မေမေသည် ကြေကွဲစွာဖြင့် ပြောခဲ့သည်။

သူတို့ အိမ်ထောင်ရေးတွေအတွက် သံဝေဂ ရစရာဟုပင်တွေးနေမိ၏။

အလှူအတန်းနည်းသော ဖေဖေ့အား ရည်စူးပြီး အလှူဒါနတွေလုပ်ဖို့လည်း မေမေနှင့်သူတို့မိသားစုတွေ ဆုံးဖြတ်ခဲ့ကြသည်။

မေမေ့ကို စည်းစိမ်ဥစ္စာတွေ မခံစားစေရဘဲ နှိမ်ချဆက်ဆံခဲ့သော ဖေဖေသည် သူပိုင်ဆိုင်သော အရာအားလုံးကို ထားရစ်ခဲ့ရ၏။

“အစ်ပို”

“ကိုကို”

“ဖေဖေ့အတွက်တော့ စိတ်မကောင်းစရာပဲကွာ၊ ကိုကိုတို့တွေ အများကြီး သင်ခန်းစာယူရမယ်”



www.burmeseclassic.com

www.burmeseclassic.com



"အရိပ်လည်း ဖေဖေ့အတွက် စိတ်မကောင်းပါဘူး ကိုကို ရယ်"

"အရိပ်လည်း ကိုကို ဖြစ်စေချင်တဲ့ပုံစံမျိုး နေပြရမယ်နော် အရိပ် ဘွဲ့တစ်ခုခုရအောင် ကြိုးစားရမယ် … ပြီးတော့ ကိုကို့ လုပ်ငန်းတွေမှာ ဝင်ကူညီရမယ်"

မိသားစု ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်ရေးကို တည် ဆောက်ရမည် ဖြစ်သည်။

"အရိပ်ဘဝက ကိုကိုနဲ့ မတန်ဘူး ထင်တယ် … အခု ဖေဖေမှမရှိတော့တာပဲ ကိုကို၊ အရိပ်နဲ့ကိုကို ကွာရှင်းပြတ်စဲဖို့"

"ဟာကွာ … ဒီကောင်မလေး၊ ဘာတွေ လျှောက်ပြောနေ တာလဲ … ကိုကိုက အရိပ်ကို မခွဲနိုင်အောင် ချစ်မိပြီ၊ ဘယ်တော့မှ မခွဲတော့ဘူး"

"ကိုကိုရယ်"

အရိပ်သည် ကိုကို့ရင်ခွင်ထဲ တိုးဝင်ကာ ဖက်တွယ်ထားမိ သည်။

ဘဝမှာ အင်အားတွေ အပြည့်နှင့် ကိုကို့ ပါရမီဖြည့်ဖက် အဖြစ် ကြိုးစားသွားဖို့ အရိပ် ဆုံးဖြတ်ထားပြီးဖြစ်၏။

နူးညံ့ညင်သာသော အနမ်းဖွဖွလေးတွေက သူမနဖူးပြင် လေးပေါ် အဆက်မပြတ် ကျရောက်နေသည်။

သင်မြဖါနီး

BURMESE CLASSIC

www.burmeseclassic.com